ဆံ

# စံပယ်ဖြူ

အမျိုးသမီးမဂ္ဂဇင်း



## ဝိုးဝိုးခင်းလျူ

(၁၉၄၄-၁၉၉၀)

အမှတ်တရ

# စိန်တစ်ပွင့်
# မိုးမိုး(အင်းလျား)

မိုးမိုး(အင်းလျား) ၅၉နှစ်ပြည့် အမှတ်တရ

မြန်မာအီးဘုခ် စာတည်းအဖွဲ့
စီစဉ်သည်။

မြန်မာ အီးဘုခ် ၁
၂၀၀၃၊အောက်တိုဘာ ၉

**သရုပ်ဖော်ပုံများ**

မိုးမိုး(အင်းလျား)ပုံတူပန်းချီလက်ရာများ (မမွေး စာ ၃၀၊ လှထွန်းအောင် စာ ၅၆၊ မျိုးညွန့် စာ ၇၀၊ မုတ်သုန် စာ ၁၂၂)၊ ဝတ္ထုသရုပ်ဖော်ပုံများ ( ဦးကိုလေး စာ ၉၆၊ ပန်းချီ ကျော်သောင်း ၁၁၀)၊ စပယ်ဖြူ မဂ္ဂဇင်း [မိုးမိုး (အင်းလျား) အမှတ်တရ] မျက်နှာဖုံး စာ ၁၂၄

## စီစဉ်သူ့အမှာ

မိုးမိုး (အင်းလျား) ရဲ့ ၅၉နှစ်မြောက် အမှတ်တရအဖြစ် ဖော်အဲဗား စပေ့စ်ဒေ့ါကွမ်းရဲ့ အွန်လိုင်း သတင်းစာစောင် စာမျက်နှာများပေါ် မှာ အောက်မေ့ဖွယ် စာမျက်နှာအဖြစ် စီစဉ်တင်ဆက်ဖို့ ဆွေးနွေးကြတဲ့ အခါ မြန်မာ အီးဘုခ် စာဖတ်သူများနဲ့ မိုးမိုး(အင်းလျား)ရဲ့ စာဖတ်ပရိသတ်အတွက် မိုးမိုး (အင်းလျား)အမှတ်တရ အီးဘုခ်စာအုပ်ငယ် တစ်အုပ် သီးသန့်စီစဉ် တင်ဆက် ပေးခြင်းအားဖြင့် ဝက်ဘ်စာမျက်နှာများရဲ့ အကန့်အသတ်ကို ကျော်လွှားပြီး စာဖတ်သူများများ အားပါးတရ ဖတ်စရာ ဖြည့်ဆည်းပေးနိုင် လိမ့်မယ်လို့ မျှော်လင့်ပြီး စိန်တစ်ပွင့် မိုးမိုး(အင်းလျား)ကို မူရင်း ဒစ်ဂျစ်တယ်စာအုပ်အနေနဲ့ ထုတ်ဝေဖို့ ဆုံးဖြတ်လိုက်ကြပါတယ်။

ဒါပေမယ့် ဒီစာအုပ်ငယ်မှာ ဖော်ပြထားတဲ့ စာများအားလုံး ပုံနှိပ် ထုတ်ဝေပြီး မူများမှ ရွေးချယ် ကောက်နှုတ်တင်ဆက်ထားခြင်းသာ ဖြစ်ပါတယ်။ စာအုပ်အနေနဲ့သာ အီးမူရင်းအဖြစ် စီစဉ်လိုက်ပေမယ့် စာများရဲ့ တကယ့်မူရင်း များက ပုံနှိပ်မီဒီယာပေါ် မှာသာ ဖြစ်ပါတယ်။

မြန်မာစာအုပ်လောကနဲ့ စာဖတ်သူများအတွက် သဲတစ်ပွင့်မျှဖြစ်စေ ဖြည့်ဆည်းပါဝင်လိုတဲ့ဆန္ဒနဲ့ အခု အီးဘုခ်ကို စီစဉ်ရခြင်းပါ။ အခြေအနေ အခွင့်အလမ်းပေါ် မူတည်ပြီး မြန်မာအီးဘုခ်စာဖတ်များအတွက် ဆက်လက် ကြိုးပမ်းသွားမှာ ဖြစ်ပြီး ဝေဖန်အကြံပြုချက်များကို ပေးပို့ပါရန် ဖိတ်ခေါ် ပါတယ်။

**မြန်မာအီးဘုခ် စာတည်းအဖွဲ့**

# ကျေးဇူးတင်လွှာ

ဒီအီးဘုခ်စာအုပ်ငယ်မှာ ပါဝင်တဲ့ ဆောင်းပါးများကို ရေးသားခဲ့တဲ့ ဆရာနတ်နွယ်၊ မြင့်သန်း၊ စိုးမြင့်လတ်တို့ကို လည်းကောင်း၊ မိုးမိုး(အင်းလျား) စာစုစာရင်းပြုစုသူ မဆွေဆွေမာကို လည်းကောင်း၊ လွမ်းစာခွေ ကဏ္ဍပါ ကောက်နုတ်ချက်များ ရယူခဲ့ရာ ဆောင်းပါးများ ရေးသားခဲ့တဲ့ ဆရာမကြီး လူထု ဒေါ် အမာ၊ စပယ်ဖြူစာတည်းအဖွဲ့၊ ခင်နှင်းယု၊ ဟိန်းလတ်၊ လေ့လာသူတစ်ဦး၊ စာပေ ဝေဖန်ရေးဆရာတစ်ဦး၊ မြန်မာစာကျောင်းသူ ဂျပန်အမျိုးသမီး မစန္ဒာဝင်းတို့ကို လည်းကောင်း၊ မိုးမိုး (အင်းလျား) မွေးနေ့ နှစ်ပတ်လည် အမှတ်တရစာကို သီးသန့် ရေးသားချီးမြှင့်ပေးသော ဆရာမ (ဒေါ်) ခင်ဆွေဦးအား လည်းကောင်း၊ စာအုပ်ငယ်အတွင်း အသုံးပြုထားသော မိုးမိုး (အင်းလျား)ရဲ့ ပုံတူပန်းချီများ ရေးဆွဲခဲ့ကြသူများ ဖြစ်တဲ့ ပန်းချီ မျိုးညွန့်၊ မုတ်သုန်၊ မမွေး၊ လှထွန်းအောင်တို့အား လည်းကောင်း၊ လိုအပ်သော စာအုပ်စာတမ်းများအား ရှာဖွေကူညီသော စာကြည့်တိုက်မှူး ဦးစိုးမြင့်သန်း (နွေသင်နိုင်) အား လည်းကောင်း၊ လိုအပ်သမျှ အကူအညီများကို ပေးအပ်ခဲ့တဲ့ မိုးမိုး(အင်းလျား)ရဲ့ ခင်ပွန်း ကိုမျိုးညွန့်(စာပေလောက)ကို လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါတယ်။

# မာတိကာ

မိုးမိုး (အင်းလျား)၏ အထုပ္ပတ္တိအကျဉ်း ၁
မိုးမိုး(အင်းလျား) စာစုစာရင်း ၃
မိုးမိုး (အင်းလျား)အကြောင်း ရေးသားသည့် စာစုစာရင်း ၁၈
မိမိနှင့် မိုးမိုး(အင်းလျား)
နတ်နွယ် ၂၉
မိုးမိုး(အင်းလျား)၏ ထုတ်ဝေပြီး စာအုပ်များ အညွှန်း ၅၅
စာဖတ်သူတို့ နှလုံးသားတွင် ထာဝရ တည်ရှိနေမည့် မိုးမိုး (အင်းလျား) နှင့် သူ့ဝတ္ထုများ
စိုးမြင့်လတ် ၇၁
မိုးမိုး (အင်းလျား)၏ တည်ဆောက်ထားသော မိန်းမများအကြောင်း
မြင့်သန်း ၇၉
အိမ်နီးချင်း
မိုးမိုး(အင်းလျား) ၉၇
သိက္ခာရှိတဲ့ မုန့်ဟင်းခါး
မိုးမိုး(အင်းလျား) ၁၁၁
လွမ်းစာခွေ ၁၂၁

## မိုးမိုး (အင်းလျား)၏ အထုပ္ပတ္တိအကျဉ်း

**မိုးမိုး (အင်းလျား)** (ခရစ် ၁၉၄၄-၁၉၉၀)။ ။ အမျိုးသား စာပေဆု လေးကြိမ်တိုင်တိုင် ရရှိခဲ့သော စာရေးဆရာမ မိုးမိုး (အင်းလျား)ကို ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်တွင် အဖ ဦးထွန်း၊ အမိ ဒေါ်မြရှင်တို့က ၁၉၄၄ခုနှစ် အောက်တိုဘာလ ၂၄ ရက်၌ မွေးဖွားသည်။ အမည်ရင်း ဒေါ်စန်းစန်းဖြစ်သည်။

ဒိုက်ဦးမြို့အစိုးရ အထက်တန်းကျောင်းတွင် စတင်ပညာသင်ကြားပြီး ၁၉၅၆ ခုနှစ်တွင် စတုတ္ထတန်း စကောလားရှစ်ဆု ရသည်။ ခုနစ်တန်း ကျောင်းသူဘဝတွင် ကဗျာများ စတင် ရေးစပ်သည်။ ကျောင်းစာကြည့်တိုက်နှင့် နံရံကပ်စာစောင် ကော်မတီများတွင် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ အထက်တန်း ကျောင်းသူဘဝတွင် ခရိုင်အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ ဆုများရရှိခဲ့သည်။

၁၉၅၆ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် သင်္ချာဘာသာအဓိကဖြင့် တက်ရောက် ပညာသင်ကြားသည်။ ပညာသင်ကြားရင်း နေထိုင်ရာအဆောင်အမည်ကို အစွဲပြု၍ မိုးမိုး (အင်းလျား) ဟူသော ကလောင်အမည်ဖြင့် ကဗျာ၊ ဆောင်းပါးများ စတင်ရေးသားသည်။ ပထမဆုံး ရွေးချယ် ဖော်ပြခံရသော ဝတ္ထုတိုမှာ ၁၉၇၂ ခုနှစ် စက်တင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းပါ “အိမ်နီးချင်း” ဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုတိုကို မြန်မာ့အသံမှ ဇာတ်လမ်းပမာ နားဆင်စရာအဖြစ်လည်း အသံလွှင့်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ပထမဆုံး လုံးချင်းဝတ္ထုရှည်ဖြစ်သော “ပျောက်သော လမ်းမှာ စမ်းတဝါး” ဝတ္ထုကို ရေးသားသည်။

ထိုစဉ်မှစ၍ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ဆောင်းပါးများကို ကွယ်လွန်ချိန်အထိ အဆက်မပြတ် ရေးခဲ့ရာ ဝတ္ထုတိုနှင့် မဂ္ဂဇင်းဝတ္ထုရှည် စုစုပေါင်း ၁၀၁ပုဒ်၊ လုံးချင်းဝတ္ထု ၂၄ ပုဒ်နှင့် ဆောင်းပါး ၅၅ ပုဒ်ခန့် ရှိသည်။

ရေးသားခဲ့သော ဝတ္ထုတိုများကို စုပေါင်း၍ “မဂ္ဂဇင်း ဝတ္ထုရှည်များ”၊ “ဝတ္ထုတိုများ(၁)”၊ “မြန်မာပြည်မှာ နေကြသည်”၊ “ထိုနေ့က မီးမလာပါ”နှင့် “မိုးမိုး (အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ(၂)”နှင့် “ဝတ္ထုတိုများ(၂)” တို့ကို စာအုပ်ထုတ်ဝေခဲ့သည်။



မိုးမိုး(အင်းလျား) သည် "ပျောက်သော လမ်းမှာ စမ်းတဝါး" လုံးချင်း ဝတ္ထုရှည်ဖြင့် ၁၉၇၄ ခုနှစ် အမျိုးသား စာပေ ဝတ္ထုရှည်ဆုကို လည်းကောင်း၊ "မဂ္ဂဇင်း ဝတ္ထုရှည်များ" ဖြင့် ၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဆုကိုလည်းကောင်း၊ "ဝတ္ထုတိုများ(၁)"ဖြင့် ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆုကိုလည်းကောင်း၊ "ဝတ္ထုတိုများ(၂)"ဖြင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ် ဆုကိုလည်းကောင်း အမျိုးသား စာပေဆုကို လေးကြိမ် တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့သူ ဖြစ်သည်။

သူ၏ "ပျောက်သော လမ်းမှာ စမ်းတဝါး" ဝတ္ထုကို ရုရှားဘာသာ၊ ဂျပန်ဘာသာ များသို့လည်းကောင်း၊ "ဘယ်သူလာကူပါ့မယ်" ဝတ္ထုကို ရုရှား ဘာသာသို့လည်းကောင်း၊ "မှတပါး အခြားမရှိပြီ" ဝတ္ထုကို ဂျပန်ဘာသာသို့ လည်းကောင်း သက်ဆိုင်ရာ နိုင်ငံအသီးသီးမှ ဘာသာပြန်ဆို ထုတ်ဝေခဲ့ကြ သည်။ ထို့အပြင် ဝတ္ထုတို အများအပြားကိုလည်း အင်္ဂလိပ်ဘာသာသို့ လည်းကောင်း၊ အချို့ကို ဂျပန်ဘာသာသို့လည်းကောင်း ပြန်ဆိုထုတ်ဝေခဲ့သည်။

မိုးမိုး (အင်းလျား) သည် ၁၉၈၉ ခုနှစ် ဩဂုတ်လမှ စ၍ ကွယ်လွန်ချိန် အထိ စံပယ်ဖြူမဂ္ဂဇင်းတွင် တာဝန်ခံစာတည်းအဖြစ် ဆောင်ရွက်ခဲ့သည်။

မိုးမိုး (အင်းလျား) သည် စာပေ တာဝန်ကို ထမ်းဆောင်ရင်း ၁၉၉၀ ပြည့်နှစ် မတ်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ခင်ပွန်း ဦးမျိုးညွန့်နှင့် သားနှစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်သည်။

(မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်စာအုပ် ၁၉၉၁မှ)

## မိုးမိုး(အင်းလျား) စာစုစာရင်း

မိုးမိုး(အင်းလျား) စာစုစာရင်းကို စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့အတွက် တင်ပြသော ကျမ်းငယ်အဖြစ် မဆွေဆွေမာက ပြည့်စုံစွာ ပြုစုခဲ့ပါသည်။ ဤစာအုပ်ငယ်တွင် စာရေးဆရာ၏ အဓိကစာပေလက်ရာများ ဖြစ်သည့် ဝတ္ထုတိုနှင့် ဝတ္ထုရှည်များ စာရင်းနှင့် မိုးမိုး (အင်းလျား)အကြောင်း ရေးသားသည့် စာစုစာရင်းမှ ဆောင်းပါးများ စာရင်းကိုသာ ထုတ်နှုတ် တင်ပြလိုက်ပါသည်။

## ဝတ္ထုများ

၁။ "ကဲရီးအွန်ရင်ရင်"၊ **ဂီတပဒေသာ**၊ တွဲ ၁၊ မှတ် ၆ (နိုဝင်ဘာ ၁၉၈၀) စာ ၅၀-၅၃၊ ၅၉။

၂။ "ကတ်ကြေးတစ်လက်"၊ **မဟေသီ**၊ မှတ် ၅၈ (ဩဂုတ် ၁၉၈၉) စာ ၁၂၄-၁၂၇။

၃။ "ကိုယ်ရေးကြုံတော့"၊ **စစ်ပြန်**၊ မှတ် ၂ (ဇူလိုင် ၁၉၇၇) စာ ၃၄-၃၇။

၄။ "ကိုယ့်ကိုယ်ကိုဖျက်"၊ **မောမြေရင်သွေးမဂ္ဂဇင်း** (ဇူလိုင် ၁၉၈၄) စာ ၁၀၆-၁၁၀။

၅။ "ကျေးဇူးတင်ပါရစေ"၊ **မူးယစ်**၊ မှတ် ၂ (အောက်တိုဘာ ၁၉၈၄) စာ ၇၂-၈၆။

၆။ "ကြယ်ကလေးတွေချစ်စရာ အပြာရောင်ကောင်းကင်မှာ"၊ **သပြေ**၊ မှတ် ၁၀၉ (ဒီဇင်ဘာ ၁၉၈၃) စာ ၁၇၈-၂၁၄။

၇။ "ကွဲကြေသွားသော မှန်စများ"၊ **ဒိုက်ဦးမြို့ အစိုးရအထက်တန်းကျောင်း ငွေရတုအကြိုမဂ္ဂဇင်း** (ဒီဇင်ဘာ ၁၉၈၀) စာ ၁၅၄-၁၆၄။

၈။ "ကျွန်မသာလျှင် မယားအစစ်ဖြစ်ပါကြောင်း"၊ **တိုင်းရင်းမေ**၊ တွဲ ၂၅၊ မှတ် ၆ (၁ အောက်တိုဘာ ၁၉၇၄) စာ ၄၁-၄၃၊ ၄၆-၄၇။

၉။ “ခင်စိုး ကင်ပွန်းစခန်းမှာနေသည်”၊ **ငွေတာရီ**၊ မှတ် ၂၄၀ (ဇွန် ၁၉၈၀) စာ ၁၃၆-၁၄၉။

၁၀။ “ချမ်းသာခြင်းနှင့် ပျော်ရွှင်ခြင်း”၊ **သားရွှေဥရုပ်စုံမဂ္ဂဇင်း**၊ တွဲ ၁၊ မှတ် ၁ (၁၉၈၉) စာ ၈၈-၉၁။

၁၁။ “ခွန်အား”၊ **ကလျာ**၊ မှတ် ၅၉ (ဇန်နဝါရီ ၁၉၉၀) စာ ၇၆-၇၉။

၁၂။ “ဂျင်ဂျာအေးသောက်ချင်တယ်”၊ **ရှုမဝ**၊ တွဲ ၄၀၊ မှတ် ၄၇၈ (မတ် ၁၉၈၇) စာ ၄၅-၄၉။

၁၃။ “ငိုရင်ပုလဲ၊ ရီရင်ရွှဲ”၊ **စံပယ်ဖြူ**၊ မှတ် ၁၃၊ (ဇန်နဝါရီ ၁၉၈၆) စာ ၆၃-၆၉။

၁၄။ “စကားမဆိုဝံ့အောင်”၊ **တိုင်းရင်းမေ**၊ တွဲ ၂၄၊ မှတ် ၈ (၁ နိုဝင်ဘာ ၁၉၇၃) စာ ၂၆-၂၉၊ ၃၄။

၁၅။ “စိုးကြောက်မိပါသည်”၊ **သဘင်**၊ မှတ် ၁၄ (ဒီဇင်ဘာ ၁၉၈၄) စာ ၇၄-၇၆၊ ၇၈။

၁၆။ “စိုက်တုန်းကတော့ မချစ်စု”၊ **ငွေတာရီ**၊ မှတ် ၁၆၆ (ဧပြီ ၁၉၇၄) စာ ၈၂-၉၀။

၁၇။ “စစ်သားမယား”၊ **တိုင်းရင်းမေ**၊ တွဲ ၂၃၊ မှတ် ၁၆ (၁ မတ် ၁၉၇၃) စာ ၂၆-၁၉၊ ၃၂-၃၄။

၁၈။ “စိတ္တဇည”၊ **ရုပ်ရှင်အောင်လံ**၊ မှတ် ၃၀၆ (ဖေဖော်ဝါရီ ၁၉၈၂) စာ ၁၃၁-၁၃၄။

၁၉။ “စိတ်ထားတတ်လျှင်”၊ **တက္ကသိုလ်ဓမ္မာရုံ ရွှေရတုမဂ္ဂဇင်း** (မေ ၁၉၈၅) စာ ၁၁၁-၁၁၇။

၂၀။ "ဆန်ပိုး"၊ **မှုးယစ်မဂ္ဂဇင်း**၊ မှတ် ၅ (ဩဂုတ် ၁၉၈၉) စာ ၅၂-၅၈။

၂၁။ "ဆယ်နှစ်ကျော်ကာလများ"၊ **ငွေတာရီ**၊ မှတ် ၂၁၄ (ဧပြီ ၁၉၇၈) စာ ၈၆-၉၂။

၂၂။ "ဆယ်ပြားတန်ဒဿန"၊ **ပန်ရုပ်စုံမဂ္ဂဇင်း**၊ တွဲ ၄၊ မှတ် ၁၂ (ဒီဇင်ဘာ ၁၉၈၆) စာ ၂၉-၃၃။

၂၃။ "တရားသစ္စာမှန်သောအခါကား"၊ **စာပေလုပ်သား**၊ မှတ် ၃၀ (အောက်တိုဘာ ၁၉၈၃) စာ ၁၃၆-၁၄၈။

၂၄။ "တစ်ဘက်ကကြည့်တော့အရုပ်၊ တစ်ဘက်ကကြည့်တော့ပန်း"၊ **ကလျာ**၊ မှတ် ၃၇ (ဇန်နဝါရီ ၁၉၈၈) စာ ၈၇-၉၀။

၂၅။ "တစ်ယောက်တည်းနေလည်းဖြစ်ပါတယ်"၊ **လုံမလေး**၊ တွဲ ၂၊ မှတ် ၁၊ (ဇန်နဝါရီ ၁၉၈၆) စာ ၄၉-၅၄။

၂၆။ "တြိ"၊ **ရုပ်ရှင်တေးကဗျာ**၊ တွဲ ၉၊ မှတ် ၁၄ (ဇန်နဝါရီ ၁၉၉၀) စာ ၁၀၃-၁၀၇။

၂၇။ "ထမင်းဆီဆမ်း၊ ရွှေလင်ဗန်းနဲ့ပေးပါ"၊ **မဟေသီ**၊ မှတ် ၂၅ (ဩဂုတ်လ ၁၉၈၆) စာ ၁၄၈-၁၅၄။

၂၈။ "ထိုနေ့က မီးမလာပါ"၊ **ရုပ်ရှင်အောင်လံ**၊ မှတ် ၃၂၈ (ဒီဇင်ဘာ ၁၉၈၃) စာ ၉၈-၁၁၃။

၂၉။ "ထိုနေ့က မီးလာ၏"၊ **မဟေသီ**၊ မှတ် ၃၈ (စက်တင်ဘာ ၁၉၈၇) စာ ၁၀၆-၁၀၉။

၃၀။ "ထို့ကြောင့် ဤကဲ့သို့"၊ **စစ်ပြန်**၊ မှတ် ၅ (မတ် ၁၉၇၈) စာ ၁၇၈-၁၉၂။

၃၁။ “ထောင်ပြေး” ၊ **ရှုမဝ**၊ တွဲ ၄၉၊ မှတ် ၄၆၂ (နိုဝင်ဘာ ၁၉၈၅) စာ ၈၄-၈၇။

၃၂။ “ဒုက္ခကိုပဲရှာနေရတယ်”၊ **စံပယ်ဖြူ** မှတ် ၃၂ (ဩဂုတ် ၁၉၈၇) စာ ၂၄-၃၄။

၃၃။ “နေသူရဲ့မြေနီခင်” ၊ **ငွေတာရီ**၊ မှတ် ၂၂၆ (ဧပြီ ၁၉၇၉) စာ ၁၅၂-၁၆၉။

၃၄။ “နေရောင်အောက်မှာ လရောက်ပျောက်ရသည်” ၊ **ဥက္ကလာမဂ္ဂဇင်း** (မတ် ၁၉၈၀) စာ ၄၆-၄၉။

၃၅။ “နေရစ်ခဲ့ပါ” ၊ **ရုပ်ရှင်**၊ တွဲ မှတ် ၃ (ဇွန် ၁၉၈၀) စာ ၄၂-၄၈။

၃၆။ “နွေကိုမုန်းသည်” ၊ **ပန်းဝေသီ**၊ မှတ် ၁၀ (ဧပြီ ၁၉၈၉) စာ ၆-၁၁။

၃၇။ “နွေမှာပျောက်ဆုံးသွားသော နှင့်ပွင့်ကလေးများ” ၊ **တက္ကသိုလ်ငွေရတု အကြိုမဂ္ဂဇင်း**၊ (ဇန်နဝါရီ ၁၉၈၀) စာ ၁၁၄-၁၂၁။

၃၈။ “နှောင်းမိုး” ၊ **ဝါဏိဇ္ဇ** (ဇူလိုင် ၁၉၇၉) စာ ၄၈-၅၆။

၃၉။ “ပုစဉ်းပြာ တောင်ပံကားရယ်”၊ **သဘင်**၊ မှတ် ၆ (ဧပြီ ၁၉၄၈) စာ ၃၀-၄၁။

၄၀။ “ပို့စကတ်လေးတစ်စောင်”၊ **တိုင်းရင်းမေ**၊ တွဲ ၂၄၊ မှတ် ၁၄ (၁ ဖေဖော်ဝါရီ ၁၉၇၄) စာ ၂-၂၆၊ ၃၃။

၄၁။ “ပေါက္ခရဝဿမိုး”၊ **ရောဝတီမဂ္ဂဇင်း**၊ မှတ် ၁၊ (၁၉၈၉) စာ ၇၂-၇၆။

၄၂။ “ပိန်ချင်လို့တဲ့တော်ရေ” ၊ **စံပယ်ဖြူ** မှတ် ၁ (ဇန်နဝါရီ ၁၉၈၅) စာ ၁၁၅-၁၁၉။

၄၃။ “ပိန်မှဖြစ်မယ်”၊ **မဟေသီ**၊ မှတ် ၆၁ (နိုဝင်ဘာ ၁၉၈၅) စာ ၉၂-၉၅။

၄၄။ “ပြည်ဗာရာမှအစပြု၍”၊ **ချယ်ရီ**၊ မှတ် ၂ (စက်တင်ဘာ ၁၉၈၄) စာ ၁၀၆-၁၁၆။

၄၅။ “ပြည့်စုံခြင်းနှင့် မပြည့်စုံခြင်း”၊ **မြစ်ငယ်မဂ္ဂဇင်း** (ဖေဖော်ဝါရီ ၁၉၇၉) စာ ၁၄၀-၁၅၀။

၄၆။ “ပွင့်သစ်တို့ ပင်လုံးဝေ”၊ **ငွေတာရီ**၊ မှတ် ၂၅၅၊ (စက်တင်ဘာ ၁၉၈၁) စာ ၁၂၆-၁၅၁။

၄၇။ “ဖြတ်စားလျှပ်စား”၊ **တိုင်းရင်းမေ**၊ တွဲ ၃၇၊ မှတ် ၂ (ဩဂုတ် ၁၉၈၆) စာ ၂၈-၃၃။

၄၈။ “ဘဝတိုက်ပွဲစတင်ခြင်း”၊ **သံလွင်ဦးမဂ္ဂဇင်း**၊ မှတ် ၅ (ဖေဖော်ဝါရီ ၁၉၇၉) စာ ၃၆-၃၉။

၄၉။ “ဘဝအမှောင်”၊ **ငွေတာရီ**၊ မှတ် ၁၅၅ (မေ ၁၉၇၃) စာ ၁၁၉-၁၂၃။

၅၀။ “ဘိရှော့ဟုမ်းနှင့် ဒေဝီ”၊ **အကောက်ခွန်နှစ်လည်မဂ္ဂဇင်း** (ဒီဇင်ဘာ ၁၉၈၆) စာ ၁၁၀-၁၁၄။

၅၁။ “ဘယ်သူလာကူပါ့မယ်”၊ **ငွေတာရီ**၊ မှတ် ၁၈၆ (ဒီဇင်ဘာ ၁၉၇၅) စာ ၁၂၆-၁၄၁။

၅၂။ “မညိုပြာ ကောလိယချောင်းဘေးမှာနေသည်”၊ **စာပေလုပ်သား**၊ မှတ် ၁ (မေ ၁၉၈၁) စာ ၂၆-၃၉။

၅၃။ “မတာ မန်ကျည်းရွာမှာနေသည်”၊ **ငွေတာရီ**၊ မှတ် ၂၅၀ (ဧပြီ ၁၉၈၁) စာ ၁၄၆-၁၆၆။

၅၄။ “မဖူးသာ” ၊ **မြစ်ကြီးနားမဂ္ဂဇင်း** (ဇန်နဝါရီ ၁၉၈၁) စာ ၉၇-၁၀၂။

၅၅။ “မမအယ်ဒီတာတွေ” ၊ **ဂီတပဒေသာ**၊ မှတ် ၉၀ (ဩဂုတ် ၁၉၈၈) စာ ၄၄-၄၈။

၅၆။ **“မီးရထားနှင့် ခရီးသွားခြင်းအကြောင်း”**၊ **စာပေလုပ်သား**၊ မှတ် ၈ (ဒီဇင်ဘာ ၁၉၈၁) စာ ၅၄-၅၇။

၅၇။ **“မုဆိုးမတစ်ယောက်၏ တမ်းချင်း”**၊ **လုံမလေး** (ဇန်နဝါရီ ၁၉၈၇) စာ ၁၃၂-၁၄၆။

၅၈။ “မုဒိတာ” ၊ **ချယ်ရီ**၊ မှတ် ၅၆ (အောက်တိုဘာ ၁၉၈၉) စာ ၄၆-၅၁။

၅၉။ **“မိုးကျော် ကျောက်ပန်းတောင်းမှာနေသည်”**၊ **ပခုက္ကူမဂ္ဂဇင်း** (မတ် ၁၉၈၁) စာ ၂၄၆-၁၅၇။

၆၀။ **“မိုးတိမ်လွှင့်သော် မုန်တိုင်းငြိမ်မည်”**၊ **မြဝတီ**၊ တွဲ ၃၁၊ မှတ် ၁ (နိုဝင်ဘာ ၁၉၈၂) စာ ၁၄၂-၁၅၈။

၆၁။ “မင်းသီတာ သို့မဟုတ်. . . ” ၊ **မိုးဝေ**၊ မှတ် ၁၆၃ (ဩဂုတ် ၁၉၈၁) စာ ၇၄-၈၈။

၆၂။ “မြူမှောင်ဝေကင်း” ၊ **တိုင်းရင်းမေ**၊ တွဲ ၃၈၊ မှတ် ၈ (၁၅ ဒီဇင်ဘာ ၁၉၇၈) စာ ၆၆-၇၂။

-၊ -၊ တွဲ ၃၈၊ မှတ် ၉ (၁ ဇန်နဝါရီ ၁၉၈၈) စာ ၈၂-၈၈။

-၊ -၊ တွဲ ၃၈၊ မှတ် ၁၀ (ဖေဖော်ဝါရီ ၁၉၈၈) စာ ၈၂-၈၅။

-၊ -၊ တွဲ ၃၈၊ မှတ် ၁၁ (မတ် ၁၉၈၈) စာ ၆၈-၇၂၊ ၈၃-၈၄။

-၊ -၊ တွဲ ၃၈၊ မှတ် ၁၂ (ဧပြီ ၁၉၈၈) စာ ၇၈-၈၂။

-၊ -၊ တွဲ ၃၈၊ မှတ် ၁၃ (မေ ၁၉၈၈) စာ ၉၈-၁၀၄။

-၊-၊ တွဲ ၃၈၊ မှတ် ၁၄ (ဇွန် ၁၉၈၈) စာ ၈၆-၁၀၄။

-၊ -၊ တွဲ ၃၈၊ မှတ် ၁၅ (ဇူလိုင် ၁၉၈၈) စာ ၈၂-၈၆။

၆၃။ "မျှဝေမပေးသာ"၊ **ရုပ်ရှင်အမြုတေ**၊ တွဲ ၂၇၊ မှတ် ၁၀ (အောက်တိုဘာ ၁၉၈၄) စာ ၉၆-၉၇။

၆၄။ "မျှော်လင့်ခြင်းနှင့်အတူ"၊ **ရှုမဝ**၊ တွဲ ၄၂၊ မှတ် ၅၀၂ (မေ ၁၉၈၉) စာ ၉၆-၉၇။

၆၅။ "မြူးထဲက ငါးနှစ်ကောင်"၊ **ငွေတာရီ**၊ မှတ် ၁၉၇ (နိုဝင်ဘာ ၁၉၇၆) စာ ၁၄၂-၁၅၈)။

၆၆။ "ရီရီမှာ ဆယ့်နှစ်လုံးတန်းမှာနေသည်"၊ **ရှုမဝ**၊ တွဲ ၃၆၊ မှတ် ၄၁၂ (ဇွန် ၁၉၈၂) စာ ၁၃၈-၁၅၈။

၆၇။ "ရေစီးကြောင်း"၊ **ပေဖူးလွှာ**၊ မှတ် ၉၄ (ဇွန် ၁၉၈၉) စာ ၅၂-၅၅။

၆၈။ "ရေမှာပျော်သောငါး တောမှာပျော်သောဆင်"၊ **ငွေတာရီ**၊ မှတ် ၂၀၈ (အောက်တိုဘာ ၁၉၇၇) စာ ၁၁၀-၁၁၃။

၆၉။ "ရုပ်ရှင်တစ်ပွဲလောက်ကြည့်ချင်တယ်"၊ **ရင်ခုန်ပွင့်**၊ မှတ် ၂ (နိုဝင်ဘာ ၁၉၈၆) စာ ၁၂၀-၁၂၅။

၇၀။ "ရွှေလက်ဖြင့်ခေါ်ပါသည်"၊ **အင္ကျာဝါမဂ္ဂဇင်း**၊ မှတ် ၁ (ဖေဖော်ဝါရီ ၁၉၈၉) စာ ၁၈-၂၅။

၇၁။ "လရောင်လွှမ်းလည်း ကမ်းနှင့်ဝေးခဲ့"၊ **မူးယစ်မဂ္ဂဇင်း**၊ မှတ် ၃ (ဒီဇင်ဘာ ၁၉၈၅) စာ ၅၂-၆၅။

၇၂။ "လူ့စိတ်"၊ **စစ်ပြန်**၊ မှတ် ၁၂၂ (ဇန်နဝါရီ ၁၉၈၉) စာ ၄၆-၄၉။

၇၃။ "လေဆိပ်"၊ **ဒဂုန်**၊ တွဲ ၃၊ မှတ် ၇ (ဇူလိုင် ၁၉၈၇) စာ ၆၇-၇၂၊ ၇၇။

၇၄။ "လေးဘက်နံရံ"၊ **အိပ်မက်ဖူး**၊ မှတ် ၂ (ဩဂုတ် ၁၉၈၈) စာ ၁၈-၂၈။

၇၅။ "လောကထဲက ထွက်ပြေးချင်တယ်"၊ **ငွေတာရီ**၊ မှတ် ၁၈၉ (မတ် ၁၉၇၆) စာ ၈၇-၉၃။

၇၆။ "လက်ချွေပွင့်"၊ **မြဝတီ**၊ တွဲ ၂၈၊ မှတ် ၆ (ဧပြီ ၁၉၈၀) စာ ၈၆-၉၉။

၇၇။ "ဝံပုလွေမဖြစ်လိုသော သိုးငယ်"၊ **စာပေလုပ်သား** (ဒီဇင်ဘာ ၁၉၈၀) စာ ၁၇၂-၁၇၆။

၇၈။ "ဝင်းဖေ စာမေးပွဲကျရသည့်အကြောင်း"၊ **မအူပင်မဂ္ဂဇင်း** (ဒီဇင်ဘာ ၁၉၈၀) စာ ၁၇၂-၁၇၆။

၇၉။ "သဇင်တွေဖူးပါတဲ့"၊ **စစ်ပြန်**၊ မှတ် ၁၁၃ (ဖေဖော်ဝါရီ ၁၉၈၈) စာ ၁၀၂-၁၀၅။

၈၀။ "သဇင်သုံးခက်"၊ **လုံမလေး**၊ မှတ် ၅ (မေ ၁၉၈၅) စာ ၁၂၂-၁၂၇။

၈၁။ "သားသမီးရဲ့ အဆုံးအမ"၊ **စံပယ်ဖြူ**၊ မှတ် ၂၅ (ဇန်နဝါရီ ၁၉၈၇) စာ ၆၀-၆၂။

၈၂။ "သူ့အတွက်လား၊ ကိုယ့်အတွက်လား"၊ **မှ မနက်ဖြန်နှင့် နဝရတ်ကိုးသွယ်**၊ ရန်ကုန်၊ ချယ်ရီပန်းစာပေ၊ ၁၉၈၅။ စာ ၇၇-၈၇။

၈၃။ “သေသည်၏ အခြားမဲ့၌”၊ **ငွေတာရီ** မှတ် ၂၀၁ (မတ် ၁၉၇၇) စာ ၉၈-၁၀၂။

၈၄။ “သော့တွဲအပ်ချင်တယ်” ၊ **ရင်ခုန်ပွင့်**၊ မှတ် ၁၂ (စက်တင်ဘာ ၁၉၈၇) စာ ၁၄၀-၁၅၄။

၈၅။ “သိက္ခာရှိတဲ့ မုန့်ဟင်းခါး”၊ **စံပယ်ဖြူ** မှတ် ၅၂၊ (မတ် ၁၉၉၀) စာ၅၄-၅၈။

၈၆။ “အကိုင်းအခက်တို့သည် အတိုအရှည်ရှိကြကုန်၏”၊ **ချည်မျှင်နှင့်အထည် စက်ရုံ(စစ်ကိုင်း)မဂ္ဂဇင်း** (ဖေဖော်ဝါရီ ၁၉၈၄) စာ ၁၆၄-၁၇၆၊ ၁၉၄။

၈၇။ “အချစ်ပွင့်ဦး”၊ **ရင်ခုန်ပွင့်**၊ မှတ် ၂၆ (ဇန်နဝါရီ ၁၉၈၉) စာ ၁၄၆-၁၅၆။

၈၈။ “အချစ်သည် ဘဝ၏ အစိတ်အပိုင်းတစ်ခု”၊ **စံပယ်ဖြူ** မှတ် ၄၆ (စက်တင်ဘာ ၁၉၈၉) စာ ၁၄၆-၁၅၅။

၈၉။ “အခြေမတူသော ကိန်းဂဏန်းများ”၊ **ချယ်ရီ**၊ မှတ် ၂၅ (ဩဂုတ် ၁၉၈၆) စာ ၁၇၀၀-၁၇၄။

၉၀။ “အစိမ်းနဲ့ အနီ”၊ **မဟေသီ**၊ မှတ် ၄၉ (ဩဂုတ် ၁၉၈၈) စာ ၁၃၆-၁၄၀။

၉၁။ “အပြန်တစ်ရာမိုက်ဦးမှာ”၊ **စာပေလုပ်သား**၊ မှတ် ၅၈ (ဒီဇင်ဘာ ၁၉၈၅) စာ ၅၈-၆၇။

၉၂။ “အဖြူရောင်နှလုံးသား”၊ **ရွှေဘိုမြို့ အမှတ်(၁) အစိုးရ အထက်တန်းကျောင်း ကျောက်စိမ်းရတုမဂ္ဂဇင်း၊ (၁၉၄၅-၁၉၈၀)** (ဇန်နဝါရီ ၁၉၈၀) စာ ၁၄၀-၁၅၅။

၉၃။ “အမေဆုတောင်းလိုက်ပါသည်”၊ **စစ်ပြန်**၊ မှတ် ၁၇ (ဖေဖော်ဝါရီ ၁၉၈၀) စာ ၁၁၀-၁၂၀။

၉၄။ “အမေ့စာ”၊ **လှိုင်းဘွဲ့မဂ္ဂဇင်း** (မေ ၁၉၈၀) စာ ၈၆-၉၁။

## လုံးချင်း စာအုပ်များ

၁။ **ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေ**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၁။ ၃၀၂ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် - ၁၄၃) အမသ - ၈၁/၁၄၇။

၂။ **ကြွေရင်အတူတူကြွေမယ်**။ ရန်ကုန်၊ ဗမာအမျိုးသမီးစာပေ၊ ၁၉၈၃။ ၁၁၃-၂၃၂ စာ၊ ၁၆ စင်တီ။

၃။ **ခံတက်နုကလေးတွေ ညိုးချိန်တန်တော့**။ ရန်ကုန်၊ မိုးမိုး (အင်းလျား) စာအုပ်၊ ၁၉၈၇။ ၂၂၄ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၆၄) ရတစ - ၈၇၆၁။

၄။ **ဂျိုး**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၀။ ၄၀၄ စာ၊ ၁၆ စင်တီ (စာပေလောက စာအုပ်အမှတ် ၁၃၉) တဗစ-၂၈၃၀၇၇

၅။ **ငပလီဇာတ်လမ်း**။ ရန်ကုန်၊ အင်းလျားစာပေ၊ ၁၉၇၅။ ၂၀၂ စာ၊ ၁၆ စင်တီ (စာပေလောက စာအုပ်အမှတ် ၁၁၂) အမသ - ၇၆/၁၆၂

၆။ **ငြိမ်းကိုရှက်ပါ**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၇၉။ ၂၂၅ စာ၊ ၁၆ စင်တီ (စာပေလောက စာအုပ်အမှတ် ၁၃၇) အမသ ၇၉/၈၉၇။

၇။ **ညီမလေးက အချစ်ကိုကိုးကွယ်သတဲ့လား**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၁။ ၃၁၅ စာ၊ ၁၆ စင်တီ (စာပေလောက စာအုပ်အမှတ် ၁၄၅) တဗစ-၁၉၅၅၂၃။

၈။ **ထိုနေ့က မီးမလာပါနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၅။ ၄၄၁ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ် ၁၅၈) တဗစ-၃၂၄၉၂၆။

၉။ **နာမကျန်းသည် အိုနှင်းဆီ**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၃။ ၃၄၇ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၅၀) ရတစ-၈၇၆၂။

၁၀။ **ပန်းရိုင်းတစ်ရာ**။ ရန်ကုန်၊ ပညာဂုဏ်စာပေ၊ ၁၉၈၁။ ၇၉-၁၉၈ စာ၊ ၁၆ စင်တီ၊ တဗစ-၂၉၄၆၁၇။

၁၁။ **ပျောက်သောလမ်းမှာ စမ်းတဝါး**။ ရန်ကုန်၊ ထွန်းထွန်း မြန်မာစာပေ မြှင့်တင်ထုတ်ဝေရေးဌာန၊ ၁၉၇၄။ ၂၂၂ စာ၊ ၁၆ စင်တီ (စာပေလောက စာအုပ်အမှတ် ၉၂) တဗစ - ၁၇၆၂၄၂။

၁၂။ **ပွင့်တချို့ ကြွေတချို့**။ ရန်ကုန်၊ ဆိုရှယ်စာအုပ်တိုက်၊ ၁၉၇၅။ ၃၁၅ စာ ၁၆ စင်တီ။ တဗစ ၂၅၀၁၈၇။

၁၃။ **ဘယ်သူလာကူပါ့မယ်**။ ရန်ကုန်၊ အင်းလျားစာပေ၊ ၁၉၇၇။ ၂၁၈ စာ၊ ၁၆ စင်တီ၊ တဗစ၂၅၁၇၅၀။

၁၄။ **မသုမမွှစာရီ**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၂။ ၃၁၇ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၄၆) တဗစ-၂၉၇၅၅၀။

၁၅။ **မီးရောင်အောက်ကိုဝင်လျှင်**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၅။ ၃၄၈ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၅၄)

၁၆။ **မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုများ ၁**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၂။ ၂၄၈ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၄၇) တဗစ-၃၀၀၇၄၅။

၁၇။ **မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုများ ၂**။ ရန်ကုန်၊ မိုးမိုး (အင်းလျား) စာအုပ်၊ ၁၉၈၆။ ၂၈၃ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၆၂) တဗစ-၃၆၄၀၂၃။

၁၈။ **မိုးမိုး(အင်လျား)၏ ဝတ္ထုတိုများ ၃**။ ရန်ကုန်၊ တက်လမ်းစာပေ၊ ၁၉၉၃။ ၃၂၃ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၉၈)

၁၉။ **မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုများ ၄**။ ရန်ကုန်၊ သော်ကစာပေ၊ ၂၀၀၃။ ၂၉၅ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၃၃၂)

၂၀။ **မိုးမိုး(အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၀။ စ၊ ၃၀၅ စာ၊ ၁၆ စင်တီ (စာပေလောက စာအုပ် ၁၄၁) တဗစ-၂၈၃၈၅၉။

၂၁။ **မေတ္တာကမ်းနား၊ အချစ်သစ်ပင်**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၅။ ၂၇၉ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၅၆) တဗစ-၃၂၃၆၈၄။

၂၂။ **မြူမှောင်ဝေကင်း**။ ရန်ကုန်၊ သော်ကစာပေ၊ ၂၀၀၃။ စာ ၈၈၊ ၁၁ ဆင်တီ၊ (စာပေလောက စာအုပ်အမှတ်-၃၂၈)။

၂၃။ **မြန်မာပြည်မှာနေကြသည်**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၃။ ၂၅၁ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၅၁) တဗစ-၃၁၁၇၉၃။

၂၄။ **မှတစ်ဆင့်**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၇၈။ ၂၅၄ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၃၃) အမသ ၇၈/၁၄၇၇။

၂၅။ **မှတပါး အခြားမရှိပြီ**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၇၈။ ၂၄၁ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၃၁) အမသ ၇၈/၉၈၉။

၂၆။ **ရွက်လှပန်း။** ရန်ကုန်၊ အင်းလျားစာပေ၊ ၁၉၇၅။ ၂၆၂ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၀၃) အမသ ၇၅/ ၁၃၄၉။

၂၇။ **ရွှေတိဂုံကိုမြင်လျှင်။** ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၇၉။ ၃၉၅ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၃၅) တဗစ-၂၇၈၂၃၁။

၂၈။ **ဝေဒနာကြာနီပွင့်။** ရန်ကုန်၊ မိုးမိုး(အင်းလျား)စာအုပ်၊ ၁၉၈၂။ ၂၉၁ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၄၈) တဗစ-၃၀၃၇၄၇။

၂၉။ **သမုဒ္ဒရာခုနှစ်စင်း မြစ်မင်းတစ်ဆယ့်သုံးသွယ်။**ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၀။ ၃၇၀ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၄၂) တဗစ-၂၈၇၃၈၅။

၃၀။ **သုံးလွန်းတင်မှကြိုး။** ရန်ကုန်၊ မိုးမိုး(အင်းလျား)စာအုပ်၊ ၁၉၈၂။ ၃၇၉ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၄၉) ရတစ-၈၇၆

၃၁။ **သဗ္ဗေသတ္တာ အဝေရာဟောန္တု။** ရန်ကုန် ပါရမီစာစဉ် ၁၉၈၃။ ၂၅၁ စာ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၃၂) အမသ-၇၈/၁၉၉၁။

၃၂။ **အချစ်ဆိုသောအရာ။** ရန်ကုန်၊ အင်းလျားစာပေ၊ ၁၉၇၆။ ၃၀၈ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၁၇) အမသ ၇၆/၁၅၀၇။

## မိုးမိုး (အင်းလျား)အကြောင်း ရေးသားသည့် စာစုစာရင်း ဆောင်းပါး

၁။ ကိုကိုကို။ "မသုဓမ္မစာရီ/သမီး မသုဝေလာရီ"၊ **စန္ဒာ**၊ မှတ် ၂၄၆ (မေ ၁၉၉၀) စာ ၁၁၄-၁၁၅။

၁၉၉၀ ခုနှစ် မတ်လ (၃၁)ရက်တွင် မိုးမိုး၏ သားနှင့် သမီးတို့အား ကိုရင်၊ သီလရှင်ဝတ်ပေးသော အလှူမင်္ဂလာပွဲ၌ မိုးမိုးနှင့် တူလွန်းလှသော သမီး သွယ်မျိုးညွန့် (သီလရှင်ဘွဲ့အမည် မသုဝေလာရီ) အား သူ့အမေကဲ့သို့ စာပေ၌ ထူးချွန်၍ ဂုဏ်တင့်စေချင်ကြောင်း ရေးဖွဲ့ထားသည်။

၂။ ကျော်စည်ငြိမ်း။ "မိုးမိုး(အင်းလျား)အမှတ်တရ စတုတ္ထနှစ်ပတ်လည်ပွဲ" **ဂျီအီးစီ မဂ္ဂဇင်း**၊ မှတ် ၅ (မေ ၁၉၉၄) စာ ၁၂၂-၁၂၅။

မိုးမိုး(အင်းလျား) အမှတ်တရ ၄နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားတွင် မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့၏ နာယကများ ပြောကြားသော အမှာစကားများထဲမှ မှတ်သားစရာ စကားလုံးများကို အကျဉ်းချုံး၍ ဖော်ပြထားသည်။

၃။ ကျော်စွာထက်။ "မိုးမိုး(အင်းလျား) သို့မဟုတ် ရေခဲပင်လယ်ထဲက ထိုးထွက်နေတဲ့ ရေခဲတောင်ရဲ့ ထိပ်စွန်းပိုင်း"၊ **မညိုပြာရဲ့နှင်းဆီခင်းစာစု**၊ မန္တလေး၊ ကြီးပွားရေး (အောက်တိုဘာ ၁၉၉၀) စာ ၁၀၃-၁၀၈။

မိုးမိုး(အင်းလျား)သေဆုံးမှုသတင်းကို မမျှော်လင့်ဘဲ ကြားရ၍ အံ့သြဝမ်းနည်းရပုံမှ သူမနှင့် သိကျွမ်းခဲ့ပုံများကို ရေးသားထားသည်။ သူမ၏ ရုပ်ရည်သွင်ပြင်၊ စိတ်ဓာတ်ရေးရာ၊ သူမ၏ ဝတ္ထုတိုများ ၁-ဟု အမည်ပေးထားပုံတို့ကို သဘောကျနှစ်သက်ကြောင်း ဖော်ပြထားသည်။ ထိုမှတစ်ဆင့် စံပယ်ဖြူမဂ္ဂဇင်း အင်တာဗျူးကဏ္ဍအတွက် တွေ့ဆုံကြပုံ ဆရာမ ကွယ်လွန်ခြင်း

သည် မြန်မာစာပေလောကအတွက် အကြီးမားဆုံးသော ဆုံးရှုံးမှုကြီး ဖြစ်ကြောင်းကို လွမ်းဆွတ်သတိရခြင်းများစွာဖြင့် ရေးသားထားသည်။

၄။ ကျော်ရင်မြင့်။ "သေနိုင်ပါရိုးလား"၊ **စံပယ်ဖြူ** မှတ် ၅၄ (မေ ၁၉၉၀) စာ ၄၅-၄၇။

မန္တလေးစာပေအဖွဲ့နှင့် မိုးမိုးတို့တွေ့ဆုံကာ စံပယ်ဖြူ မဂ္ဂဇင်းအတွက် ဆွေးနွေးအကြံပေးကြ၍ ချစ်ခင်ရင်းနှီးလို့ အရှိန်ကောင်းရနေကြစဉ် မိုးမိုးသေဆုံးသွားသည့်အတွက် ဝမ်းနည်းကြေကွဲရကာ ပြည်သူချစ်သော အနုပညာသည်သည် ဘယ်တော့မှ မသေနိုင်ဘဲ ပြည်သူလူထု၏ ရင်ထဲတွင် ထာဝရတည်ရှိနေလိမ့်မည်ဟု ရေးသားထားသည်။

၅။ ကြည်လင်အေး။ "အားနည်းသူတို့ဘက်က" **မညိုပြာရဲ့နှင်းဆီခင်းစာစု**၊ မန္တလေး၊ ကြီးပွားရေး (အောက်တိုဘာ ၁၉၉၀) စာ ၁၄၁-၁၄၇။

မိုးမိုး၏ အားနွဲ့သူ၊ အားနည်းသူ၊ မိန်းမသားကို နားလည်ထောက်ထားစာနာ၍ မိန်းမသားများဘက်မှ ခံစားရေးဖွဲ့ထားသော မသုဓမ္မစာရီ၊ လောကအမှောင်၊ ပွင့်တချို့ ကြွေတချို့ စသည့် ဝတ္ထုများထဲမှ စာသားတချို့ကို ပြန်လည်ခံစားဖော်ပြရင်း ဆရာမအသက်ရှင်နေထိုင်လျက် စာတွေဆက်ရေးနေမည်ဦးမည်ဆိုလျှင် အနုပညာလက်နက်ကို အားကိုးရင်း အားနည်းသူတွေဘက်မှ ရပ်တည်နေဦးမှပဲဟု ရေးသားထားသည်။ သူမ၏ လက်ရာသစ်များကို မတွေ့ရတော့ဘဲ နေမည်ဖြစ်၍ ဝမ်းနည်းမိကြောင်း ရေးသားထားသည်။

၆။ ခက်မာ။ "တမ်းတခြင်းတံဆိပ်"၊ **ကလျာ**၊ မှတ် ၁၁၁ (မေ ၁၉၉၄) စာ၈၀-၈၅။

"မိုးမိုး(အင်းလျား) အတွက် (၄) နှစ်မြောက် အမှတ်တရ အခမ်းအနားတွင် သူ့ကိုချစ်သော စာရေးဆရာများက သူမ၏ ပုံရိပ်များကို လွမ်းဆွတ်သတိရစွာ ပြောကြားကြစဉ် စာရေးသူရင်ထဲ၌ ခံစားရသော အတွေးများကို ရေးသားထားသည်။

၇။ ခင်ဆွေဦး။ “စာပေတွက်တာ၊ တစ်သက်လျာ”၊ **စံပယ်ဖြူ** မှတ် ၅၄ (မေ ၁၉၉၀) စာ ၆။

ယခုလထုတ် စံပယ်ဖြူမဂ္ဂဇင်း၏ ခေါင်းကြီးအဖြစ် ရေးသားဖော်ပြရာတွင် မဂ္ဂဇင်းတစ်စောင်အတွက် တာဝန်ခံစာတည်း အရည်အချင်းရှိရန် လိုအပ်ပုံနှင့် မိုးမိုးတွင် ထိုအရည်အချင်းများ ပြည့်မီကြောင်း မဂ္ဂဇင်းတာဝန်ထမ်းဆောင်စဉ်အတွင်း စွမ်းစွမ်းတမံ ဆောင်ရွက်သွားခဲ့ကြောင်းများကို ရေးသားဖော်ပြထားသည်။

၈။ -။ “ပန်းသီးတစ်လုံးပျောက်ဆုံးခြင်း” **စံပယ်ဖြူ** တွဲ ၂၊ မှတ် ၃ (မတ် ၁၉၉၀) စာ ၆၉-၇၁။

မိုးမိုးနှင့် စာရေးသူတို့ စံပယ်ဖြူမဂ္ဂဇင်းအတွက် ပျော်ရွှင်တက်ကြွစွာအလုပ်လုပ်ကြပုံကို လွမ်းဆွတ်သတိရစွာရေးသားထားသည်။ နှစ်ဦးသား အထူးခင်မင်ချစ်ခင်ပုံ၊ မိုးမိုးကွယ်လွန်သွားခြင်းသည် ဝင်းမှည့်မွှေးချိုသော ပန်းသီးတစ်လုံး ပျောက်ဆုံးခြင်းနှင့်တူကြောင်းကို ဆောင်းပါးထဲ၌ပင် ကဗျာတစ်ပုဒ်ဖြင့် ရေးဖွဲ့ဂုဏ်ပြုထားသည်။

၉။ -၊ “သမိုင်းတွင်လျက် ထားခဲ့ရက်တယ်”၊ **စံပယ်ဖြူ** မှတ် ၅၄ (မေ ၁၉၉၀) စာ ၉၅-၉၇။

မိုးမိုး သက်ရှိထင်ရှားရှိစဉ်အခါက စံပယ်ဖြူမဂ္ဂဇင်း အယ်ဒီတာအဖွဲ့နှင့်အတူစာပေအတွက် လှုပ်ရှားဆောင်ရွက်ကြပုံများ၊ မိုးမိုး ပြောခဲ့သော စကားများနှင့်အတူ သူမ၏ ပျော်နေသောမျက်လုံးကလေးများ၊ ဝမ်းနည်းနေသော မျက်လုံးကလေးများကို သတိရအောက်မေ့ကာ ဘုရားရှိခိုးတိုင်း အမျှပေး မေတ္တာပို့ကြောင်း ရေးသားထားသည်။

၁၀။ ခိုင်လေးကို။ “နာမကျန်းသည်အိုနှင်းဆီ (သို့မဟုတ်) မိုးမိုး(အင်းလျား) နှင့်သူ့စာများ”၊ **အပျိုစင်**၊ တွဲ ၁၊ မှတ် ၃ (နိုဝင်ဘာ ၁၉၉၃) စာ ၁၃-၁၇။

မိုးမိုး(အင်းလျား)၏ စာပေအယူအဆ၊ စာပေသဘောထားများကို တင်ပြဆွေးနွေးထား၍ သူမရေးသားခဲ့သော လုံးချင်းဝတ္ထုရှည်တစ်အုပ်ချင်းစီ၏ ဆိုလိုသောအကြောင်းအရာများကို တစ်ခုချင်း ရေးသား၍ ဝေဖန်ဆွေးနွေး ဖော်ပြထားသည်။

၁၁။ ခေတ်ထွန်း၊ မောင်။ "မိုးမိုး(အင်းလျား) အမှတ်တရ"၊ **ရွှေဝတ်မှုန်**၊ တွဲ ၄၊ မှတ် (မေ ၁၉၉၄) စာ ၂၉-၃၃။

မိုးမိုး(အင်းလျား) ကွယ်လွန်ခြင်း (၄)နှစ်ပြည့် အောက်မေ့ဖွယ် အမှတ်တရအခမ်းအနားမှ အစီအစဉ်များကို ရေးသားဖော်ပြထားသည်။ မိုးမိုး(အင်းလျား) အမှတ်တရအဖွဲ့၏ နာယကများက ပြောကြားသော အမှတ်တရစကားများကိုလည်း ဖော်ပြထားသည်။

၁၂။ -၊ "မိုးမိုး(အင်းလျား)အမှတ်တရဟောပြောပွဲ"၊ **ဂီအီးစီ မဂ္ဂဇင်း**၊ မှတ် ၈ (ဩဂုတ်ဘ ၁၉၉၄) စာ ၅၀။

၁၈၊ ၆၊ ၉၄ နေ့ ဝိုင်အမ်စီအေခန်းမ၌ ပြုလုပ်သော မိုးမိုး(အင်းလျား) အမှတ်တရဟောပြောပွဲ၌ ဆရာ အောင်သင်း၏ ဟောပြောချက်များကို ကောက်နုတ်တင်ပြထား၍ အမှတ်တရအဖွဲ့၏ အစီအစဉ်များကို ရေးသားဖော်ပြထားသည်။

၁၃။ ချစ်ဦးညို။ "ဆွဲဆုတ်ပစ်ချင်တဲ့ ပြက္ခဒိန်တစ်ရွက်"၊ **စံပယ်ဖြူ** မှတ် ၅၄၊ (မေ ၁၉၉၀) စာ ၁၂၃-၁၂၅။

မဂ္ဂဇင်းတစ်စောင်၏ တာဝန်ခံအယ်ဒီတာအဖြစ် အတန်အသင့် အတွေ့အကြုံရှိခဲ့ဖူးသူအနေဖြင့် စံပယ်ဖြူ မဂ္ဂဇင်းကို မိုးမိုး(အင်းလျား) အယ်ဒီတာအဖြစ် လုပ်ကိုင်စဉ် မဂ္ဂဇင်း အစစအရာရာ တိုးတက် ကောင်းမွန်ခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

၁၄။ -၊ " မိုးမိုး(အင်းလျား) အမှတ်တရ ရုပ်ပုံလွှာများ"၊ **မြားနတ်မောင်**၊ တွဲ ၃၊ မှတ် ၉ (မေ ၁၉၉၄) စာ ၁၀၅-၁၀၇။

မိုးမိုးအတွက် ၄ နှစ်မြောက် အမှတ်တရပွဲ၌ မိုးမိုး၏ မိန်းမသားတန်မဲ့ ဖတ်သီဖတ်သီ ပြေးလွှားနေရသော ရုပ်ပုံ၊ ငပလီ၌ တွေ့ခဲ့သော လူ့လောကမှ သင်ယူစရာများကို မနားတမ်း ရှာဖွေနေသော ရုပ်ပုံနှင့် စာရေးဆရာ တစ်ယောက်ထံမှ သူလိုချင်သော စာမူတစ်ပုဒ်ရအောင် ဖန်တီးတောင်းယူနိုင်သော အယ်ဒီတာကောင်းတစ်ယောက်၏ ရုပ်ပုံများကို အမှတ်ရစွာ သတိရစွာ ရေးသားဖော်ပြခြင်းဖြစ်သည်။

၁၅။ စန္ဒာ၊ မ။"ကြွေသော်လည်းမကြွေ"၊ **ရင်ခုန်သံ**၊ မှတ် ၁၇ (မေ ၁၉၉၁) စာ ၁၀၄-၁၀၇။

မိုးမိုးသည် မမေ့နိုင်ကောင်းသော စာပေဖန်တီးရှင်ဖြစ်ကြောင်း၊ သူမသည် ပန်းလေးတစ်ပွင့် ကြွေသလို ဖြုတ်ခနဲ ကြွေသော်လည်း သူမ ဖန်တီးခဲ့သော ဇာတ်ကောင်းများစွာသည် မကြွေနိုင်သော ပန်းကလေးများအဖြစ် သူမကိုယ်စား စကားပြောနေမည်ဖြစ်ကြောင်း ရေးသားထားသည်။

၁၆။ စိန်တင်၊ မ။ " မိုးမိုး(အင်းလျား) ကွယ်လွန်ခြင်းနှစ်ပတ်လည် အောင်းမေ့ဖွယ်နေ့"၊ **ရင်ခုန်သံ**၊ မှတ် ၁၇ (မေ ၁၉၉၁) စာ ၁၀၀-၁၀၃။

ရှုရှားအမျိုးသမီး မစိန်တင်က သူမနှင့် မိုးမိုး(အင်းလျား) ခင်မင်ရင်းနှီးပုံ၊ စာရေးဆရာမ၏ ဝတ္ထုကို ဘာသာပြန်ဆိုပုံ၊ မိုးမိုး(အင်းလျား) ကွယ်လွန်ခြင်းနှစ်လည် အခမ်းအနားတွင် ဝမ်းနည်းကြေကွဲရပုံ ပြောပြချက်ကို စာရေးဆရာမ မစန္ဒာနှင့် ကြူကြူသင်းက မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

၁၇။ စိမ်းသူ၊ မောင်(ပုသိမ်-)။ "မိုးမိုး(အင်းလျား)ရဲ့ ပထမနေ့များ (ပထမပိုင်း)"၊ **ရင်ခုန်သံ**၊ မှတ် ၉ (စက်တင်ဘာ ၁၉၉၀) စာ ၇၆-၇၈။

မိုးမိုး၏ အဆောင်နေကျောင်းသူဘဝ၊ အိမ်ထောင်သည်ဘဝမရောက်မီကာလများကို ဖော်ပြထား၍ ကိုမျိုးညွန့်၏ သူငယ်ချင်းတစ်ဦးအမြင်ဖြင့် မိုးမိုးအပေါ် သူ၏ ထင်မြင်ယူဆချက်များ ရေးသားထားသည်။

၁၈။ -။ " မိုးမိုး(အင်းလျား)ရဲ့ ပထမနေ့များ (ဒုတိယပိုင်း)"၊ **ရင်ခုန်သံ**၊ မှတ် ၁၄ (ဖေဖော်ဝါရီ ၁၉၉၁) စာ ၆၀-၆၃။

မိုးမိုးနှင့် ကိုမျိုးညွန့်တို့၏ မင်္ဂလာဆောင်ပုံရိပ်များကို ဖော်ပြထား၍ သူတို့၏ အိမ်ထောင်ဦးမှ သားဦးကလေး နေမျိုးညွန့် မွေးဖွားသည့်အချိန်ကာလများထဲမှ သူအမှတ်ရသော မိုးမိုး၏ ပုံရိပ်များကို ရေးသားထားသည်။

၁၉။ -။ " မိုးမိုး(အင်းလျား) ပထမနေ့များ (တတိယပိုင်း)၊ **ရင်ခုန်သံ**၊ မှတ် ၂၇ (မေ ၁၉၉၂) စာ ၁၁၈-၁၂၀။

မိုးမိုး(အင်းလျား)တို့ မိသားစု စမ်းချောင်းမြို့နယ်၊ ဟသ်တလမ်း၌ နေထိုင်စဉ်ကာလမှ မြို့ထဲ ၃၃ လမ်းကို ပြောင်းသည်အထိ ပျောက်သောလမ်းမှာ စမ်းတဝါး ဝတ္ထု ရေးသားထုတ်ဝေဖြစ်သော အချိန်များထဲမှ မိုးမိုး(အင်းလျား)၏ ပုံရိပ်များကို ရေးသားဖော်ပြထားသည်။

၂၀။ စိုးမြင့်လတ်။ "စာဖတ်သူတို့နှလုံးသားတွင် ထာဝရတည်ရှိနေမည့် မိုးမိုး(အင်းလျား)နှင့် သူ့ဝတ္ထုများ"၊ **စံပယ်ဖြူ** မှတ် ၅၄ (မေ ၁၉၉၀) စာ ၁၀၇-၁၁၀။

မိုးမိုး၏ လုံးချင်းဝတ္ထုရှည်များ လူ့ဘောင်လောကအတွက် အကျိုးသက်ရောက်ပုံကို ဖော်ပြထားကာ သူမသည် ရိုးရိုးကုတ်ကုတ် နေထိုင်ရင်း စေတနာပါသော သိက္ခာရှိသော စာများကိုသာ ရေးသားခဲ့ပြီး အမျိုးသားစာပေဆုကို ထိုက်ထိုက်တန်တန်ရရှိခဲ့သူတစ်ဦးဖြစ်ကြောင်း ရေးသားထား၍ မြန်မာဝတ္ထုများဖြင့် ကမ္ဘာ့စာပေအသိုင်းအဝိုင်းထဲသို့ ခြေချမိရန် စွမ်းဆောင်နိုင်ခဲ့သူတစ်ဦးဖြစ်ကြောင်း ဖော်ပြထားသည်။

၂၁။ စွမ်းရည်၊ မောင်။" မိုးမိုး(အင်းလျား)နှင့် ဘဝသရုပ်ဖော်ဝတ္ထု"၊ **စံပယ်ဖြူ** မှတ် ၅၄ (မေ ၁၉၉၀) စာ ၄၈-၅၂။

မိုးမိုး၏ စာပေသဘောတရား၊ စာပေအယူအဆတို့ကို ရေးသားထား၍ မိုးမိုးသည် စကားနည်းနည်းပဲ ပြော၍ ပြောသည့်အတိုင်း လုပ်ဆောင်ကာ သူမ၏ ဝတ္ထုများသည်လည်း ခေတ်ပြိုင် လူမှုရေးဘဝ၊ မျက်မှောက်ခေတ် သာမန်ပြည်သူအများစု၏ ဘဝကို ထင်ဟပ်သော ရေးသားချက်များဖြစ်၍ မြန်မာစာပေလောကတွင် တောက်ပသည့် ကြယ်တစ်ပွင့်ဖြစ်ကြောင်းကို အသိအမှတ်ပြု မော်ကွန်းရေးထိုးရမည်ဖြစ်ကြောင်း ရေးသားထားသည်။

၂၂။ ညိုထွန်းလူ။ "ကြွေကျနှင်းဆီ"၊ **မညိုပြာရဲ့နှင်းဆီခင်းစာစု**၊ မန္တလေး၊ ကြီးပွားရေး (အောက်တိုဘာ ၁၉၉၀) စာ ၂၇-၃၄။

မိုးမိုး(အင်းလျား) သေဆုံးမှုသတင်းကို ကြားရစဉ်မှာပင် မိုးမိုး၏ စာပေများကို စွဲလမ်းခဲ့ရပုံ၊ ဇာတ်ကောင်တို့၏ ဘဝကို နားလည်ခဲ့ရပုံ

တို့အပြင် မန္တလေးမြို့ရှိ လူထုတိုက်မှာ သူမနှင့်ဆုံခဲ့ရပုံကို တရေးရေး မြင်ယောင်ကာ သံသရာအဆက်ဆက်မှာ သူမ ရေးချင်သောစာများ ရေးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းကြောင်း ရေးသားထားသည်။

၂၃။ နှင်းဆီအောင်။ "ကျွန်မသိသော မိုးမိုး(အင်းလျား)"၊ **မညိုပြာရဲ့ နှင်းဆီခင်းစာစု**။ မန္တလေး၊ ကြီးပွားရေး (အောက်တိုဘာ ၁၉၉၀) စာ ၂၇-၃၄။

မိုးမိုး(အင်းလျား)၏ ဝတ္ထုရှည်များအနက်မှ တချို့ကို ကောက်နုတ်တင်ပြထား၍ ထိုဝတ္ထုရှည်မှ ရရှိသော အတွေးအခေါ်များ၊ မေးခွန်းများကို ဖော်ပြထားသည်။ ထိုဝတ္ထုရှည်များကို ဖတ်ပြီးနောက် စာရေးသူ၏ ရင်ထဲမှာ ဖြစ်ပေါ်လာသော ခံစားချက်များကိုလည်း ရေးသားဖော်ပြထားသည်။

၂၄။ မဟေသီအယ်ဒီတာအဖွဲ့။ " မိုးမိုး(အင်းလျား) အတွက် နွေဦးနံနက်"၊ **မဟေသီ**၊ မှတ် ၁၁၄ (ဧပြီ ၁၉၉၄) စာ ၃၂-၃၃။

မိုးမိုး(အင်းလျား) ကွယ်လွန်ခြင်း ၄နှစ်ပြည့် အထိမ်းအမှတ်ပွဲတွင် ကဗျာဆရာ၊ စာရေးဆရာများက အမှတ်တရစကား ပြောကြားကြပုံနှင့် မောင်သွေးသစ် သူမအတွက် အမှတ်တရဂုဏ်ပြုရွတ်ဆိုသော 'ဆောင်းနှောင်းလေးလီ နွေဦးလေးလှည့်' ကဗျာကို ဖော်ပြထားသည်။

၂၅။ " မိုးမိုး(အင်းလျား) ကွယ်လွန်ခြင်း. . . နှင့် အင်းလျားစာပေ"၊ **ဟန်သစ်**၊ မှတ် ၄၆ (ဧပြီ ၁၉၉၄) စာ ၃၂-၃၃။

မိုးမိုး(အင်းလျား) ကွယ်လွန်ခြင်း လေးနှစ်မြောက် အထိမ်းအမှတ်ပြုလုပ်သော အခမ်းအနားအကြောင်း ရေးသားထားခြင်းဖြစ်သည်။ လေးနှစ်ပြည့် အထိမ်းအမှတ်ကဗျာကို မောင်သွေးသစ်က ရေးသားရွတ်ဆို၍ မိုးမိုး၏ ရုပ်ပုံလွှာများကို ကိုရိုးကွန့်၊ မနှင်းဖွေး၊ ချစ်ဦးညိုတို့က အမှတ်တရ ပြောကြခြင်းကို ရေးသားထားသည်။

၂၆။ မြတ်ခိုင်။ " မိုးမိုး(အင်းလျား) နှစ်ပတ်လည်အမှတ်တရ"၊ **ရင်ခုန်သံ**၊ မှတ် ၁၇ (မေ ၁၉၉၁) စာ ၁၀၈-၁၁၁။

ဆိုဗီယက်နိုင်ငံသူ ဒေါ်စိန်တင်၊ မိုးမိုး(အင်းလျား) နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ပုံ၊ မိုးမိုး၏ ပန်းပု ရုပ်ထုပုံတူကို သမီး

သွယ်မျိုးညွှန့်မှ တစ်ဆင့် ဒေါ်စိန်တင်အား လက်ဆောင်ပေးသည့် အကြောင်း အရာများကို မှတ်တမ်းတင်ဖော်ပြထားသည်။

၂၇။ မြတ်ဟိန်း၊ မောင်။ 'စာရေးဆရာမ မိုးမိုး(အင်းလျား) ကွယ်လွန်သည့် စတုတ္ထနှစ်လောက်မှာ၊ **စံပယ်ဖြူ** တွဲ ၂၊ မှတ် ၅၊ (မေ ၁၉၉၄) စာ-၁၂၅။

မိုးမိုး(အင်းလျား) ၏ ကွယ်လွန်ခြင်း လေးနှစ်ပြည့်ခဲ့သော်လည်း သူမကို မမေ့သော စာပေမိတ်ဆွေများက အမှတ်တရအစီအစဉ် ပြုလုပ်ခြင်းကို ရေးသားထား၍ စာရေးဆရာမ မိုးမိုး(အင်းလျား)သည် ဂုဏ်သရေရှိစွာဖြင့် သူ့ခေတ် သူ့အခါတွင် အောင်မြင်ကျော်ကြားခဲ့သော စာရေးဆရာမ တစ်ဦးဟု မှတ်တမ်းတင် ဂုဏ်ပြုရေးသားထားသည်။

၂၈။ ရိုးကွန့်၊ ကို။ "မြင်ကွင်းကျယ်အသံရောင်စုံ"။ **မညိုပြာရဲ့နှင်းဆီခင်းစာစု**၊ မန္တလေး၊ ကြီးပွားရေး (အောက်တိုဘာ ၁၉၉၀) စာ ၇၅-၈၆။

မိုးမိုးရေးခဲ့သော ဝတ္ထုတချို့ထဲမှ ဇာတ်ကောင်များ အကြောင်းကို ရေးသားထားသည်။ နိမ့်ကျရုန်းကန်ရသော ဘဝမျိုးစုံကို စာပေဖြင့် ရေးဖွဲ့ခဲ့သော သူမအား သေမင်းမှ လွတ်မြောက်ရန်ဆုတောင်းမိသော်လည်း မရနိုင်တော့ကြောင်း ရေးသားထားသည်။

၂၉။ လူမိုးအေး။ "ပျောက်သောလမ်းမှာ စမ်းတဝါး (သို့မဟုတ်) မြို့ပြမီးအိမ်"၊ **မဟေသီ**၊ မှတ် ၃၃ (ဧပြီ ၁၉၈၇) စာ ၁၄၆-၁၄၉။

ပျောက်သောလမ်းမှာ စမ်းတဝါးဝတ္ထုကို ဂျပန်ဘာသာ ပြန်ဆိုသူယာဆုကိုဒိုဘာရှီ၏ ဝေဖန်ချက်၊ တိုရိုတာဖောင်ဒေးရှင်း၏ စာပေ ဝေဖန်ချက်၊ ဂျပန်စာဖတ်ပရိသတ်တစ်ဦး၏ အမြင်များကို ရေးသားဖော်ပြ ထားသည်။

၃၀။ လေ့လာသူတစ်ဦး။ "စာပေဘဝတစ္စေ့တစောင်း"၊ **စံပယ်ဖြူ** မှတ် ၅၄ (မေ ၁၉၉၀) စာ ၂၉-၃၅။

မိုးမိုးသည် စာရောလူရော ချစ်ခင်စရာကောင်း၍ သူ၏ ဘဝနှင့် အနုပညာ၊ တစ်ထပ်တည်းကျသော စာနှင့် စာရေးဆရာသွေး အမျိုး အစား တူသူဟု ချီးကျူးဂုဏ်ပြု ရေးသားထား၍ မိုးမိုး သက်ရှိထင်ရှား ရှိစဉ်

အခါက စာပေလောကအတွက် ပါဝင်လှုပ်ရှားခဲ့သော ခေတ်ပုံများကိုပါ ဖော်ပြထားသည်။

၃၁။ ဝင့်၊ မ (မြစ်ငယ်)။"အလွမ်းများစီးတဲ့ လွန်းများစည်း"၊ မညိုပြာရဲ့ **နှင်းဆီခင်းစာစု**၊ မန္တလေး၊ ကြီးပွားရေး (အောက်တိုဘာ ၁၉၉၀) စာ ၈၇-၉၅။

ကုန်စျေးနှုန်းကြီးခြင်းထက် တခြား ရေးစရာထက်ကောင်းသော သိမ်မွေ့နက်ရှိုင်းသည့် အကြောင်းအရာများကို ရေးသားရန် အားပေးသော မိုးမိုးအတွက် မန္တလေးမြို့အနီးရှိ ရွာငယ်လေးများမှ ထုတ်လုပ်သော အနုပညာထွက်ကုန်ပစ္စည်း အသစ်အဆန်းကလေးများအကြောင်း အသေးစိတ်ရေးသားဖော်ပြထားသည်။ လွန်းများ စည်းရက်လုပ်သော လူငယ်တို့၏ ဘဝနှင့် အားမာန်သတ္တိကိုလည်း ရေးသားဖော်ပြထားသည်။ သူမ အမည်ပေးထားသော လွန်းများစည်း အထည်ကလေးကိုကြည့်ရင်း စာရေးသူရင်ထဲမှ အလွမ်းများ ဖိစီးလာပါသည်ဟု ရေးသားထားသည်။

၃၂။ ဝင်းစည်သူ။ "ပင်ထက်ပျော်သင့်"၊ **မညိုပြာရဲ့ နှင်းဆီခင်းစာစု**၊ မန္တလေး၊ ကြီးပွားရေး (အောက်တိုဘာ ၁၉၉၀) စာ ၄၉-၅၃။

သေမင်းက လူမှားပြီးခေါ်တတ်တယ်နော်ဟု အမှတ်တမဲ့ပြောခဲ့သူ မိုးမိုး တကယ်ဆုံးသွားသောအခါ သူမကို လွမ်းဆွတ်တမ်းတလျက် မဂ္ဂဇင်းအယ်ဒီတာလုပ်သူ သူမက မဂ္ဂဇင်းဖောင်ပိတ်ရက်ကို သတ်မှတ်နိုင်ခဲ့သော်လည်း သူမဘဝ ဖောင်ပိတ်သွားခဲ့သည်ကို ပြောမပြခဲ့လေပါလားဟု ရေးသားဖွဲ့ဆိုထားသည်။

၃၃။ ဝင်းမင်းထွန်း။ "ဆုတောင်းလိုက်သည် အိုနှင်းဆီ"၊ **ကလျာ**၊ မှတ် ၆၃ (မေ ၁၉၉၀) စာ ၅၆-၅၈။

မိုးမိုးသည် သာမန်မိန်းမသားမဟုတ်ဘဲ စာပေနယ်အတွက် တန်ဖိုးရှိသော မိန်းမသားတစ်ဦးဖြစ်၍ သူမ ကွယ်လွန်ခြင်းသည် အစားထိုးမရနိုင်သော အနုပညာရှင်တစ်ဦး ဆုံးရှုံးခြင်းဖြစ်ကြောင်း ရေးသားထားသည်။

၃၄။ သတင်းအယ်ဒီတာ။ " မိုးမိုး(အင်းလျား) အမှတ်တရအစီအစဉ်များမှ"၊ **ရှင်ခုန်သံ** (မေ ၁၉၉၄) စာ ၂၈-၃၃။

မိုးမိုး(အင်းလျား) ကွယ်လွန်ခြင်း စတုတ္ထနှစ်ပတ်လည်ပွဲ အခမ်းအနားကျင်းပပုံ၊ အမှတ်တရအဖွဲ့ဖွဲ့၍ ယင်းအဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကို ရေးသားဖော်ပြထားသည်။

၃၅။ သူရဇော်။ " မိုးမိုး(အင်းလျား) အမှတ်တရ"၊ **စံပယ်ဖြူ** တွဲ ၂၊ မှတ် ၅ (မေ ၁၉၉၄) စာ ၁၂၀-၁၂၄။

မိုးမိုး(အင်းလျား)၏ ပုံရိပ်များထဲမှ စာရေးသူသတိရမိသော တိုင်းရင်းမေဂျာနယ်၌ ကလောင်သွေးစ ကာလများ၊ မိုးမိုး၏ အိမ်ထောင်ဦး ဘဝပုံရိပ်များကို အမှတ်တရ ဖော်ပြထားသည်။ သူမ၏ ဇာတိမြို့ဖြစ်သော ဒိုက်ဦးမြို့တွင်လည်း အမှတ်တရတစ်ခု လုပ်သင့်ကြောင်း အကြံပေးထားသည်။

၃၆။ သျှားတဲ့အောင်။ " မိုးမိုး(အင်းလျား) စျာပနမှတ်တမ်း"၊ **စံပယ်ဖြူ** မှတ် ၅၄ (မေ ၁၉၉၀) စာ ၁၉-၂၈။

မိုးမိုး သေဆုံးသည့်နေ့မှစ၍ ရက်လည်ဆွမ်းကျွေးသည့်နေ့ အထိ အစီအစဉ်များ၊ မီးသင်္ဂြိုဟ်သည့်နေ့တွင် သူ၏ စာပေရဲဘော်ရဲဘက်များက ဂုဏ်ပြုကဗျာရွတ်ဆိုကြပုံများကို ထွန်းထွန်း (စံပယ်ဖြူ)၏ မှတ်တမ်းဓာတ်ပုံများ နှင့်တကွ မှတ်တမ်းပြုစုထားသည်။

၃၇။ ဟိန်းလတ်။ "မိုးမိုး(အင်းလျား)၏ သေခြင်းအဘိဓမ္မာ"၊ **စံပယ်ဖြူ** မှတ် ၅၄ (မေ ၁၉၉၀) စာ ၁၂၆-၁၃၀။

မိုးမိုးသည် သူမ၏ စာပေများကောင်းကြောင်းကို စာရေးဆရာ အချင်းချင်းက ချီးကျူးသည့်အခါ ဂုဏ်ယူမာနမတက်ဘဲ တည်ငြိမ်သော မျက်နှာဖြင့် စာဖတ်သူများအတွက် အကျိုးရှိမည့် စာပေများသာ ရေးသားသည်ဟု ပြန်ပြောလေ့ရှိကြောင်း၊ ပြုံး၍သာနေတတ်ကြောင်း၊ စံပယ်ဖြူမဂ္ဂဇင်းကို ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်ခဲ့ကြောင်း ရေးသားထားသည်။

၃၈။ အမာ၊ ဒေါ်(လူထု-)။ "မိုးမိုး(အင်းလျား) အတွက် အမေ့လက်ဆောင်"၊ **စံပယ်ဖြူ**။ မှတ် ၅၄ (မေ ၁၉၉၀) စာ ၄၄။

မိုးမိုးသည် မြန်မာစာပေ သရဖူ၏ စိန်တစ်ပွင့်ဖြစ်၍ သူမ၏ စာပေများသည် ခေတ်တစ်ခေတ်ကို ဖော်ပြနေသည့် စာပေများဖြစ်သောကြောင့် အခွန့်ရှည် တည်တံ့ပါစေဟု ဆုမွန်ကောင်းတောင်းထားသည်။

မိမိနှင့် မိုးမိုး(အင်းလျား)
နတ်နွယ်



၁

(က)

အခါတိုင်းလိုပဲ သူ မပွင့်တပွင့်ကလေး ပြုံးနေသည်။ သူ့မျက်လုံးများကို မှိတ်ထားသည်။ နှုတ်ခမ်းစုံကိုလည်း မထိတထိကလေး စေ့ထားသည်။ သူ၏ ပါးပြင်များ မို့အိနေကြသည်။ သို့သော် သူပြုံးနေသည်။ သူ၏ အပြုံးကို မျက်ခွံများပေါ်တွင် တွေ့နေရသည်။ ပါးပြင်များပေါ်တွင် တွေ့နေရသည်။ နှုတ်ခမ်းများပေါ်တွင် တွေ့နေရသည်။ သူပြုံးသည်က ဒါပဲဖြစ်သည်။ ဒါလောက်ပဲဖြစ်သည်။ သည့်ထက်လည်း လျော့မပြုံးပါ။ သည့်ထက်လည်း ပိုမပြုံးပါ။အမြဲတမ်းပင် ဖြစ်သည်။ သူ၏အတွင်းစိတ်များကို နှစ်နေရာတွင်သာ ထုတ်ဖော်ထင်ဟပ်တတ်သည်။ အနည်းငယ်စိတ်လှုပ်ရှားလျှင် ပါးပြင်များ နီမြန်းလာပြီး၊ အနည်းငယ် စိတ်ရှုပ်ထွေးလျှင် မျက်မှောင်ကုတ်သွားတတ်သည်။ သည်မှတစ်ပါးကား သူ ပြုံးနေသည်။ ထုံးစံအတိုင်း မပွင့်တပွင့်လေး ပြုံးနေတတ်သည်။ သည်အပြုံးကို မိမိ ကောင်းကောင်းမှတ်မိသည်။ မိုးမိုး၏ အပြုံးပင်ဖြစ်သည်။ ယခုလည်း ထုံးစံအတိုင်း သူ ပြုံးနေသည်။

(ခ)

ထိုနေ့က နံနက် ၁၀ နာရီတိတိတွင် ကြံတော အအေးတိုက် ဝင်းပေါက်သို့ မိမိ ရောက်သွားသည်။ သင်္ဂြိုလ်မည့်အချိန်က ၁၁ နာရီ ဖြစ်သည်။ တမင်ပင် တစ်နာရီစောပြီး လာခဲ့ခြင်း ဖြစ်သည်။ သို့သော် မိမိ ရောက်ရှိသွားချိန်တွင် ဝင်းထဲမှာရော၊ ဧည့်ခံခန်းမထဲမှာရော လူတွေ ပြည့်ကျပ် နေကြပြီ ဖြစ်သည်။

ဝင်ပေါက်သို့ မရောက်မီတွင် နောက်ဘက်မှ လူတစ်ယောက် ပါလာသည်ကိုသိ၍ ကြည့်လိုက်ရာ ပန်းချီဝသုန် ဖြစ်သည်။ သူလည်း မိမိလိုပင် အိမ်မှ တိုက်ရိုက်လာသူ ဖြစ်သည်။ ဘတ်စ်ကားစီးပြီး ခြေကျင်လျှောက်လာသူ ဖြစ်သည်။ မိမိတို့ကို ကားနှစ်စီး ဖြတ်ကျော်သွားသည်။ စာပေနယ်မှ အသိမိတ်ဆွေများ ဖြစ်သည်။

ဝင်းပေါက်ဝသို့ ရောက်သောအခါ အသိ စာရေးဆရာများ၊ ကဗျာဆရာများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ ထုတ်ဝေသူများ၊ ရုပ်ရှင်နှင့် ဂီတနယ်မှ မိတ်ဆွေများကို တွေ့ရသည်။ အဝေးတွင်လည်း ကျက်မှတ်မိသော မျက်နှာများကို လှမ်းမြင်ရသည်။

မိမိထံသို့ လူငယ်စာရေးဆရာတစ်ဦး လျှောက်လာသည်။ စာပေနှင့် အနုပညာ မိတ်ဆွေများ စီစဉ်သော အမှတ်တရ စာအုပ်ကလေးကို ပေးသည်။ တစ်ယောက်က ယပ်တောင်ကမ်းသည်။ ပြီးတော့ အမိန့်ပြန်တမ်း ဖတ်မည့်ကိစ္စ ပြောသည်။

အသိမိတ်ဆွေများကို ပြုံးပြနှုတ်ဆက်ရင်း ဧည့်ခံခန်းမဆီသို့ မိမိ လျှောက်သွားသည်။ အဝင်ဝအနီးတွင် ချစ်ဦးညိုနှင့်တွေ့သည်။ “အမိန့်ပြန်တမ်း” ကို ပြသည်။ မိမိ ဖတ်ကြည့်သည်။ ထို့နောက် ‘အစ်ကိုဖတ်မလား’ ဟု သူက မေးသည်။ မိမိက သူ့ကိုပင် ဖတ်ရန် ပြောလိုက်သည်။

ခန်းမကြီးအတွင်းသို့ ဝင်သွားသောအခါ မိမိကို မြင်သဖြင့် မောင်သွေးသစ် ရောက်လာသည်။ အစီအစဉ်များကို ပြောပြသည်။ ပြန်တမ်းကိစ္စ မေးသည်။ မိမိက ချစ်ဦးညိုနှင့် တွေ့ပြီးဖြစ်ကြောင်း ပြောလိုက်သည်။ ပြန်တမ်း မိတ္တူထားရန် ပြောသောအခါ ဖေမြင့်ထံတွင် ရှိသည်ဟု ဆိုသည်။

မိုးမိုးသည် စာပေအကျိုး၊ စာရေးဆရာတို့၏ အကျိုး၊ စာပေဖြင့် ပြည်သူတို့ အကျိုးတို့ကို မိမိတို့နှင့်အတူ သယ်ပိုးလုပ်ဆောင်သွားရန် ကျရာ တာဝန်ကို ယူထားသူတစ်ဦး ဖြစ်သည်။ သူ၏ဝိညာဉ် အကြောင့်အကြကင်းစွာ သွားလိုရာ သွားနိုင်ရန် မိမိတို့က ထုံးတမ်းစဉ်လာ ဝတ္တရားအရ အမိန့်ပြန်တမ်း ဖတ်ကြားကြရမည် ဖြစ်သည်။

မိုးမိုးလဲလျောင်းနေရာသို့ မိမိလျှောက်သွားသည်။ မိမိသည် နောက်ပိုင်းတွင် နှလုံးအားနည်းသဖြင့် အပြီးအပိုင် ခွဲခွာသွားကြတော့မည့် မိတ်ဆွေများ၏ မျက်နှာများကို ကြည့်ကာ နှုတ်မဆက်ဖြစ်သည်မှာ အတော်ကြာသွားပြီ။ သို့သော် မိုးမိုးနှင့်မူ မတွေ့ရသည်မှာလည်း ကာလအတန်ကြာပြီ။ နောက်ဆုံးအနေနှင့် တွေ့ဆုံနှုတ်ဆက်ရန်လည်း တာဝန်ရှိသည် ထင်သဖြင့် သူလဲလျောင်းရာအနီးသို့ ရောက်ရှိသွားသည်။ မိမိ ရောက်ရှိသွားသော လက်ဝဲဘက်ဘေးတွင် လူ နှစ်ယောက်၊ သုံးယောက် ရှိနေသည်ကို တိုးဝင်ပြီး မိုးမိုး၏ မျက်နှာကို ကြည့်လိုက်သည်။ သည်မှာ သူ ပြုံးနေသည်ကို တွေ့ရသည်။

မိုးမိုး ပြုံးနေသည်။ မိမိ အကြိမ်ပေါင်းများစွာ တွေ့မြင်ခဲ့ရဖူးသော အပြုံးပင် ဖြစ်သည်။ ယခင်က တွေ့မြင်ခဲ့ရသည်မှာလည်း သည်အပြုံးပင် ဖြစ်

သည်။ ယခုလည်း သည်အပြုံးပင် ဖြစ်သည်။ သူ၏အပြုံးသည် အစဉ်ထာဝရ တည်ရှိနေလိမ့်မည်ဟု ထင်ရသည်။

လက်ယာဘက်ဘေးတွင် လူတစ်ယောက်ရှိနေသည်ကို သတိပြုမိသဖြင့် ကြည့်လိုက်ရာ ကိုမျိုးညွန့်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ကျော်ကတည်းက သူနှင့် လက်တွဲခဲ့သူ ဖြစ်သည်။

ကိုမျိုးညွန့်က မိမိကို သတိပြုမိဟန် မရှိပါ။ မည်သည့် အခြင်းအရာကိုမျှလည်း သတိပြုမိဟန် မရှိပါ။ မထင်မှတ်ဘဲ သူ့ကို ခွဲခွာသွားသူ၏ မျက်နှာကိုသာ ညိုးငယ်စွာ ငေးစိုက်ပြီး ကြည့်နေသည်။

သူ သွားတော့မည်ဟု ပြုံး၍ နှုတ်ဆက်နေသော မျက်နှာနှင့် တကယ်ခွဲခွာသွားသည်ကို မယုံကြည်နိုင်ဘဲ ဖြစ်နေသော မျက်နှာတို့ကို တစ်လှည့်စီ ကြည့်ကာ ထိုနေရာမှ မိမိ ထွက်ခွာခဲ့သည်။

လှပသော၊ မွှေးပျံ့သော ပန်းခြင်းများ၊ ပန်းခွေများအကြားတွင် တစ်ခုသော ပန်းခွေရှိနေသည်။ "မြန်မာနိုင်ငံ စာရေးဆရာများ၊ မြန်မာနိုင်ငံ ကဗျာဆရာများ၊ စာနယ်ဇင်း သရုပ်ဖော်ပန်းချီဆရာများ" ဟု စာတန်း ရေးထိုးထားသည်။

မိမိတို့၏ နောက်ဆုံး နှုတ်ဆက်ခြင်းပင် ဖြစ်ပါသည် အပြုံးရှင်။ မိမိတို့ တတ်နိုင်သမျှသော အတိုင်းအတာဖြင့် ဂုဏ်ပြုလိုက်ရခြင်းဖြစ်ပါသည်။

(၈)

ထိုနေ့ကလည်း စနေနေ့ပင်ဖြစ်သည်။ မိုးမိုးကို ဂူသွင်းသဂြိုလ်ခဲ့သည့် နေ့ကလည်း ၁၇-၃-၉၀ စနေနေ့။ သူ၏သားအငယ် မောင်ဇော်မျိုးညွန့်နှင့် သမီးမသွယ်မျိုးညွန့်ကို ရှင်သာမဏေနှင့် သီလရှင်အဖြစ် သွတ်သွင်းချီးမြှင့်သည့် နေ့ကလည်း ၃၁-၃-၉၀ စနေနေ့။

ထိုနေ့ကလည်း မိမိသည် အလျှုမင်္ဂလာဌာနဖြစ်သော မဟာစည်သာသနာ့ရိပ်သာ ဓမ္မသာလာမဏ္ဍပ်သို့ ၁၀ နာရီအချိန် ရောက်ရှိသွားပါသည်။ ကျောင်းပေါက်ဝသို့ အဝင်တွင် တင်မောင်အေး (ကန့်ဘလူ)နှင့် တွေ့သဖြင့် နှစ်ယောက်အတူ ဝင်သွားကြပါသည်။

ဤ မဟာစည်ရိပ်သာ အလှူသို့ အလျင်က တစ်ကြိမ်သာ ရောက်ဖူးပါသည်။ ကိုမျိုးညွန့်နှင့် မိုးမိုးတို့၏ သားအကြီး နေမျိုးညွန့်ကို ရှင်ပြုတုန်းက ဖြစ်သည်။ သည်တုန်းက ကိုရင့် အဖေရော၊ အမေရော ရှိကြသည်။

ယခု သားအငယ်တွင်မူ မေမေက တမလွန်ဘ၀မှ တရားနာရမည် ဖြစ်ပါသည်။

ဦးပြည်းခေါင်းတုံးနှင့် သီလရှင်မလေး သွယ်မျိုးညွန့်ကို တွေ့ရသော အခါ သူ့အမေ သီလရှင် ၀တ်ခဲ့သည်ကို လည်းကောင်း၊ သူ့အမေ ရေးသားခဲ့သော **မသုစမ္မစာရီ**ကို လည်းကောင်း အမှတ်ရရှိရတော့သည်။

မိုးမိုး၏ ၀တ္ထုရှည်များတွင် မိမိအကြိုက်ဆုံးနှစ်ပုဒ်ကို ပြပါဟုဆိုလျှင် **ပျောက်သောလမ်းမှာ စမ်းတ၀ါး**နှင့် **မသုစမ္မစာရီ**တို့ပင်ဖြစ်သည်။ **မသုစမ္မစာရီ**ကို ဖတ်စဉ်က မိမိမျက်ရည်ကျခဲ့ရသည့်အဖြစ်ကို မိုးမိုးအား မိမိ မပြောလိုက်ရပါ။

အမှန်တော့ မိမိရော၊ မိုးမိုးပါ စကားနည်းကြသူများ ဖြစ်သဖြင့် မိမိတို့သည် အနှစ်နှစ်ဆယ်မျှ ရင်းနှီးခင်မင်ခဲ့ကြသော်လည်း စကားများများ ပြောဖူးကြခြင်း၊ ပြောဖြစ်ကြခြင်း မရှိပါ။

(ဃ)

အမှန်ပင်ဖြစ်သည်။ ကိုမျိုးညွန့်၊ မိုးမိုး(အင်းလျား) တို့နှင့် မိမိ ခင်မင်ရင်းနှီးခဲ့ရသည်မှာ အနှစ်နှစ်ဆယ်မျှပင် ဖြစ်သည်။ ၁၉၇၀ ၀န်းကျင်က ၃၃ လမ်းတွင် မိမိတို့ စခန်းချသည့် နေရာမှာ **စာပေလောက** ဖြစ်သည်။ သူတို့ နှစ်ယောက်က ၁၉၆၉ ခုနှစ်တွင် လက်ထပ်ခဲ့ကြသည် မဟုတ်လား။

မိမိနှင့် ပထမဆုံး ခင်မင်ရင်းနှီးရသည်မှာ ကိုမျိုးညွန့်၏ဖခင် စာပေလောက ဦးခင်ညွန့်ပင်ဖြစ်သည်။ မိမိ ရန်ကုန်ရောက်စ ၁၉၅၃ လောက်ကတည်းကပင် သူ့ကို သိရှိခဲ့ရသည်။ **စာပေလောက**ကို ဘယ်လိုစပြီး သိသနည်း။ စာဖတ်သူများ၊ စာပေ၀ါသနာရှင်များ၊ စာရေးဆရာများအနေနှင့် **စာပေလောက**ကို "မသိဘဲနေ၍ မရနိုင်သဖြင့်" သိကြရခြင်းဖြစ်သည်။

"မသိဘဲနေ၍ မရနိုင်သဖြင့်" ဟုဆိုရခြင်းမှာ "စာပေလောက စာအုပ်ဆိုင်" သည် စာပေလောကတွင် တစ်မူထူးခြားခဲ့သောကြောင့် ဖြစ်ပါသည်။

ထိုစဉ်က ရန်ကုန်မြို့တွင် ထင်ရှားသော မြန်မာစာအုပ်ဆိုင်များဟူ၍ **ဦးဘရီနှင့် သမီးများ၊ ကိုတင်အောင် မစန်းစာပေ၊ ကိုမောင်မောင် မနုစာပေ** တို့ ဖြစ်ကြသည်။ သူတို့သည် တိုက်ခန်းကျယ်ကြီးများ မဟုတ်သော်လည်း သူတို့နေရာနှင့် သူတို့ ရှိကြသည်။ ဆိုင်ခန်းမရှိသူများကား ပလက်ဖောင်းပေါ်တွင် ရောင်းကြသည်။

"စာပေလောက စာအုပ်ဆိုင်" မှာ အခန်းမရှိပါ။ သို့သော် ပလက်ဖောင်းပေါ်တွင် ခင်းရောင်းသည်လည်းမဟုတ်ပါ။ သူက ထူးခြားသည်။ စာအုပ်ဆိုင်အဖြစ် ပြုပြင်ထားသော ကားကြီးဖြင့် ရောင်းချခြင်း ဖြစ်သည်။ ညနေရုံးဆင်းချိန်ဆိုလျှင် ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့်တွင် ရောက်ရှိနေပေပြီ။ "စာပေလောက" ကားကြီးကို အဝေးကပင် တွေ့မြင်နိုင်သည်။

မိမိတို့သည် စာအုပ်ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ၊ သူ့ကားရှေ့မှ လျှောက်သွားတိုင်း သူ့ကို နှုတ်ဆက်သည်။ စကားပြောသည်။ အချိန်ရလျှင် အချိန်ကြာကြာ ပြောဖြစ်သည်။ ဦးခင်ညွန့်က မျက်နှာချိုသည်။ အပြောချိုသည်။ စကားများများ ပြောတတ်သည်။ သူနှင့် စကားပြောရသည်မှာ နှစ်သက်ဖွယ်ရာဖြစ်သည်။ အကြောင်းစုံ ပြော၍ရသည်။ သို့ဖြင့် မိမိသည် ရန်ကုန် ရောက်ကတည်းက သူ့ကို သိရှိသည်ဟု ဆိုရခြင်းဖြစ်သည်။ သို့မဟုတ် **စာပေလောက**နှင့် ရင်းနှီးခဲ့ရခြင်း ဖြစ်သည်။

ထို့နောက် **စာပေလောက**သည် ၃၃ လမ်း အခန်းသို့ ရောက်ရှိလာသည်။ စာအုပ်ဆိုင်အပြင် ပုံနှိပ်တိုက်နှင့် စာအုပ်ထုတ်ဝေရေးတို့ပါ ဖြစ်သည်။

မိမိတို့သည် ၃၃ လမ်းရောက်တိုင်း စာပေလောက ဦးခင်ညွန့်နှင့် ဖွဲ့ဦးထွန်းရှိန်တို့နှင့် စကားပြောရသည်။ "ဖွဲ့ကြီး"ကလည်း စကားပြောကောင်းသူဖြစ်သည်။ စကားကို အားရပါးရ ပြောဆိုတတ်သူ ဖြစ်သည်။ သူနှင့် ပြောရသည်မှာ ဗဟုသုတများ ရရှိသလို၊ စိတ်ပျော်ရွှင်စွာလည်း ရယ်မောကြရသည်။ ယခု "ဖွဲ့ကြီး" မရှိပြီ။

မိမိတို့သည် ထိုစဉ်က ၃၃ လမ်းသို့ နေ့စဉ်လိုပင် ရောက်ရှိကြပြီး **စာပေလောက**သို့လည်း နေ့စဉ်လိုပင် ဝင်ရောက်ကြသည်။ ဆိုင်ရှေ့တွင် ရိုက်ထားသော သစ်သား ထိုင်ခုံများပေါ်တွင် စကားပြောကြသည်။ မိမိသည် "စာပေလောက" ဆိုင်ကို မှန်မှန်ဝင်ရောက်ရင်း စာပေလောက မိသားစုအားလုံးနှင့်ပင် ရင်းနှီးရသည်။

တစ်နေ့တွင် ထိုစဉ်က **မိုးဝေ** မဂ္ဂဇင်းတည်ရှိရာ ၁၀၇ လမ်း၊ **နံ့သာတိုက်**သို့ စာရေးဆရာဦးဘဝင်း (ကွယ်လွန်) နှင့် ဦးခင်ညွန့်တို့ ရောက်ရှိလာကြသည်။ မလိခကလောင်အမည်ဖြင့် မိမိတို့ရေးသားခဲ့သော **မြန်မာ့ဝတ္ထုအညွန်း** စာအုပ်များကို ဒုတိယအကြိမ် ပြန်ရိုက်လိုကြောင်း ဦးခင်ညွန့်က လာပြောခြင်း ဖြစ်သည်။ ဦးဘဝင်းကို အဖော်ခေါ်လာခြင်း ဖြစ်သည်။ ဤတွင် မိမိက-

'ဩော် ဦးခင်ညွန့်ရယ်၊ ဒါများ ကျွန်တော်က ဘာများလဲမှတ်လို့။ ဘာဖြစ်လို့ တကူးတကန့် လာနေရတာလဲ၊ ဦးခင်ညွန့်တို့ဆိုင်ကို ကျွန်တော် နေ့တိုင်းလောက် ရောက်နေတာပဲ'

'ဘယ်ဟုတ်မလဲဗျ၊ စာရေးဆရာဆီက စာမူကို လေးလေးစားစား တောင်းမှပေါ့'

ဦးခင်ညွန့်က အလေးအနက် ပြောသည်။

'ဟုတ်တယ်၊ သူက ခင်ဗျားဆီကို သွားမယ်ဆိုပြီး ကျွန်တော့်ကို ခေါ်လာတာ။ ကိုနတ်နွယ် အဆင်ပြေအောင် လုပ်ပေးလိုက်ပါ'

ဦးဘဝင်းက ဝင်ပြောသည်။

'ဟာ ဘာအဆင်မပြေစရာ ရှိမလဲ၊ ဒါပေမယ့် မလိခက ကျွန်တော် တစ်ယောက်တည်း မဟုတ်တော့ ကိုမင်းကျော်ကို တိုင်ပင်ရဦးမယ်။ မနက်ဖြန် ကျွန်တော် အကြောင်းပြန်မယ်လေ၊ အားလုံး အဆင်ပြေမှာပါ။ မနက်ဖြန်နေ့ခင်း ကျွန်တော် ဆိုင်ဝင်လာခဲ့မယ်'

'အဲဒါဆိုရင် ကောင်းတယ်။ ကျွန်တော်လည်း ဆိုင်မှာ ရှိနေမယ်။ ဒါပေမဲ့ ပုံနှိပ်တိုက်နဲ့ ထုတ်ဝေရေးလုပ်ငန်းတွေကို ကျွန်တော့်သား မောင်မျိုးညွန့်ကို လွှဲထားတယ်။ သူက စာအုပ်ထုတ်ဝေရေး လုပ်ချင်တယ်။ ကျွန်တော် သူ့ကို လွှဲကြည့်တာ မဆိုးပါဘူး၊ သူ လုပ်တတ်ပါတယ်။ သူ့မှာ စိတ်ကူးကလေး ရှိတယ်။ လူငယ်ဆိုတော့ ခေတ်အမြင်လည်း ရှိတယ်။ သူ့ သူငယ်ချင်းတွေကလည်း သူ့ကို ဝိုင်းကူညီကြတယ်။ သူ့သူငယ်ချင်းတွေ ကိုနတ်နွယ်သိမှာပေ့ါ။ ဒေါက်တာငွေစိုးတို့ မောင်ဖေမြင့်တို့၊ မောင်ဇေယျတို့'

'ကျွန်တော်သိပါတယ်၊ ကိုမျိုးညွန့်ကိုရော၊ သူ့ သူငယ်ချင်းတွေရော ကျွန်တော် သိနေတာပဲ။ မနက်ဖြန် ကျွန်တော် လာခဲ့မယ်'

ထိုနေ့ညနေက မင်းကျော်ကို အကျိုးအကြောင်း ပြောသောအခါ မိမိ ကြိုက်သလိုလုပ်ရန် လွှဲအပ်လိုက်ပါသည်။ သို့ဖြင့် နောက်တစ်နေ့တွင် **စာပေလောက**သို့ မိမိ ရောက်ရှိပြီး ဦးခင်ညွန့်၊ ကိုမျိုးညွန့်တို့နှင့် စာအုပ်ထုတ်ဝေရေး အစီအစဉ်များ ဆွေးနွေးကြသည်။ ကိုမျိုးညွန့်က စာမူခကို စာအိတ်ကလေး တစ်အိတ်နှင့်ထည့်ပြီး ချက်ချင်းပင် ပေးလိုက်သည်။

သို့ဖြင့် မလိခ၏ **မြန်မာဝတ္ထုအညွန်း** ၁၊ ၂ တစ်တွဲနှင့် ၃၊ ၄၊ ၅ တစ်တွဲကို **စာပေလောက**မှ သပ်ရပ်ခံ့ညားစွာ ထွက်လာသည်။ တစ်ချိန်က မောင်နေဝင်း စီစဉ်ခဲ့သော **မြန်မာဝတ္ထုတိုများ** စာအုပ်ကို ပြန်ထုတ်ချင်သည် ဆို၍လည်း မိမိ စီစဉ်ပေးရသည်။ ထို့နောက် **စာပေလောက** စာအုပ်တွင် စာမူ ရေးပေးရသည်။ ထို့နောက် "ကောလိယ" ကလောင်အမည်ဖြင့် **ကမ္ဘာ့သမိုင်းအဘိဓာန်** ကို မိမိရေးပေးခဲ့သည်။ ထို့နောက် နတ်နွယ်အမည်ဖြင့် **အနီနှင့်အနက်** ကို ဘာသာပြန်ပေးရန် ကတိပြုခဲ့သည်။

ကိုမျိုးညွန့်နှင့် သူ၏ သူငယ်ချင်းများဖြစ်ကြသော ဒေါက်တာငွေစိုး၊ ကိုဖေမြင့်၊ ကိုဇေယျတို့သည် စာ စရေးစဖြစ်ပြီး၊ စာပေနှင့် စာပေထုတ်ဝေရေးကို အထူးစိတ်ဝင်စားကြကာ၊ ကမ္ဘာ့ဂန္ထဝင်စာပေများကို ထုတ်ဝေရန် စိုင်းပြင်းလျက် ရှိကြသည်။ ထိုစဉ်က ကိုငွေစိုးတစ်ယောက်သာ ဆရာဝန်ဖြစ်ပြီး ကိုဖေမြင့်နှင့် ကိုဇေယျတို့က နောက်ဆုံးနှစ် ဆေးကျောင်းသားများ ဖြစ်ကြသည်။ သူတို့ အထဲတွင် မြန်မာစာဌာနမှ ကိုမြင့်စိုးလှိုင်လည်း ပါရှိသည်။

ဤသို့ဖြင့် မိမိသည် စာပေလောက စာအုပ်တိုက်၊ စာပေလောက မိသားစု၊ စာပေလောကအသိုင်းအဝိုင်းနှင့် ရင်းနှီးခဲ့သည်။ စာပေလောက မိသားစု တစ်ဦးဖြစ်သော မိုးမိုးနှင့်လည်း မိသားစုတစ်ဦးပမာ ရင်းနှီးရသည်။ သည်တုန်းက မိုးမိုးကလည်း စာရေးကာစပဲ ရှိသေးသည်။ သူ့ကို သူ့မိသားစုများ ခေါ်သည့်အတိုင်း "မစန်း" ဟုပင် မိမိ ခေါ်ခဲ့သည်။

မိုးမိုး၏ ဝတ္ထုတိုလေးများ **ငွေတာရီ**တွင် ပါစ ပြုနေပြီဖြစ်သော်လည်း သူ့ကို စာရေးဆရာအဖြစ် တအံ့တဩ တွေ့ရှိလိုက်ရသည်ကတော့ သူ၏ **ပျောက်သောလမ်းမှာ စမ်းတဝါး** ထွက်သောအခါတွင် ဖြစ်ပါသည်။

၂

မိုးမိုး၏ လုံးချင်းဝတ္ထုတစ်ပုဒ်ကို ပုံနှိပ်နေကြောင်း သိရသောအခါ အမှတ်မထင်ပင်ဖြစ်သည်။ ရိုးရိုးသားသား ပြောရလျှင် အထင်မကြီးမိပါ။ သာမန်မျှ လောက်သာဖြစ်လိမ့်မည်ဟု ထင်သည်။ သာမန်ထက်ပင် လျော့နည်းလျှင်လည်း လျော့နည်းနိုင်သည်။ အကြောင်းမှာ **ပျောက်သောလမ်းမှာ စမ်းတဝါး** ထွက်သောကာလသည် ယနေ့စကားနှင့်ပြောရလျှင် "ရွှေလုံးချင်းခေတ်" ဟု ပြောနိုင်သော ၇၀ စုကာလ ဖြစ်သည်။ ၁၉၇၁ ခုနှစ် လောက်မှစပြီး လုံးချင်းဝတ္ထုတွေ တစ်ခေတ် ထလာသည်။ အပြတ် ဖြန့်ချိသည့် စနစ် ပေါ်လာသည်။ "ရာခိုင်နှုန်း" စနစ် ပေါ်လာသည်။ ၂၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း စသည်ဖြင့် ဖြစ်လာသည်။

အရောင်းရထိုင်းသော စာရေးဆရာများပင် စောင်ရေ ၂,၀၀၀ ပြတ်ကြသည်။ စာရေးဆရာအသစ်များလည်း ၂,၀၀၀ ပြတ်ကြသည်။သို့ဖြင့် ထုတ်ဝေသူတွေ တိုးလာသလို စာရေးဆရာတွေလည်း တိုးလာသည်။ "ရှဲဒိုး" နှင့် "အမည်ခံ" စာရေးဆရာများလည်း တစ်ပါတည်း ဖြစ်ပေါ်လာကြသည်။ နာမည်ကြီး စာပေတိုက်များမှ "အမည်ခံ" စာရေးဆရာများ တစ်ပြိုင်တည်းလိုပင်

ထွက်ပေါ်လာကြသည်။ မည်သူက တကယ်ရေးသည်၊ မည်သူက အမည်ခံ ဖြစ်သည်။ မည်သူက မည်သူ့အတွက် ရေးပေးသည်ကို စာပေနယ်သား အချင်းချင်း သိရှိကြပါသည်။ အပြင်သို့လည်း သတင်းများ ပျံ့နှံ့လျက် ရှိသည်။

ထို့အပြင် သူတစ်ပါးကို "ရှဲဒိုး" အရေးခိုင်းပြီး "အမည်ခံ" စာရေးဆရာ မဟုတ်သည့်တိုင် စာအုပ်ထုတ်ဝေရေးတိုက်ပိုင်ရှင်၊ စာပုံနှိပ်တိုက်ပိုင်ရှင်နှင့် ပတ်သတ်သူများ ၎င်းတို့၏ တိုက်မှနေပြီး စာအုပ်ထွက်လာခဲ့လျှင်လည်း ကိုယ်တိုင်ရေးခြင်းဖြစ်သည့်တိုင် ပိုက်ဆံရှိ၍ ထုတ်ဝေခြင်း၊ စာအုပ်တိုက်ရှိ၍ ထုတ်ဝေခြင်းဟုသာ မှတ်ယူမိသည်။ စာရေးတတ်၍ စာအုပ်ဖြစ်လာခြင်းဟု မထင်မိပါ။

ယခုလည်း စာပေလောက စာအုပ်တိုက်နှင့် ပုံနှိပ်တိုက်ပိုင်ရှင် ခွေးမ၊ တစ်နည်းပြောရလျှင် ယင်းတိုက် မန်နေဂျာ၏ဇနီးက လုံးချင်းစာအုပ် ထုတ်ဝေမည်ဆိုသောအခါ ကိုယ့်ခွေးမ စာအုပ်၊ ကိုယ့်ဇနီး စာအုပ်ကို "ပလက်ဖောင်း" ရှိ၍ စင်တင်ကြည့်ခြင်းသာဟု မှတ်ယူမိပါသည်။

မိမိတို့သည် စာပေလောက စာအုပ်တိုက်နှင့် ရင်းနှီးခင်မင်သူများ ဖြစ်သည့်အလျောက် ယင်းတိုက်မှ စာအုပ်များကို **ရန်ကုန်လမ်းညွှန်၊ ချက်ပြုတ်နည်း၊ ကိုယ်တွေ့ဆရာဝန်** ဆိုသည်များကအစ ကိုယ်နှင့် လိုက်လိုက်၊ မလိုက်လိုက်၊ ဖတ်ဖတ်၊ မဖတ်ဖတ် မေတ္တာလက်ဆောင်အဖြစ် ထွက်သမျှ စာအုပ်အားလုံးကို ယူလေ့ ရှိကြပါသည်။ သို့ဖြင့် မိုးမိုး၏စာအုပ် ထွက်လာသောအခါတွင်လည်း ကိုမျိုးညွန့်ထံတွင် မေတ္တာလက်ဆောင် တောင်းသောအခါ -

'နေဦးဆရာ၊ ဒီစာအုပ်က စာရေးဆရာကိုယ်တိုင် လက်မှတ်ထိုးပြီး ဆရာတို့ကို ပေးလိမ့်မယ်'

သို့ဖြင့် မိုးမိုးက သူ၏စာအုပ်ကို သူကိုယ်တိုင် လက်မှတ်ထိုးပြီး မိမိတို့ကို စာပေလက်ဆောင် ပေးပါသည်။

မိမိတွင် ထုံးစံတစ်ခုရှိသည်။ ထုတ်ဝေသူထံမှ ရရှိသော မေတ္တာလက်ဆောင်စာအုပ်များကို အကုန်အစင် ဖတ်ဖြစ်ချင်မှ ဖတ်ဖြစ်သော်လည်း၊ စာရေးဆရာကိုယ်တိုင်က မေတ္တာလက်ဆောင်ပေးသော စာအုပ်များကိုကား လေးလေးစားစား ဖတ်ရှုတတ်ပါသည်။ ဖတ်ပြီး မကြိုက်လျှင် ဘာမျှမပြောဘဲ နေတတ်ပါသည်။ ကြိုက်လျှင် ကြိုက်သည့်အကြောင်း ပြောတတ်ပါသည်။ (အလွန့်အလွန် မကြိုက်လျှင်လည်း ဆောင်းပါး ရေးတတ်ပါသည်။ ရံဖန်ရံခါတွင်။)

မိုးမိုး၏စာအုပ်ကို ယူသွားပြီး နောက်တစ်နေ့မှာပင် ဖတ်ဖြစ်ပါသည်။ သည်တော့ အံ့သြရသည်။ မိုးမိုး စာရေးတတ်ပါကလား၊ သာမန်၏ အထက်မှာ ရှိပါကလား။ သို့သော် မကြိုက်သည့် အချက်အချို့လည်း ရှိပါသည်။ အနိဋ္ဌာရုံသဘော နည်းနည်း လွန်ကဲနေသည်ဟု ထင်မိသည်။

နောက်တစ်နေ့တွင် မိုးမိုးကိုရော၊ ကိုမျိုးညွန့်ကိုရော စာအုပ်ဖတ်ပြီးကြောင်း ကြိုက်ကြောင်း၊ သို့သော် အနိဋ္ဌာရုံသဘော အနည်းငယ် လွန်ကဲနေသည်ဟု ထင်မြင်ကြောင်း ပြောလိုက်သည်။ ထိုမျှမက မိတ်ဆွေ စာရေးဆရာများကိုလည်း မိုးမိုး၏ ဝတ္ထုကို ဖတ်ပြီးပြီလားဟု မေးမိသည်။ မဖတ်ရသေးဟု ဆိုလျှင် ဖတ်ရန် တိုက်တွန်းမိသည်။ ထို့နောက် ထုံးစံအတိုင်းပင် **ပျောက်သောလမ်းမှာ စမ်းတဝါး** အကြောင်း ဆွေးနွေးဖြစ်ကြသည်။

သို့တစေလည်း ဤဝတ္ထု အမျိုးသားစာပေဆု ရလိမ့်မည်ဟု မိမိ မထင်ခဲ့ပါ။ သို့မဟုတ် ပေးလိမ့်မည်ဟု မထင်ခဲ့ပါ။ အကြောင်းမှာ စောစောက ပြောခဲ့သည့်အတိုင်း အနိဋ္ဌာရုံသဘောကလေးများ ပါရှိနေသောကြောင့် ဆုရွေးချယ်ရေးအဖွဲ့က ကြိုက်ပါ့မလားဟု။

ဆုရသည်ဟု သိရသောအခါ ဝမ်းသာရသည်။ စာပေလောက စာအုပ်တိုက်အနှစ် ၂၀ မြောက် အထိမ်းအမှတ်နှင့် မိုးမိုး စာပေဆု ရရှိသည့် အထိမ်းအမှတ်ကို ကမ်းနားလမ်းဟိုတယ်တွင် တခမ်းတနား ကျင်းပသောအခါ မိမိတို့အားလုံး ဝမ်းသာအားရ တက်ရောက်ခဲ့ကြသည်။

ထို့နောက် မိုးမိုး၏ ဝတ္ထုများကို ပြတ်တောင်းပြတ်တောင်း ဖတ်ရသည်။ "ပြတ်တောင်း ပြတ်တောင်း" ဟု ဆိုရသည်မှာ သူက စာရေးကျဲသောကြောင့် ဖြစ်သည်။ အချို့က တစ်လ တစ်အုပ်လောက် ရေးနေချိန်တွင် သူက တစ်နှစ်မှ တစ်အုပ်၊ နှစ်အုပ်သာရေးပါသည်။ အလွန်ဆုံး သုံးလေးအုပ်သာ ထွက်ပါသည်။

တစ်ခါက သူရယ်၊ ကိုမျိုးညွန့်ရယ်၊ မိမိရယ် သုံးယောက်တည်း ရှိနေစဉ် မိမိက ယခုတလော စာရေး၍ မပြီးကြောင်း၊ တစ်နေ့ကို နှစ်ဖောင်လောက်ပြီးအောင် မနည်းရေးရကြောင်း၊ ယခင်တုန်းကဆိုလျှင် တစ်နေ့ လေးငါးဖောင် ရေးကြောင်း၊ ဖောင် ၃၀ ကျော်ရှိသော **ဝက်ပါ** ကို တစ်ပတ်တည်းနှင့် ရေးခဲ့ကြောင်း (ယခုအခါ တစ်နေ့ တစ်ဖောင်ပင် မပြီးတော့ပါ။ ဇရာဖြစ်ပါသည်။) ပြောသောအခါ မိုးမိုးက -

'ဆရာရယ် ကျွန်မ အဲဒီလို ရေးချင်လိုက်တာ၊ ကျွန်မက တစ်နေ့ တစ်ဖောင် မပြောနဲ့၊ တစ်နေ့ကို သုံးလေးမျက်နှာ ပြီးအောင်တောင် မနည်းရေးရတယ်' ဟု ဆိုပါသည်။

ထို့နောက် မိုးမိုးသည် စာအထွက်နည်းသည်ကို အားမရသဖြင့် စာပိုပြီးရေးနိုင်ရန် ရုံးအလုပ်မှ ထွက်လိုက်ပါသည်။ ထိုမျှမက လွတ်လွတ်လပ်လပ် ရေးနိုင်ရန် သမ္မတဟိုတယ်မှာ သွားရေးပါသည်။

သမ္မတမှာ သူကအခန်းငှားထားသည်။ သို့သော် ညမအိပ်ပါ။ နေ့ဘက်တွင် စာရေးရုံသာ သွားပါသည်။ မနက် ရှစ်နာရီ၊ ကိုးနာရီလောက်တွင် သွားပြီး ညနေဘက် လေးနာရီ၊ ငါးနာရီလောက်တွင် ပြန်လာလေ့ရှိပါသည်။ မိမိတို့က မိုးမိုးအပြန်ကို ကိုမျိုးညွန့်နှင့်အတူ သွားကြိုလေ့ ရှိပါသည်။

အမှန်တော့ "သွားကြိုသည်" ဆိုသည်ထက် "ဘီယာသွားသောက်သည်" ဆိုခြင်းက မှန်ပါသည်။ အဲဒီတုန်းက "ဘီယာ"ရှားပါသည်။ (အခုပေါ မပေါမသိပါ။) ဟိုတယ်များတွင်လည်း အပြင်မှ လာရောက်စားသုံးသူများကို ဘီယာ မရောင်းပါ။ တည်းခိုသူများကိုသာ ရောင်းပါသည်။ ထိုသို့ဖြင့် မိုးမိုးသမ္မတမှာ စာသွားရေးသည်မှာ မိမိတို့ ဘီယာသောက်ဖို့ ဖြစ်နေသည်။

ညနေ လေးနာရီ၊ ငါးနာရီလောက်တွင် မိမိတို့က **စာပေလောက**မှာ စုပြီး သမ္မတဟိုတယ်သို့ ချီတက်သွားကြပါသည်။ အောက်ထပ် ဧည့်ခန်းကောင်တာမှ ဖုန်းဆက်လိုက်လျှင် မိုးမိုးသည် ပိုက်ဆံအိတ်ကလေးကိုကိုင်ပြီး ဆင်းလာပါသည်။ မိမိတို့မှာ ဘီယာအတွက်လည်း မပူရပါ။ ဘီယာဖိုးလည်း မပူရပါ။ ဘီယာဒါယိကာမကြီး တမလွန်ဘဝမှာ သာယာချမ်းမြေ့ပါစေ။

တစ်ခါတစ်ခါတွင် မိမိတို့သည် လေးနာရီ၊ ငါးနာရီအထိ မစောင့်နိုင်သဖြင့် ညနေ သုံးနာရီလောက်မှာပင် ရောက်ရှိသွားတတ်ကြသည်။

သည်အခါ မိမိတို့က-

'မိုးမိုးရေ ဆောရီးပဲ၊ ကနေ့ နေနည်းနည်းပူတာနဲ့ စောစော ထွက်လာကြတာ'

သူက ထုံးစံအတိုင်း ပြုံးလိုက်ပြီး-

'ရပါတယ်၊ ကျွန်မကလည်း ညနေဘက်ဆိုရင် ဆရာတို့ပဲ မျှော်နေတာ'

'ကိုမျိုးညွန့်ကို မျှော်နေတာမဟုတ်လား'

သည်အခါ လင်မယားနှစ်ယောက် ရယ်ကျဲကျဲ။

သို့သော် တစ်ခါတွင် မိမိက မိုးမိုး သမ္မတဟိုတယ်တွင် စာရေးသည့်အကြောင်း စာထဲမှ ကလိလိုက်မိသည်။

သည်လို . . . . .

"မိမိသည် မိုးမိုးလိုလည်း သမ္မတဟိုတယ်မှာသွားပြီး စာမရေးနိုင်။ မင်းကျော်လိုလည်း ကလောမှာသွားပြီး စာမရေးနိုင်သဖြင့် သန်လျင်မှာပင် ခြံကလေးတစ်ခြံ ဝယ်ရသည်။"

မိုးမိုး ကျွဲမြီးတိုပြီး မိမိကို အတော်ကြာကြာ စကားမပြောဘဲနေခဲ့သည်။ မင်းကျော်နှင့် မောင်နေဝင်းတို့ကိုလည်း တိုင်တန်းခဲ့သည်။

'ဆရာနတ်နွယ်က ကျွန်မအထပ်ခိုးကလေးမှာ ဘယ်လိုနေရတယ်ဆိုတာလဲ သိလျက်သားနဲ့၊ ဘာဖြစ်လို့ သမ္မတမှာ သွားနေရတယ်ဆိုတာလဲ သိလျက်သားနဲ့ အခုလိုရေးလိုက်တော့ စာဖတ်သူတွေက ကျွန်မကို တမင်ကြီးကျယ်တာလို့ ထင်မသွားကြဘူးလား'

ဆောရီးပါ မိုးမိုး။

တစ်ခါတစ်ရံတွင် မိမိက ရင်းနှီးသည့်သဘောဖြင့် ဟိုကလိ၊ သည်ကလိ လုပ်တတ်သလို ရံဖန်ရံခါတွင်လည်း အကင်းမပါး ဖြစ်တတ်သည်။

တစ်ညနေတွင် အတန်ငယ်မိုးချုပ်သည်အထိ **စာပေလောက** ထိုင်ခုံတစ်ခုပေါ်တွင် ထိုင်နေစဉ် ကိုမျိုးညွန့်က-

'ဆရာ ဘယ်သွားမလို့လဲ'

'ဘယ်မှမသွားဘူး၊ အိမ်ပြန်မှာပဲ။ ဒီအချိန် ကားနည်းနည်းကျပ်လို့ ထိုင်နေတာ'

'ကျွန်တော် လိုက်ပို့မယ်လေ'

ထိုစဉ်က **စာပေလောက**သည် စကိုဒါဆလွန်းကား ဖွတ်ချက်ဖွတ်ချက်ကြီးကို ဝယ်ပြီးခါစ ဖြစ်သည်။ "ဖွတ်ချက် ဖွတ်ချက်" ဟု ပြောရသည်မှာ ထိုကားကို ဝယ်စဉ်က သုံးသောင်းပေးရသည်ဟု ပြောသည်။ ပြန်ရောင်းတော့ သုံးသောင်းရှုံးသည်ဟု ပြောသည်။ ကဲမကောင်းလား။

မိမိက အားနာသဖြင့်-

'ဟာနေပါစေ၊ ကျွန်တော်တို့ဆီက အဝေးကြီး'

'ရပါတယ်။ နေဦး၊ ကျွန်တော် ကိုငွေစိုးကို ခေါ်လိုက်ဦးမယ်'

ကိုမျိုးညွန့် အထပ်ခိုးပေါ် တက်သွားသည်။

ထိုစဉ်က ကားမောင်းမည့်သူ မရှိသေးသဖြင့် ဆရာဝန် စာရေးဆရာကြီး ဒေါက်တာငွေစိုးက စေတနာဒရိုင်ဘာ။

အတန်ကြာသောအခါ ကိုမျိုးညွန့်နှင့် ဒေါက်တာငွေစိုးတို့ ဆင်းလာကြသည်။ မိုးမိုးလည်း ပါလာသည်။

'မိုးမိုးက ဘယ်သွားမလို့လဲ'

မိမိက မိုးမိုး တစ်နေရာသွားမည် ထင်သဖြင့် မေးလိုက်သည်။

'သူလည်း လိုက်မယ်တဲ့'

ကိုမျိုးညွန့်က ဖြေသည်။

မိမိအိမ်က လမ်းမကြီးပေါ်တွင် မဟုတ်၊ လမ်းသွယ်ကလေးတွင် ဖြစ်သည်။ အတွင်းသို့ ဝင်ရသည်။ လမ်းနည်းနည်းဆိုးသည်။ အချို့ အငှားကားများဆိုလျှင် လမ်းထဲမဝင်ချင်။

မိမိက သူတို့ကို အားနာသဖြင့် လမ်းထိပ်မှာပဲ ဆင်းပြီး လျှောက်ခဲ့သည်။ သူတို့ကားမှာလည်း လမ်းထိပ်မှာ အတန်ကြာရပ်နေပြီးနောက် ပြန်ထွက်သွားသည်။

နောက်တစ်နေ့တွင် မင်းကျော်နှင့် တယ်လီဖုန်းပြောရာတွင် မနေ့က ကိုမျိုးညွန့်တို့ လိုက်ပို့ကြောင်း၊ မိမိက သူတို့ကို အားနာသဖြင့် လမ်းထိပ်မှာပင် ဆင်းခဲ့ကြောင်းပြောရာ မင်းကျော်က-

'အဲဒါတွေ ခင်ဗျား ခက်တာပဲ။ အဲဒါကြောင့် မောင်နေဝင်းက ခင်ဗျားကိုပြောတာ၊ မြောက်ဥက္ကလာပနေပဲဟာ လည်မလိုလိုနဲ့ တစ်ခါတစ်ခါ တယ်အူတာပဲတဲ့'

'ဘာဖြစ်လို့လဲ'

'မိုးမိုးက ခင်ဗျားအိမ်ကို ရောက်ဖူးချင်လို့ တမင်လိုက်လာတာ။ မနက်က ကျွန်တော်ကိုမျိုးညွန့်နဲ့ တွေ့ပြီးပြီ၊ ခင်ဗျားက မခေါ်တော့ သူတို့လည်း လမ်းထိပ်ကပဲ လှည့်ပြန်ခဲ့ရတယ်တဲ့။ ဒီလိုဗျ၊ မိုးမိုးက စာရေးခါစဆိုတော့ စာရေးဆရာတွေနဲ့ စကားပြောချင်တယ်။ စာရေးဆရာတွေရဲ့ ကိုယ်ပိုင် စာကြည့်တိုက်တွေ ကိုလည်း ကြည့်ချင်တယ်။ ဘာစာအုပ်တွေ ဖတ်သလဲပေ့ါ။ တစ်နေ့က ကျွန်တော့်အိမ်ကို လာသွားကြပြီး ကျွန်တော့်စာကြည့်ခန်းကို အကြာကြီး ကြည့်သွားတယ်'

'ဟာဗျာ သူတို့က ဒီလိုမှ မပြောဘဲ၊ ကျွန်တော် ဘယ်သိပ့ါမလဲ'

သို့ဖြင့် သနပ်ပင်ဟောပြောပွဲမှ အပြန်တွင်၊ သနပ်ပင်မှ ဒိုင်နာကားကြီးဖြင့် တောက်လျှောက်ပြန်ခဲ့ကြရာတွင် လမ်းသင့်သော မိမိကို အလျင်ဆုံး ဝင်ပို့ခဲ့ကြသောအခါ၊ မိမိက မိုးမိုးကို ကားပေါ်မှ အတင်းဆင်းစေပြီး မိမိ၏ စာကြည့်ခန်းကို ကြည့်စေပါသည်။

နောက်မှ စဉ်းစားမိသည်။ ယင်းအဖြစ်များလည်း မဟုတ်သေးပါ။ လမ်းကလည်း ကြမ်း၊ ကားကလည်း ဆောင့်၊ ဒါလောက်ပင်ပန်းလာတဲ့ လူတစ်ယောက်ကို ညကြီးမိုးချုပ်မှာ ကားပေါ်က အတင်းဆင်းစေပြီး စာကြည့်ခန်းကို ကြည့်စေသည်မှာ (ထိုအချိန်တွင် မိမိတို့က "ဝမ်းဖော်သည်ရုတ်ဒ်" ဆိုပြီး တစ်ပက်စီ မော့နေကြသည်။) . . . ။

ဆောရီးပါ မိုးမိုး။

သို့သော် မိမိ မိုးမိုးနှင့် ပိုမိုရင်းနှီးရသည်မှာ စာဆိုတော် ခရီးများကြောင့်ပင် ဖြစ်ပါသည်။

၄

လူတစ်ယောက်အကြောင်းကို အရက်အတူသောက်သောအခါ သိရသည်။ ဖဲအတူ ရိုက်သောအခါ သိရသည်။ သာမန်အချိန်တွင် မတွေ့မြင်နိုင်သော အတွင်းစိတ်ကို တွေ့မြင်ရသည်။ အချို့က သဘောထား ပြည့်ဝသည်။ စိတ်ရှည်သည်။ အနစ်နာခံသည်။ ကူညီတတ်သည်။ ရိုင်းပင်းတတ်သည်။ အပေးအယူ ရှိသည်။ အပြန်အလှန် လေးစားမှုရှိသည်။ အချို့က. . . အချို့က. . . ထားပါတော့။ ပုထုဇဉ် လူသားတွေပဲ။ ချွတ်ယွင်းချက် ကလေးတွေ၊ အားနည်းချက် ကလေးတွေ ရှိတတ်စမြဲပဲ။ ဒီလိုပဲ သည်းခံနိုင်သမျှတော့ သည်းခံကြရသည်။

စာပေဟောပြောပွဲ သွားကြရသောအခါတွင်လည်း ယခင်က သာမန်မျှသာ ဆက်ဆံခဲ့ကြရသော စာရေးဆရာများ၏ အတွင်းစရိုက်ကို သိရှိကြရသည်။ အခွင့်အရေး တစ်ရပ်ပင်ဖြစ်သည်။ စိတ်ချမ်းသာရသည့် အခါများလည်း ရှိသည်။ အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်ရသည့် အခါများလည်း ရှိသည်။ စာရေးဆရာများလည်း လူထဲက လူတွေပင် ဖြစ်သည်။

အမျိုးသမီး စာရေးဆရာများနှင့်အတူ သွားရသောအခါ အနည်းငယ် သတိထား ရသည်။ သူတို့မှာ စာရေးဆရာဝိညာဉ် ပူးကပ်နေသလို လက်ငုတ်လက်ရင်းဖြစ်သော အမျိုးသမီး ဝိညာဉ်ကလည်း ရှိနေသည်။ အဘယ်မျှပင် အသိဉာဏ်ပညာ ထက်မြက်ပြီး အတွေးအမြင် ကျယ်ပြန့်သည်ဖြစ်စေ၊ အနည်းနှင့်အများ ဆိုသလို အမျိုးသမီးတွေသည် အမျိုးသားတွေနှင့် မတူသော သီးခြားအရည်အချင်းတွေ ရှိနေတတ်သည်။ ရုပ်ပိုင်းအရရော၊ စိတ်ပိုင်းအရရော ဖြစ်သည်။ အထူးသဖြင့် ရုပ်ပိုင်းနှင့် ပတ်သက်သည်များကို မည်သူမျှ မငြင်းဆန်နိုင်ပေ။ စိတ်ပိုင်း ဆိုသည်မှာလည်း ရုပ်ပိုင်းမှ ထင်ဟပ်လာခြင်းများပင် မဟုတ်လား။

မိမိအနေနှင့် ကံကောင်းသည်ဟုပင် ပြောရမည်လားမသိ။ အကြောင်းအားလျော်စွာ အမျိုးသမီးစာရေးဆရာ အတော်များများနှင့် ခရီးအတူတူ သွားဖူးသည်။ တစ်ကြိမ်တစ်ခါမျှ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်မရှိပါ။

မိမိ အကြောက်ဆုံးက ဇီဇာကြောင်ခြင်းပင်။

မိမိတို့ကို ဖိတ်ကြားထားသော စာဆိုတော် ကော်မတီများက အပင်ပန်းခံကာ၊ အဆင်းရဲခံကာ၊ ငွေကုန်ကြေးကျခံကာ၊ လိုအပ်လျှင် အောက်ကျို့တန်သည့်နေရာတွင် အောက်ကျို့ကာ မိမိတို့၏ သွားရေးလာရေး၊

နေရေးထိုင်ရေး၊ စားရေးသောက်ရေးတို့ကို အတတ်နိုင်ဆုံး ကောင်းမွန်အောင် ဆောင်ရွက်ပေးကြပါသည်။

သို့သော် အခြေအနေဆိုသည်မှာ အစိုးမရပါ။ အထက်တန်းလက်မှတ် ကြိုတင်ဝယ်ယူထားသော်လည်း အနားကပ်ပြီးမှ ဖယ်ပေးရခြင်း၊ ဧည့်ရိပ်သာ တစ်ခုတွင် တည်းခိုနေရင်း တန်းလန်းမှ ဖယ်ပေးရခြင်း၊ တချို့အစီအစဉ်များ ပြုလုပ်ထားပြီးမှ ပယ်ဖျက်လိုက်ရခြင်း။

တစ်ခါတစ်ခါတွင် စာရေးဆရာဆိုသည်မှာ အကောင်ပေါက်စကလေး တစ်ကောင်လောက်မှ တန်ဖိုးမရှိတတ်ပါ။ စာရေးဆရာများအတွက် တည်ခင်းသော စာဆိုတော် စားသောက်ပွဲများဟု ဆိုသော်လည်း၊ စာရေးဆရာသည် အဝေးဆုံး တစ်နေရာတွင် အညံ့ဆုံး ကုလားထိုင်တစ်လုံးနှင့် ထိုင်ရတတ်သည်။

စာဆိုတော်ဟောပြောပွဲခရီးများတွင် ဖြစ်သလို သွားရခြင်း၊ ဖြစ်သလို အိပ်ရခြင်း၊ ဖြစ်သလို စားရခြင်းများသည် ကြုံတောင့်ကြုံခဲများ မဟုတ်ပါ။

သည်အခါမှာ ဇီဇာမကြောင်ဖို့ အရေးကြီးပါသည်။

ထောင်လိုက်ကျကျ၊ ပြားလိုက်ကျကျ ခံနိုင်ဖို့ အရေးကြီးပါသည်။

မိမိတို့သည် စာရေးဆရာဖြစ်ပြီး စာပေလုပ်ငန်းများကို လုပ်ဆောင်နေပေသည်။ မိမိတို့ တာဝန်ကို မိမိတို့ ထမ်းဆောင်နေကြခြင်း ဖြစ်သည်။ တိုင်းပြည်တာဝန်ဟုပြောက ကြီးကျယ်ရာရောက်လျှင် စာပေတာဝန်ဟုတော့ ပြောနိုင်ပါသည်။

*

တစ်ခါတုန်းက မိမိတို့ မြို့တစ်မြို့သို့ ဟောပြောပွဲသွားသည်။ အမျိုးသား စာရေးဆရာသုံးဦး၊ အမျိုးသမီး စာရေးဆရာ တစ်ဦး။

အပြန်ခရီးတွင် -

မီးရထားနှင့် ပြန်ရမည်။ ထိုမြို့က ဘူတာရှိသောမြို့နှင့် အလှမ်းဝေးသည်။ ကားတစ်တန်စီးရမည်။ သို့သော် ကားမရှိပါ။ ဈေးကားက မနက်အစောကြီး တစ်ခေါက်သာရှိသည်။ သို့ဖြင့် မိမိတို့ ထွန်စက်နောက်တွဲဖြင့် ပြန်ရသည်။ လမ်းက ဖုန်တထောင်းထောင်း ထနေသော လှည်းလမ်း။

ကဲ. . . ပြန်ကြပြီ။ မိမိတို့အားလုံး မျောက်ဖြူကြီးတွေလို ဖွေးနေသည်။ ဆရာမ တစ်ချက်ကလေး မညည်းပါ။

မိမိက -

'မ. . . တစ်ခေါင်းလုံး ဖွေးကုန်ပြီ'

'ကိုနတ်နွယ်ကကော'

'ကျွန်တော်တို့က ယောကျ်ားတွေပဲ'

'ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ခေါင်းဟာခေါင်း၊ ဆံပင်ဟာ ဆံပင်ပါပဲ၊ ဘာမှ မထူးပါဘူး။ အားလုံးဖြူလို့ လိုက်ဖြူတာပဲ'

ဟုတ်ပ့ါ၊ ဒေါ်"မ ဝါဒီ" ကြီးရယ်။

မီးရထားလမ်းမြို့သို့ရောက်သောအခါ ည ၇ နာရီကျော်နေပြီ။ ကဲ. . . ထမင်းစားကြမယ်။

ဘူတာအနီးတွင် အိန္ဒိယထမင်းဆိုင် တစ်ဆိုင်နှင့် တရုတ်ခေါက်ဆွဲဆိုင် တစ်ဆိုင်ပဲ ရှိသည်။ မြန်မာဆိုင် မရှိပါ။ သို့ဖြင့် တရုတ်ဆိုင်ကို ရွေးလိုက်ကြသည်။ ဆိုင်ထဲသို့ ဝင်သွားကြသည်။

ဘိုးတော်ဘုရား လက်ထက်က ခေါက်ဆွဲဆိုင်ပဲ။ အထဲမှာ မှောင်မည်း နေသည်။ စားပွဲ သုံးလေးလုံး ရှိသည်။ စားပွဲတိုင်းမှာပင် တောက်တိုမယ်ရ ပစ္စည်း တွေ တင်ထားသည်။ မိမိတို့အတွက် စားပွဲတစ်လုံး ရှင်းပေးသည်။ သို့သော် စားပွဲက ချေးကွက်တွေနှင့် ဖြစ်သည်။ အနားတွေ ပွဲနေသည်။ အလယ်မှာ အစင်း တွေ၊ ချိုင့်ခွက်တွေနှင့် ဖြစ်သည်။ ကုလားထိုင်တွေက နဲ့နေသည်။ ပေနေသည်။ ကျိုးနေသည်။

မတတ်နိုင်ဘူး၊ ထိုင်ကြမယ်။

ဘာတွေရမလဲ။

အစိမ်းကြော်၊ တောက်တောက်ကြော်၊ ၁၂ မျိုးဟင်းချို၊ ဝက်အူချောင်း၊ ဘုရားစူး ရှေးဟောင်း ခေါက်ဆွဲဆိုင်ပါပဲ။

'ကဲ. . . ရှိတာပဲပေးပါ'

လာပြီ. . . ပန်းကန်တွေက ပြတိုက်ထဲက ပန်းကန်တွေ။ ပွဲနေကြ သည်။ အက်နေကြသည်။ ဇွန်းတွေကကော၊ ကြေးဇွန်းတွေ ကြေးညှိတက်နေ သည်။ ကြေးစော် နံလိုက်တာ။ အင်း. . . ကြေးစော်နံ ပြန်လိုက်ဦးသာဆိုရင်တော့ ဒီည ထမင်းစားကြရတော့မှာ မဟုတ်ဘူး။

အဲဒီတုန်းက ဆောင်းတွင်း၊ စာဆိုတော်ဆိုတာ မြောက်ပြန်လေသွေးတဲ့ ဟေမန္တရာသီ။ ချမ်းတယ်၊ အတော်ကလေး ချမ်းတယ်။ ပြီးတော့ လယ်ထွန်စက် ဒဏ်ကြောင့် အတော်ကလေးလည်း ပန်းနေကြတယ်။

ဒါနဲ့. . . ။

'ပေါက်ဖော်ကြီး၊ သောက်စရာ ဘာရှိလဲ'

(အဲ့ . . . ပေါက်ဖော်ကြီးပဲ ခေါ်မိသလား၊ ထောင်ကဲကြီးပဲ ခေါ်မိသလား၊ ဒါမှအဟုတ် လောပန်းကြီးပဲ ခေါ်မိသလားတော့ အသေအချာ မမှတ်မိပါ။)

'အား ရှိစယ်. . . ရှိစယ်. . . ရမ်ရှိစယ်'

'ဟာ ရမ် ကောင်းတာပေါ့၊ ယူခဲ့ပါ'

တရုတ်ကြီးက မှန်တွေကွဲနေသော ဗီရိုကြီးတစ်လုံးအတွင်းမှ ပုလင်းတစ်လုံး ယူလာသည်။ ပုလင်းတံဆိပ်တွင် အင်္ဂလိပ်လို (MANDALAY RUM) ဟု ပုံနှိပ်ထားသည်။

ကဲ . . . ဖန်ခွက်ယူခဲ့။

အားပါး. . . ဘယ်တုန်းက ဖန်ခွက်တွေလဲမသိ။ အမြောင်း အမြောင်းတွေနှင့် တောင်ဆုပ်လောက်ရှိသော ဖန်ခွက်ကြီးတွေ။ ထုံးစံအတိုင်း နှုတ်ခမ်းတွေ ပဲ့နေသည်။ အလယ်ကောင်မှာ အက်နေသည်။ ဖင်မှာ အနယ်တွေထိုင်ပြီး အရက်ချိုးတွေ ကပ်နေသည်။

ပုလင်းကို ဖောက်လိုက်တော့. . . ဘုရားသခင် ကယ်တော်မူပါ။

အနံ့ကြီးက စူးဝါးလှသည်။

အရသာက ဆိုးရွားလှသည်။

"ရမ်" စစ်မည်မထင်၊ အတုကြီးနှင့် တူသည်။

"ရမ်" စစ်လျှင် မွှေးမွှေး သင်းသင်းကလေး၊ ချိုချိုရှရှ ကလေး။

ကဲ. . . မတတ်နိုင်ဘူး။ စစ်စစ်၊ မစစ်စစ် သောက်လိုက်ကြစို့၊ ဆေးခါးကြီး နှစ်ကျပ်ခွဲသား။

ခနော်ခနဲ့ ကုလားထိုင်တွင် ကိုယ်ဟန်ထိန်းပြီး ထိုင်နေရသော ဆရာမကို မိမိက -

'အားနာလိုက်တာ'

'ဘာအားနာတာလဲ'

'ဆိုင်ကလည်း မကောင်း၊ ပန်းကန် ခွက်ယောက်တွေကလည်း မကောင်း၊ အစားအသောက်ကလည်း မကောင်း'

'ဒါ ကိုနတ်နွယ် လုပ်တာမှ မဟုတ်ဘဲ'

'နောက်ပြီးတော့ အရက်စော်ကလည်း နံနေတာပဲ'

'နံလည်း အရက်ပါပဲ၊ မွှေးလည်း အရက်ပါပဲ။ ကျွန်မက ရေမွှေးစက်ရုံမှာ ဟောရအောင် လိုက်လာတာ မဟုတ်ပါဘူး'

'ကျေးဇူးပါပဲ ဆရာမ'

ထမင်းစားပြီးတော့ တစ်ပြလောက်ဝေးသော ဘုတာရုံကို သွားကြသည်။ ရထားဘယ်အချိန် လာမလဲ။

ရိုက်တိုင်း. . . တစ်ဆယ့်နှစ်နာရီ၊ ဒါပေမဲ့ တစ်ခါတလေ နှစ်နာရီ၊ သုံးနာရီလောက်မှ လာတတ်တယ်။

ကောင်းပါပေ့။

သို့ဖြင့် ဆောင်းလေတဟူးဟူး တိုက်ခတ်နေသော ပလက်ဖောင်းပေါ်တွင် မိမိတို့ ကျုံ့ကျုံ့ကလေးတွေ ထိုင်နေကြရတော့သည်။

(စာဖတ်သူများခင်ဗျား၊ ဘယ်သူ့မှ ပြန်မပြောဘူးဆိုရင် ဆရာမဆိုတာက ဒေါ်ခင်ဆွေဦးပါ။ ပစ်တိုင်းထောင် သုံးယောက်ကတော့ မောင်နေဝင်းရယ်၊ သုမောင်ရယ်၊ မိမိရယ်။ အဲ ဝဋ်ကြွေးမကင်းလို့ လမ်းပေါ်က စာရေးဆရာတွေနဲ့ အဖော်ပါလာသူ တစ်ဦးကတော့ ဆရာမရဲ့အမေ ဆရာကတော် ဒေါ်ကြည်ကြည် ဖြစ်ပါကြောင်း ခင်ဗျား။)

နောက်တစ်ခါမှာလည်း -

မိမိတို့ မြို့တစ်မြို့ကို သွားကြသည်။ အမျိုးသား နှစ်ယောက်၊ အမျိုးသမီး တစ်ယောက်။

အဲဒီမြို့မှာက နှစ်ညနှစ်ပွဲ ခြိမ့်ခြိမ့်သဲသဲခင်ဗျ။ မိမိတို့က ဒုတိယညမှာမှ ပြောရမှာ။ ဒါပေမယ့် ပထမညမှာ ခဏလိုက်နားထောင်ပါဦးဆိုလို့ လိုက်သွားကြရတယ်။

ဟောပြောပွဲက လေဟာပြင်ထဲမှာ။ တော်တော်ကို အေးတယ်။ ဒါပေမဲ့ ပရိသတ်ကတော့ အပြည့်ပဲ။ ပြောလိုက်တဲ့ ဆရာမတွေကလည်း တစ်ယောက်ကို တစ်နာရီ၊ နှစ်နာရီ။ ဆယ်နာရီလည်းမပြီးသေး၊ ဆယ့်တစ်နာရီလည်း မပြီးသေး။ မိမိတို့မှာ ပွဲဆက်တွေလည်း ရှိထားသဖြင့် ပန်းနေသည်က တစ်ကြောင်း၊ ဒီဆရာတွေ ဟောတဲ့အကြောင်းတွေကို ကြားရဖန်များလို့ နားတွေ အူနေသည်က တစ်ကြောင်းကြောင့် ဧည့်ရိပ်သာမှာ ပြန်နားပါရစေလို့ ကော်မတီကို တောင်းပန်ရတယ်။

အဲဒီတော့ မိမိတို့ကို ဂျစ်ကားတစ်စီးနဲ့ ပြန်ပို့ပေးတယ်။ ပြီးတော့ ကျွန်တော်တို့ 'ပြန်နားထောင်လိုက်ဦးမယ်' ဆိုပြီး ပြန်သွားကြတယ်။ ဧည့်ရိပ်သာမှာ မိမိတို့သုံးယောက်တည်း ကျန်ရစ်တယ်။

ကိစ္စမရှိပါ။ မိမိတို့မှာ အဖော်တစ်ယောက် ရှိသည်။ အမျိုးအမည်မမှတ်မိတော့သော ပုလင်းတစ်လုံး။ ရမ်လား၊ ဘရမ်ဒီလားပဲ။

ဆရာမက အိပ်တော့မည်ဆိုပြီး သူ့အခန်းထဲ ဝင်သွားသည်။ ကောင်းသည်။ မိမိတို့ နှစ်ယောက်တည်း အေးအေးဆေးဆေး သောက်ရမည်။ ပုလင်းကို ဖွင့်ကြသည်။

အားပါး၊ မလွယ်ပါကလား။ ဆောင်းတွင်းကြီးမှာ ချွေးပြိုက်ပြိုက် ကျလာသည်။ တစ်ခါတစ်ခါ ပုလင်းဖွင့်ရသည့် အလုပ်မှာ လက်နက်ကိရိယာ မရှိလျှင် နွားသတ်ရသည်ထက် ပင်ပန်းသေးသည်။

နောက်ဆုံးတွင် ပုလင်းအဖုံး ကြွေမွတွန့်လိပ်ပြီး ပွင့်သွားသည်။ အောင်ပြီ. . . အောင်ပြီ

ကဲ. . . သောက်ကြမယ်။ ဖန်ခွက်ရှိသည်၊ အကောင်းစား ပန်းပွင့်ကလေးတွေနှင့်။ လှလိုက်တာ၊ ဘယ်အိမ်က ငှားထားသလဲ မသိ။

ရေရှိသည်။ ရေအိုးကြီးနှင့် အပြည့်ပဲ၊ ရောချင်သလောက် ရော။

ဒါပေမယ့်-

အမြည်းမရှိပါ။ ဘာအမြည်းမှ မရှိပါ။ ဘယ်သူမှလည်း မရှိပါ။ ဘယ်လိုလုပ် မလဲ။ မိမိတို့ကလည်း နာမည်ပျက်ကောင်းရုံ အပျော်တမ်း အရက်သမားများ ဖြစ်သဖြင့် အမြည်းမပါလျှင် လုံးဝ မသောက်တတ်ပါ။

မိမိတို့ ဧည့်ရိပ်သာက မြို့လယ်နှင့် အဝေးကြီး၊ လူနေအိမ်ခြေများနှင့် အဝေးကြီး။ ရှေ့ဘက်တွင် ရုံးကြီးတစ်ရုံး၊ ခေါင်းရင်းဘက်တွင်လည်း ရုံးတစ်ရုံး ဟုပင် ထင်သည်။ ခြေရင်းဘက်တွင်ကား ကွင်းကြီးတစ်ကွင်း၊ ဘောလုံးကွင်းကြီး လားပဲ။ နောက်ဘက်တွင် ဘာရှိသလဲတော့ မသိပါ။ လူနေအိမ်ခြေ မဟုတ်သည် ကတော့ သေချာသည်။

အလာတုန်းက လမ်းကွေ့တစ်နေရာတွင် ကွမ်းယာဆိုင်လို ဆိုင်ကလေး တစ်ဆိုင်မြင်ခဲ့သည်။ မိုင်ဝက်လောက်တော့ ဝေးမည်။ ဘာပဲဖြစ်ဖြစ် အညောင်းပြေ လျှောက်သွားလျှင် ပဲကြီးလှော်တစ်ထုပ်၊ ဒါမှမဟုတ် မြေပဲလှော် တစ်ထုပ်လောက်တော့ ရနိုင်ပါသည်။

ကောင်းပြီ၊ ဘယ်သူ သွားဝယ်မလဲ။

သွားတာက ဘယ်သူသွားသွား ရသည်။ မိမိတို့အချင်းချင်း မကတ်သတ်ပါ။ အမြည်းရမည်ဆိုလျှင် အဝီစိပဲ သွားရ သွားရ။

သို့သော် တစ်ယောက်သွားလျှင် တစ်ယောက်က အမျိုးသမီး စာရေးဆရာမနှင့် နှစ်ယောက်တည်း ကျန်ရစ်ခဲ့မည်။

မိမိတို့အနေနှင့် အဘယ်မျှ ရိုးသားသည် ဆိုသော်လည်း ပရိသတ် အမြင်တွင် မသင့်လျော်ပါ။ မိမိတို့ စာရေးဆရာတွေ ဒီကိစ္စမျိုးနှင့် ပတ်သက်၍ နာမည်ပျက် မခံနိုင်ပါ။

ကောင်းပြီ၊ ဒါဖြင့် နှစ်ယောက်စလုံးသွားမည်။ ဒါလည်း မဖြစ်နိုင်ပါ။ မိမိတို့ နှစ်ယောက်စလုံးသွားလျှင် ဒီဗိုလ်တဲဟောင်းကြီးမှာ၊ ညအချိန်မတော်ကြီးမှာ အမျိုးသမီးတစ်ယောက်တည်း ကျန်ရစ်မည်။ လူသူလေးပါးနှင့်ဝေး၍၊ အော်၍ ခေါ်၍လည်း မကြားနိုင်ပါ။ တစ်ခုခု ဖြစ်သွားလျှင် မိမိတို့မှာ တာဝန်ရှိသည်။ နောက်ပြီး ဒီဗိုလ်တဲကြီးက တစ္ဆေခြောက်သည်ဟုလည်း ပြောကြသည်။

ဒါက အဆန်းမဟုတ်ပါ။ ဗိုလ်တဲဟောင်းမှန်လျှင် တစ္ဆေပုံပြင်က ရှိစမြဲ။ မတော်တဆ သူ့မှာ နှလုံးရောဂါရှိနေပြီး တစ်စုံတစ်ရာကို ထိတ်လန့်ကာ သေဆုံးခဲ့လျှင် . . . ။

'တောက် ပြဿနာပဲ'

မိမိတို့နှစ်ယောက် တောက်ခေါက်ကာ ကျယ်လောင်စွာ ညည်းလိုက်ကြသည်။

အရက်ပုလင်းကို န္ဓားသတ်သလို ဖွင့်နေကြသည့် အသံကြား၍ပဲ အိပ်မပျော်သလား၊ ဒါမှမဟုတ် မိမိတို့ တောက်ခေါက်သောအသံ ကျယ်လောင်လွန်းလှ၍ပဲ လန့်နိုးသလားမသိပါ။ ဆရာမအခန်းထဲမှ ထွက်လာပြီး. . .

'ဆရာတို့ ဘာတွေ ပြဿနာ ဖြစ်နေကြတာလဲ'

'အရက်ရှိပြီး ဘာအမြည်းမှ မရှိဘူး'

'အလာတုန်းက လမ်းကွေ့မှာ ကွမ်းယာဆိုင်တစ်ဆိုင် ကျွန်မမြင်ခဲ့တယ်။ အဲဒီမှာ သွားဝယ်ရင် တစ်ခုခု ရမှာပေါ့'

'ပြဿနာက ဒါပဲပေါ့။ ကျွန်တော်တို့နှစ်ယောက် သွားရင် မ. . . တစ်ယောက်တည်း ကျန်ခဲ့မှာစိုးလို့'

'ဒါများ အလွယ်လေးပါ ဆရာတို့ရယ်။ ပြဿနာ မဟုတ်တာ ပြဿနာ လုပ်နေကြတယ်။ ဆရာတို့သွားရင် ကျွန်မလည်း လိုက်ခဲ့မှာပေါ့'

ဟုတ်လိုက်လေ၊ ဒီလိုတော့လည်း အလွယ်ကလေးပဲ။

ယင်းသို့ဖြင့် မိမိတို့သုံးယောက် တိတ်ဆိတ်သော၊ ငြိမ်သက်သော၊ အေးမြသော၊ သာယာလှပသော ညအလယ်တွင် အေးဆေးစွာ လမ်းလျှောက်လျက် ရှိကြတော့သည်။

(စာဖတ်သူများ ခင်ဗျား. . . ဘယ်သူမှ မကြားအောင် တိုးတိုးကလေး ပြောရရင် ဆရာမက တက္ကသိုလ်မြစိမ်းပါ။ အမြည်းပြဿနာ တက်နေသူ အပျော်တမ်း အရက်သမားနှစ်ဦးက မောင်နေဝင်းနှင့် မိမိပါ။ ယခု မောင်နေဝင်းက သေမှာကြောက်၍ အပျော်တမ်းဘဝကိုပင် စွန့်လွှတ်လိုက်ပါပြီ။)

ယင်းသို့ဖြင့် စာပေတာဝန်ကို မိမိတို့ တတ်စွမ်းသမျှ ထမ်းဆောင်ရန် စာပေ ညီအစ်မများနှင့် စာပေခရီးသွားရသည်မှာ ပျော်မွေ့ဖွယ်ရာ ကောင်းလှပါ

သည်။ မောင်ရင်းနှမပမာ ခင်မင်ရင်းနှီး ကြရပါသည်။ သည်အထဲတွင် မိုးမိုး (အင်းလျား) လည်း ပါဝင်ပါသည်။

*

မိုးမိုးနှင့် မိမိ ပထမဆုံးခရီးအတူ သွားဖူးသည်မှာ ၁၉၇၈ ခုနှစ်က ဖြစ်သည်။ မိမိတို့ အဖွဲ့တွင် မင်းကျော်၊ မောင်နေဝင်း၊ မြေဇာနှင့် မိုးမိုး၏ခင်ပွန်း ကိုမျိုးညွန့်တို့ ပါဝင်သည်။ ယင်းခရီးက တစ်ကွေ့တစ်ပတ်ကြီးဖြစ်သည်။

ပထမဆုံး မဲဇလီကုန်းသို့ သွားသည်။ ယင်းပွဲကို မြင့်စိုးလှိုင်က စီစဉ်ခြင်းဖြစ်သည်။ ရန်ကုန်မှ မဲဇလီကုန်းသို့ အသွားတွင် မြင့်စိုးလှိုင်တို့ ဇနီးမောင်နှံလည်း ပါရှိရာ တစ်စုတဝေး တပျော်တပါးကြီးပင် ဖြစ်သည်။ ရန်ကုန်မှ မဲဇလီကုန်းကို ရထားနှစ်ဆင့် စီးရသည်။ မဲဇလီကုန်းမှအပြန် လော်ကယ်ရထားတွင် နေရာမရရှိသဖြင့် အပေါက်ဝ ကြမ်းပြင်ပေါ်မှာ ထိုင်ကြရသည်။ တံခါးမရှိသော လော်ကယ်ရထား အလယ်ပေါက်ကြီးတွင် ခြေတွဲလောင်းချပြီး ထိုင်နေသော မိုးမိုးကို ရုတ်တရက်ကြည့်လိုက်လျှင် ဒေသခံ ကုန်စိမ်းသည် တစ်ယောက်လားဟု ထင်ရသည်။ မိမိတို့တစ်သိုက်ကတော့ ၁၂ ပွဲလိုက်သည့် ဖဲသုံးချပ်သမားများလိုလို၊ ရထားပေါက်ဝမှာ တိုးလို့တွဲလောင်း။ အားလုံး ပျော်ပျော်ရွှင်ရွှင်ပင်။

ဟသ်ာတတွင် ဇလွန်စာဆိုတော်အဖွဲ့က စောင့်ကြိုနေကြသည်။ ဟသ်ာတသောင်ကြီးကို နေပူထဲတွင် ဖြတ်ကြရသည်။ သဲကပူပူ၊ နေကပူပူ၊ လေကပူပူ၊ ရေကပူပူ။

ဟသ်ာတမှ ဇလွန်သို့ ကားဖြင့် သွားကြသည်။ တာရိုးပေါ်မှာ ဖောက်ထားသော မြေလမ်းဖြစ်သဖြင့် မည်သည့်အမျိုးအစားမှန်း မသိတော့သော ကားကြီးသည် အရူးတစ်ယောက်လို ယိမ်းထိုးပြီး သွားနေသည်။ မြေနီမှုန့်များက မိမိတို့ကို မိတ်ကပ်ခြယ်ပေးကြသည်။ မိုးမိုးက အမိုးသံကိုင်းကို တအားဆုပ်ထားသည်။ သို့မဟုတ်လျှင် လွင့်ကျပြီး ကျန်ရစ်ခဲ့နိုင်သည်။

ဇလွန်ကနေ အဖျောက်ကို မော်တော်ကလေးဖြင့် သွားရသည်။ အဖျောက်ကနေ မအူပင်သို့လည်း မော်တော်ကလေးနှင့်ပင်။ ပေါင်းမိုးမော်တော်ကလေး။

အဖျောက်ကနေ မအူပင်ကို တစ်နေကုန် သွားရသည်။ ပျင်းနေအောင် စီးရသည်။ မော်တော်ပေါင်းမိုးကလေးအောက်တွင် မှေးငိုက်နေကြသည်။ နေရောင်က ရေပြင်မှ တစ်ဆင့် မိမိတို့ကို ရောင်ပြန်ဟပ်နေသည်။

ပျင်းစရာကောင်းလိုက်တာ၊ ဖဲထုပ်ပါလာရင် ကောင်းမှာပဲ။

အောင်မယ်. . . တစ်ယောက်မှာ ဖဲထုပ်ပါလာသည်။

ကဲ. . . ဒါဖြင့် ကစားကြရအောင်။
ကန့်ကွက်သူ မရှိပါ။
မိုးမိုးကော ပါဦးမလား။
ဟုတ်ကဲ့ရှင့်။
ဘာကစားကြမလဲ။
တစ်ချပ်မှောက်ပဲ ကောင်းပါတယ်။
ပထမတော့ မိမိတို့က မိုးမိုးကို ညှာကစားကြသည်။ မိမိတို့ကိုယ် မိမိတို့ တစ်ချပ်မှောက် ပါရဂူကြီးတွေဟု ထင်ထားကြသည်။
နောက်တော့ ဘယ်ဟုတ်မလဲ၊ ပိုက်ဆံတွေအားလုံး မိုးမိုးလက်ထဲ ရောက်သွားသည်။ အပျော်တမ်းမို့ တော်တော့သည်။ ကြေးကြီးကြီးများ ကစားမိလျှင် မိမိတို့ ပုဆိုးတွေ၊ တိုက်ပုံတွေ ပေါင်ရသဖြင့် ဟောပြောပွဲစင်ပေါ် ကိုတောင် ဝတ်စုံ ငှားတက်ကြရမည်။
'မိုးမိုးက ကစားတတ်သားပဲ'
'ဆရာတို့ပဲ ပြောတယ်။ စာရေးဆရာဆိုတာ စုံအောင် လေ့လာထားရတယ်ဆို'
သူက ပြုံးနေသည်။ မိုးမိုး၏ အပြုံး။
နောက်တစ်ပွဲက သနပ်ပင်၊ ၁၉၇၉ နိုဝင်ဘာ။
သနပ်ပင်ပွဲကို မိုးမိုး၏ အစ်ကို ဦးမြင့်သိန်းက စီစဉ်ခြင်း ဖြစ်သည်။ သည်ပွဲမှာလည်း မိမိ၊ မိုးမိုး၊ မြေဇာ၊ မင်းကျော်၊ မောင်နေဝင်း။ ဒီ ငါးယောက်ပင်။ ကိုမျိုးညွန့်လည်း ပါသည်။ အမှန်တော့ သူလည်း ဟောဖို့ကောင်းသည်။ သူလည်း စာရေးဆရာပင်။
ဦးမြင့်သိန်းက မိမိတို့အတွက် ဒေသအစားအစာများ အထူးစီစဉ်ပေးသည်။ ဖားရယ်၊ ကြွက်ရယ်. . . ။
မိမိတို့မှာ မနိုက်ရဲ နိုက်ရဲ၊ မစားရဲ စားရဲ။
မိုးမိုးကို ကြည့်လိုက်တော့ တကျွတ်ကျွတ်နှင့်။
'မိုးမိုးက တယ်ဟုတ်ပါလား'
'ဆရာတို့ပဲ ပြောတယ်၊ စုံရမယ်ဆို'
ဟုတ်ပါ့။
နောက်တစ်ပွဲက ပုသိမ်၊ သာပေါင်း၊ ၁၉၇၉ ဒီဇင်ဘာ။
သည်ခရီးမှာတော့ မိမိ၊ မိုးမိုး၊ မင်းကျော်၊ မောင်နေဝင်း လေးယောက်တည်း။ မြေဇာ မပါတော့။ ကိုမျိုးညွန့်လည်း မလိုက်။ မိုးမိုး၏ သူငယ်ချင်း တစ်ယောက် အဖော်လိုက်လာသည်။

ပုသိမ်ဗိုလ်တဲမှာ တည်းရသည်။ မိမိ၊ မင်းကျော်၊ မောင်နေဝင်းက တစ်ခန်း၊ မိုးမိုးနှင့် သူ့သူငယ်ချင်းက တစ်ခန်း။

ထိုညက မိမိတို့ ကောင်းကောင်းမအိပ်ရ။ တစ်ဖက်ခန်းက မိန်းကလေးနှစ်ယောက် တစ်ညလုံး စကားတွတ်ထိုးနေကြသောကြောင့်. . .။

မနက်ကျတော့-

'ဘယ်လိုဖြစ်ကြတာလဲ၊ တစ်ညလုံးမအိပ်ပဲ ဘာတွေများ၊ ဒါလောက်ပြောနေကြတာလဲ'

'ဆရာတို့ မသိဘူးလား၊ ဒီဗိုလ်တဲက တစ္ဆေခြောက်တယ်ဆိုလို့ တစ်ညလုံး ထိုင်ပြီး စကားပြောနေကြတာ'

'ကြောက်လို့လား'

'မကြောက်ပါဘူး၊ တစ္ဆေလာလို့ရှိရင် တွေ့ရအောင်ပါ'

ကောင်းပါပေ့၊ တစ္ဆေနဲ့ "ဗျူး" မလို့နဲ့ တူတယ်။

သာပေါင်း ဗိုလ်တဲမှာလည်း တစ်ညလုံး စကားပြောနေကြသည်။

တော်တော်ပြောနိုင်သည့် နှစ်ယောက်ပဲ။

သို့သော်. . .

မိုးမိုးသည် ဟောပြောပွဲတွင်တော့ စကားသိပ်မပြောပါ။ နာရီဝက်လောက်သာပြောသည်။

အမှန်တော့ သူသည် ဟောပြောသည့်အလုပ်ကို အားသန်လှပုံ မရပါ။ စာရေးကောင်းသော်လည်း စကားပြောမကောင်းလှပါ။ အသံတိုးသည်။ အမူအရာလှုပ်ရှားမှုမရှိ။ ပြုံးရုံကလေးမျှသာ။

မိမိတို့က ဟောပြောပွဲ အတွေ့အကြုံ၊ နယ်ပရိသတ် အတွေ့အကြုံရှိအောင် တိုက်တွန်းခေါ်ဆောင်လွန်းလှသဖြင့်သာ လိုက်ပါလာခြင်း ဖြစ်ဟန်ရှိသည်။ သူသည် ၇၉ ခုနှစ် တစ်ရာသီပဲ ဟုတ်တိပတ်တိ လိုက်ဖူးသည်။ ထို့အပြင် မိမိတို့ သုံးယောက်လောက်နှင့်သာ လိုက်ဖြစ်သည်။

ပုသိမ်၊ သာပေါင်းမှ အပြန်တွင် ဇေယျဝတီသို့ သွားကြသည်။ မိမိ၊ မိုးမိုး၊ မောင်နေဝင်း၊ မောင်စွမ်းရည်ဖြစ်သည်။ ကိုမျိုးညွန့်လည်း လိုက်ပါလာသည်။ ဇေယျဝတီစက်ရုံက အရက်ထွက်သည်ဆို၍ လေ့လာရအောင် လိုက်ပါလာခြင်းလည်း ဖြစ်နိုင်သည်။ မိမိတို့ ရောက်သွားချိန်တွင် စက်ရုံပိတ်ထားသည်။ သို့သော် မိမိတို့ လာမည်ဆိုသဖြင့် စက်ရုံမပိတ်ခင် မိမိတို့ မြည်းစမ်းကြည့်ရန် အရက်တစ်စည် (တစ်ပေပါ) ချက်ထားသည်ဟု ဆိုသည်။ ကဲ. . . ဘယ့်နှယ်ရှိစ၊ ဘာအခုမှ ကြောက်ပါပြီလဲ။

ဇေယျဝတီမှ အပြန်တွင် ရန်ကုန်မှာ တစ်ပွဲဟောကြသည်။ လမ်းမတော်မှာ ဖြစ်သည်။ ထုံးစံအတိုင်းပင် မိမိ၊ မင်းကျော်၊ မောင်နေဝင်း၊ မြေဇာ၊ မိုးမိုး။

ထိုပွဲမှာ အဆိုအတီးတွေလည်း ပါသည်။ ဆရာကြီး စောင်းဦးဘသန်း ရယ်၊ ထားရယ်၊ အေးဝမ်း တင်တင်လှက အခမ်းအနားမှူး။

ဟောပြောပွဲ ပြီးသောအခါ ကော်မတီက မိမိတို့ကို လေယာဉ်ပျံ စာအိတ်ကလေးတွေ တစ်အိတ်စီပေးသည်။ ဖွင့်ကြည့်လိုက်တော့ ငွေ နှစ်ရာစီ။

ဟာ. . . ဘယ်လိုဖြစ်တာလဲ။

မိမိတို့ကို လက်ဆောင်ပစ္စည်း ပေးကြတာတွေ ရှိသည်။ သို့သော် ယခုလို တစ်ခါမျှ ပိုက်ဆံမပေးဖူးပါဘူး။

'ဒီလိုပါဆရာ၊ ကျွန်တော်တို့က အဆိုတော်တွေကို တစ်ပုဒ် နှစ်ရာ ပေးရတယ်။ ဒါကြောင့် ဆရာ၊ ဆရာမတို့ကိုလည်း နှစ်ရာစီ ပေးတာပါ။

သေဟဲ့ နိန္ဒိယ။

'ဆရာရယ် ပိုက်ဆံတော့ ယူလို့မကောင်းဘူးထင်ပါတယ်။ ကျွန်မတို့က ခြေကောက်လိုက်ဟောတာမျိုး ဖြစ်နေပြီ'

မိုးမိုး စိတ်ရှုပ်ထွေးဟန်ဖြင့် ပြောသည်။

သည့်နောက် မိုးမိုးဟောပြောပွဲမလိုက်တော့ပါ။

(တစ်ခါပဲ နယ်စပ်ဒေသ တစ်နေရာသို့ လိုက်သွားသည်ဟု ကြားရသည်။)

နောက်ပိုးတွင် မိုးမိုးနှင့် မိမိ အတွေ့ကျဲသွားသည်။ **မိုးဝေ** မဂ္ဂဇင်းကို ဒုတိယအကြိမ် ပြန်လုပ်ရာတွင် အရှေ့ပိုင်း **ချင်းတွင်းတိုက်**နှင့် ကျောက်မြောင်း **ရွှေပြည်စိုးတိုက်**များသို့ ရောက်ရှိသွားရာ အရင်ကလောက် ၃၃ လမ်းသို့ မရောက်တော့။ သို့သော် **မိုးဝေ**အတွက် စာမူတောင်းလျှင် မိုးမိုးရေးပေးပါသည်။ **"**မညိုပြာ ကောလိယချောင်း နံဘေးမှာနေသည်**"** မှာ **မိုးဝေ** မဂ္ဂဇင်း ဝတ္ထုရှည် ဖြစ်သည်။

*

မိုးဝေကို ဒုတိယအကြိမ် လက်လွှတ်ပြန်သောအခါ မိမိက ၃၇ လမ်းသို့ ပြန်ရောက်လာသည်။ သို့သော် မိုးမိုးက ကျောက်မြောင်းသို့ ပြောင်းသွားသည်။

ကျောက်မြောင်းအိမ်သို့ မိမိ တစ်ခေါက်ပဲရောက်ဖူးသည်။ မိမိတို့ ညနေဘက် ဝိုင်းထိုင်ရန် ပိုက်ဆံ မရှိသဖြင့် ကိုမျိုးညွန့်က ကျောက်မြောင်းအိမ် ဝင်ပြီး ပိုက်ဆံယူခြင်းဖြစ်သည်။ မိုးမိုးက ထုံးစံအတိုင်း မိမိတို့ကို လှဲ့လှဲ့ကလေး ပြုံးကာ ပိုက်ဆံအိတ်ကိုဖွင့်ပြီး ရှိသမျှ ပိုက်ဆံအကုန်ပေးလိုက်သည်။ တစ်ရာကျော် နှစ်ရာလားပဲ။

မိုးမိုးနှင့် မိမိ နောက်ဆုံးတွေ့သည်မှာ ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့က ဖြစ်သည်။ စာပေနှင့် စာရေးဆရာအကျိုး သယ်ပိုးရန် ဆွေးနွေး ညှိနှိုင်းကြစဉ်က ဖြစ်သည်။ မိုးမိုး တက်ကြွလျက်ရှိသည်။ သူက စာပေနှင့် စာရေး ဆရာများ အကျိုးအတွက် ကျရာတာဝန် ထမ်းဆောင်ရန် စိတ်အားထက်သန် လျက် ရှိသည်။ မိမိတို့နှင့်အတူ လက်တွဲဆောင်ရွက်ရန် ကတိပြုသည်။ ယင်းကြောင့်လည်း သူကွယ်လွန်သောအခါ တာဝန်ဝတ္တရားများ နှောင်ဖွဲ့နေခြင်း မရှိဘဲ၊ သွားလိုရာသို့ လွတ်လပ်စွာ သွားရောက်နိုင်ရန် မိမိတို့က ကြေကွဲဝမ်းနည်း စွာဖြင့် အမိန့်ပြန်တမ်း ပြန်ကြားခဲ့ရခြင်း ဖြစ်သည်။

သွားလိုရာသို့ လွတ်လပ်စွာ သွားပါတော့ မိုးမိုး။

မိမိတို့ကတော့ ရည်မှန်းထားသော စာပေ ခရီးလမ်းကို ဆက်လက် ချီတက်ကြရပါဦးမည်။


တစ်နေ့တွင် မိမိတို့ မျှော်လင့်ထားသော စာပေပန်းတိုင်သို့ ရောက်ရှိ မည်မှာ မြေကြီးလက်ခတ် မလွဲပါ မိုးမိုး။

မိုးမိုးကို မိမိတို့ မှတ်တမ်းတင်ထားပါသည်။

**(ချယ်ရီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ၁၉၉၀)**

မိုးမိုး(အင်းလျား)၏ ထုတ်ဝေပြီး စာအုပ်များ အညွှန်း





၁။ **ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေ**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၁။ ၃၀၂ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် - ၁၄၃) အမသ - ၈၁/၁၄၇။

အချစ်ရေးတွင် တွေဝေ မပြတ်သား ဖြစ်တတ်သော မိန်းကလေးတစ်ဦး အကြောင်း ဖြစ်သည်။ နှလုံးသားမှ ချစ်သူကို ဦးနှောက်နှင့် ရွေးချယ်တတ်ရန် မိန်းကလေးများအား အသိပညာ ပေးထားသည်။

မှတ်ချက်။ ။ ဒါရိုက်တာကြီးမြင့်က ထိုအမည်နှင့်ပင် ရုပ်ရှင် သရုပ်ဆောင် ရန်အောင်၊ ကျော်ရဲအောင်၊ မေသန်းနုတို့နှင့် ရုပ်ရှင် ရိုက်ကူးခဲ့သည်။

၂။ **ကြွေရင်အတူတူကြွေမယ်**။ ရန်ကုန်၊ ဗမာ အမျိုးသမီးစာပေ၊ ၁၉၈၃။ ၁၁၃-၂၃၂ စာ၊ ၁၆ ဆင်တီ။


ဂီတအနုပညာရှင်များကို သူတို့၏ အိမ်ထောင်ဖက်များက အထူးနားလည်ဖို့ လိုအပ်ကြောင်း ရေးသားထားသည်။ အိမ်ထောင်စုတစ်ခုတွင် လင်ရော၊ မယားပါ အဆိုးအကောင်းကို မျှဝေခံစားဖို့ လိုအပ်ကြောင်း ရေးဖွဲ့ထားသည်။

မှတ်ချက်။ ။ မစန္ဒာ၏ ဂျိန်းဂျိန်းဂျုတ်ဂျုတ် ဂျိန်းဂျုတ်ဂျုတ်နှင့် ပူးတွဲ ထုတ်ဝေသည်။



၃။ **ခံတက်နုကလေးတွေ ညှိုးချိန်တန်တော့**။
ရန်ကုန်၊ မိုးမိုး (အင်းလျား) စာအုပ်၊ ၁၉၈၇။ ၂၂၄ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၆၄) ရတစ - ၈၇၆၁။

ပျဉ်းမနားဇေယျဝတီသကြားစက်ကို အမှီပြု၍ လုပ်ကိုင်ရှာဖွေစားသောက် နေကြသော ဝန်ထမ်း မိသားစုများအကြောင်းကို ရေးဖွဲ့ထားသည်။ လောကတွင် ဆင်းရဲဒဏ်ကို မကြောက်ဘဲ ဘဝကို ပင်ပန်းစွာ တည်ဆောက်ကြသူ၊ ပညာတတ် ဖြစ်လိုသူ၊ အေးဆေးရိုးသား၍ အရှက်အကြောက်ကြီးသူ၊ ဘဝကို အလွယ်လမ်းမှ လိုက်၍ ကြီးပွားချမ်းသာလိုသူ စသည်ဖြင့် လောကီလူသားတို့အကြောင်းကို ဇာတ်ကောင်များစွာဖြင့် သရုပ်ဖော်ရေးဖွဲ့ထားသည်။



၄။ **ကျိုး**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၀။ ၄၀၄ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ်အမှတ် ၁၃၉) တဗစ-၂၈၃၀၇၇


မိမိဘဝ၏ အားနည်းချက်ကို မိမိဘာသာ ရိုးမယ်ဖွဲ့ကာ လေလွင့်ခဲ့သူတစ်ဦး အကြောင်းကို ရေးဖွဲ့ထားသည်။ ကိုယ့်ဘဝကိုယ် ကောင်းအောင် လုပ်ဖို့နှင့် လောကဓံကို သတ္တိရှိစွာ အဓိပ္ပါယ်ရှိရှိ ရင်ဆိုင်ဖို့သာလျှင် အဓိကဖြစ်ကြောင်း ဖော်ညွှန်း ရေးသားထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။



၃။ **ခံတက်နုကလေးတွေ ညှိုးချိန်တန်တော့**။


ရန်ကုန်၊ မိုးမိုး (အင်းလျား) စာအုပ်၊ ၁၉၈၇။ ၂၂၄ စာ၊ ၁၆ စင်တီ (စာပေလောကစာအုပ်အမှတ် ၁၆၄) ရတစ - ၈၇၆၁။

ပျဉ်းမနားဇေယျာဝတီသကြားစက်ကို အမှီပြု၍ လုပ်ကိုင်ရှာဖွေစားသောက် နေကြသော ဝန်ထမ်းမိသားစုများအကြောင်းကို ရေးဖွဲ့ထားသည်။ လောကတွင် ဆင်းရဲဒဏ်ကို မကြောက်ဘဲ ဘဝကို ပင်ပန်းစွာ တည်ဆောက်ကြသူ၊ ပညာတတ် ဖြစ်လိုသူ၊ အေးဆေးရိုးသား၍ အရှက်အကြောက်ကြီးသူ၊ ဘဝကို အလွယ်လမ်းမှ လိုက်၍ ကြီးပွားချမ်းသာလိုသူ စသည်ဖြင့် လောကီလူသားတို့အကြောင်းကို ဇာတ်ကောင်များစွာဖြင့် သရုပ်ဖော်ရေးဖွဲ့ထားသည်။




၄။ **ကြိုး**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၀။ ၄၀၄ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ်အမှတ် ၁၃၉) တဗစ-၂၈၃၀၇၇

မိမိဘဝ၏ အားနည်းချက်ကို မိမိဘာသာ ရိုးမယ်ဖွဲ့ကာ လေလွင့်ခဲ့သူတစ်ဦး အကြောင်းကို ရေးဖွဲ့ထားသည်။ ကိုယ့်ဘဝကိုယ် ကောင်းအောင် လုပ်ဖို့နှင့် လောကဓံကို သတ္တိရှိစွာ အဓိပ္ပါယ်ရှိရှိ ရင်ဆိုင်ဖို့သာလျှင် အဓိကဖြစ်ကြောင်း ဖော်ညွှန်းရေးသားထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။



၅။ **ငပလီဇာတ်လမ်း**။ ရန်ကုန်၊ အင်လျား စာပေ၊ ၁၉၇၅။ ၂၀၂ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ်အမှတ် ၁၁၂) အမသ - ၇၆/၁၆၂

မြို့နေလူတန်းစားအပေါ် ကျေးတောသူ ရခိုင်သူကလေးတစ်ဦး၏ တွေ့မြင်ခံစားရပုံကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ရိုးသားသန့်စင်သည့် ငပလီကမ်းခြေ၏ အလှအပကို အကျည်းတန်ညစ်နွမ်းစေသည့် အထက်တန်းစားနှင့် လူလတ်တန်းစားတို့၏ ဖောက်ပြန်မှု မမှန်ကန်မှုအထွေထွေကို ပီပြင်အောင် ရေးဖွဲ့ထားသော ဝတ္ထုဖြစ်သည်။



၆။ **ငြိမ်းကိုရှက်ပါ**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၇၉။ ၂၂၅ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ်အမှတ် ၁၃၇) အမသ ၇၉/၈၉၇။


လောဘ ဒေါသ မောဟမီးတို့ဖြင့် လောင်မြိုက်လျက်ရှိသည့် မိသားစု တစ်စုအတွင်း၌ နေထိုင်ရသော ဒုက္ခိတဝေဒနာသည်၏ လူ့သဘော၊ လူ့မနောနှင့် ရှက်ဖွယ်ရာ စရိုက်လက္ခဏာများကို ရှုမြင်သုံးသပ်မိပုံနှင့် စိတ်ခံစားချက်ကို ရေးဖွဲ့ထားသည်။



၇။ **ညီမလေးက အချစ်ကိုကိုးကွယ်သတဲ့လား**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၁။ ၃၁၅ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ်အမှတ် ၁၄၅) တဗစ- ၁၉၅၅၂၃။

ဘဝရည်မှန်းချက် မပြည့်စုံဘဲ အချစ်ကို ကိုးကွယ် ဆည်းကပ်မိပါက ဘဝအနာဂတ်မလှပဘဲ စိတ်ရောလူပါ ဒုက္ခ ရောက်တတ်ကြောင်း မိန်းကလေးများအား သင်ခန်းစာပေး ဝတ္ထုတစ်ပုဒ်ဖြစ်သည်။ အချစ်ကို ယုံကြည်ကိုးစားမိသည့် မိန်းကလေး တစ်ယောက် အကြောင်းကို ရေးဖွဲ့သည်။

---၊ ဒုတိယအကြိမ်။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၄။ ၃၀၂ စာ၊ စာ ၁၆ ဆင်တီ (စာပေလောကစာအုပ် ၁၄၅ ဒု) တဗစ-၃၁၅၈၆၁။



၈။ **ထိုနေ့က မီးမလာပါနှင့် မဂ္ဂဇင်းဝတ္ထုရှည်များ**။ ရန်ကုန်၊ မိုးမိုး(အင်း လျား) စာအုပ်၊ ၁၉၈၅။ ၄၄၁ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ် ၁၅၈) တဗစ-၃၂၄၉၂၆။

မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဝတ္ထုရှည် (၇) ပုဒ်ကို တစ်ပေါင်း တစ်စည်းတည်း ပုံနှိပ်ဖော်ပြ ထားသည်။

ပါဝင်သော ဝတ္ထုများကို ဝတ္ထုအခန်းကဏ္ဍ၌ တစ်ပုဒ်ချင်းစီ သီးခြားဖော်ပြထားပြီး ကိုလည်းကြည့် အညွှန်းဖြင့် ပြန်ညွှန်းထားပါသည်။ (၁၃၁၊ ၁၁၆၊ ၁၀၁၊ ၁၁၅၊ ၇၈၊ ၆၁၊ ၈၃ ကိုလည်းကြည့်)





၉။ **နာမကျန်းသည် အိုနှင်းဆီ**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၃။ ၃၄၇ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၅၀) ရတစ-၈၇၆၂။

---။ ဒုတိယတွဲ။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၃။ ၃၄၉-၆၇၈ စာ၊ ၁၆ စင်တီ (စာပေလောက စာအုပ်အမှတ် ၁၅၀-ဒု) ရတစ-၈၇၃၆။

စာပေဝါသနာရှင် မိန်းကလေးတစ်ယောက်၏ ဘဝနှင့် ကြိုးပမ်းမှုကို ရေးဖွဲ့ထားသည်။ မည်သို့သော အခြေအနေမျိုးမှာပင်ဖြစ်စေ၊ မိမိယုံကြည်ရာ စာပေလမ်းကြောင်းပေါ်တွင် မယိမ်းမယိုင် မဖောက် မပြန် ရပ်တည်နိုင်ရန် ကြိုးပမ်း အားထုတ်သော စာရေးဆရာတို့၏ ဘဝနှင့် ယုံကြည်ချက်ကို ရေးဖွဲ့ထားသည်။

၁၀။ **ပန်းရိုင်းတစ်ရာ**။ ရန်ကုန်၊ ပညာဂုဏ် စာပေ၊ ၁၉၈၁။ ၇၉-၁၉၈ စာ၊ ၁၆ ဆင်တီ၊ တဗစ- ၂၉၄၆၁၇။

စားသောက်ဆိုင်တွင် စားပွဲထိုးလုပ်ရသော မိန်းကလေးတို့၏ အန္တရာယ်များပုံကို ရေးဖွဲ့ထားသည်။ အခက်အခဲအမျိုးမျိုးကြားမှ အကျင့်စာရိတ္တ မပျက်စီးဘဲ စားသောက်ဆိုင်တွင် စားပွဲထိုးလုပ်၍ ဘဝတက်လမ်းကို လမ်းမှန်မှ ကြိုးစားရှာဖွေသော မိန်းကလေးတစ်ဦး၏ ဘဝနှင့် အားမာန်ကို ရေးဖွဲ့ထားသည်။

မှတ်ချက်။ ။ မောင်သာရ၏ ရှာငယ်ဇနပုဒ် မီးကလေး မိုတ်တုတ်နှင့် ပူးတွဲထုတ်ဝေသည်။




၁၁။ **ပျောက်သောလမ်းမှာ စမ်းတဝါး**။ ရန်ကုန်၊ ထွန်းထွန်း မြန်မာစာပေ မြှင့်တင် ထုတ်ဝေရေး ဌာန၊ ၁၉၇၄။ ၂၂၂ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ်အမှတ် ၉၂) တဗစ - ၁၇၆၂၄၂။

အိမ်ထောင်တစ်ခုကို ထူထောင်ရာတွင် မိန်းကလေးနှင့် ယောကျ်ား လေး နှစ်ဦးစလုံး အခက်အခဲကို သတ္တိရှိစွာ ရင်ဆိုင်ဖြေရှင်းရန် လိုအပ်ကြောင်းနှင့် ခက်ခဲကျဉ်းမြောင်းသော မြို့ပြလူနေစနစ်ကို ရေးဖွဲ့သည်။

---။ ဒုတိယအကြိမ်။ ရန်ကုန်၊ အင်းလျားစာစဉ်၊ ၁၉၇၅။ ၂၂၂ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ်-၉၂ ဒု) အမသ ၇၅/၁၃၀၂။

---။ တတိယအကြိမ်။ ရန်ကုန်၊ ခရမ်းရောင်စာစဉ်၊ ၁၉၉၄။ ဇ၊ ၁၄၇ စာ၊ ၁၆ ဆင်တီ။

မှတ်ချက် ။ ။တတိယအကြိမ်ထုတ်၌ စာရေးသူ၏ အမှာစာပါရှိသည်။ ၁၉၇၄ ခုနှစ် အမျိုးသားစာပေဆုရစာအုပ် ဖြစ်သည်။ ဒါရိုက်တာ ကြည်စိုးထွန်းက ထိုအမည်နှင့်ပင် ရုပ်ရှင်သရုပ်ဆောင် မင်းဦး၊ ဇင်မာဦးတို့နှင့် ဗွီဒီယိုရိုက်ကူးခဲ့သည်။



၁၂။ **ပွင့်တချို့ ကြွေတချို့**။ ရန်ကုန်၊ ဆိုရှယ်စာအုပ်တိုက်၊ ၁၉၇၅။ ၃၁၅ စာ ၁၆ စင်တီ။ တဗစ ၂၅၀၁၈၇။


ဘဝအခက်အခဲအတွက် ရှန်းကန်လှုပ်ရှား ကြရာမှာ လေ့လော်ရင်း တက်ကျိုးကြရသော မိန်းကလေးတစ်ဦးအကြောင်းကို ရေးဖွဲ့ထားသည်။ အကြောင်းအဆင်မသင့်၍ ရေတိမ်နစ်ကြရာတွင် ဆင်းရဲသားမျက်နှာမွဲ မိန်းကလေးများက ပို၍နစ်နာ တတ်ကြကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်သည်။

---။ ဒုတိယအကြိမ်။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၇၇။ ၃၁၅ စာ၊ ၁၆ ဆင်တီ။ တဗစ-၂၅၇၀၉၁



၁၃။ **ဘယ်သူလာကူပါ့မယ်**။ ရန်ကုန်၊ အင်းလျားစာပေ၊ ၁၉၇၇။ ၂၁၈ စာ၊ ၁၆ စင်တီ၊ တဗစ၂၅၁၇၅၀။

မိခင်ဆုံးသွား၍ အိမ်ထောင်တစ်ခုလုံးကို တာဝန်ယူရသော မိန်းက လေးတစ်ဦး၏ စွန့်လွှတ်အနစ်နာခံမှုနှင့် တာဝန်သိတတ်မှုကို ရေးဖွဲ့ထားသည်။ ထိုမိန်းကလေးမျိုးတို့၏ စိတ်ခံစားချက်ကို အိမ်သား များက နားလည်ဂရုစိုက် ဖို့လိုအပ်ကြောင်းကိုလည်း ရေးသားထားသည်။



၁၄။ **မသုခမ္မစာရီ**။ ရန်ကုန်၊ မိုးမိုး (အင်းလျား) စာအုပ်၊ ၁၉၈၂။ ၃၁၇ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ်အမှတ် ၁၄၆) တဗစ-၂၉၇၅၅၀။

လောကီလူသားတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ မာနနှင့် အာယတ တရားတို့၏ ပူလောင်မှုနှင့် ဗုဒ္ဓတရားတော်ရိပ်အောက်မှ သာသနာပြုပုဂ္ဂိုလ်တို့၏ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ငြိမ်းအေးမှုများကို နှိုင်းယှဉ်ရေးဖွဲ့ထားသည်။ ရှားရှားပါးပါး ရခဲလှသော သီလရှင်တို့၏ ယေဘုယျနေ့စဉ်ဘဝကိုလည်း ရေးသား ထားသည်။

မှတ်ချက်။          ။ဒါရိုက်တာကြည်စိုးထွန်းက ထိုအမည်နှင့်ပင် ရုပ်ရှင် သရုပ်ဆောင် မို့မို့မြင့်အောင်၊ ကျော်ရဲအောင်၊ မြင့်မြင့်ခိုင်၊ ရှုမဝစမ်းစမ်းအေး၊ ဇော်လင်းတို့ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့သည်။



၁၅။ **မီးရောင်အောက်ကိုဝင်လျှင်**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၅။ ၃၄၈ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ်အမှတ် ၁၅၄)

ရုပ်ရှင်လောက၏ ရှုပ်ထွေးပွေလီသော လူမှုရေးအကြောင်းဖြစ်သည်။ ရုပ်ရှင်လောက တစ်ခုတည်း၌ ကျင်လည်နေကြသော လူသားတို့၏ ဘဝ အခြေအနေ စိတ်ခံစားချက်၊ စွမ်းဆောင်နိုင်မှု အတိုင်းအတာ၊ အောင်မြင်မှု အတက်အကျကို ရေးဖွဲ့ထားသည်။




၁၆။ **မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုများ ၁**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၂။ ၂၄၈ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၄၇) တဗစ-၃၀၀၇၄၅။

၁၉၇၂ ခုနှစ် စက်တင်ဘာလ ငွေတာရီ မဂ္ဂဇင်းတွင် ဖော်ပြပါရှိသည့် စာရေးသူ၏ ပထမဆုံးဝတ္ထုတို အိမ်နီးချင်းအမည်ရှိဝတ္ထုမှ အစပြု၍ ၁၉၇၉ ခုနှစ် ဇူလိုင်လ ဝါဏိဇ္ဇမဂ္ဂဇင်းမှ နှောင်းမိုး အမည်ရှိ ဝတ္ထုတိုအထိ ဝတ္ထုတို (၁၄) ပုဒ်ကို စုစည်းပုံနှိပ်ဝေခြင်းဖြစ်သည်။

ပါဝင်သော ဝတ္ထုတိုများကို ဝတ္ထုများအခန်းကဏ္ဍ၌ တစ်ပုဒ်ချင်း သီးခြားဖော်ပြထားပြီး ကိုလည်းကြည့်အညွှန်းဖြင့် ပြန်ညွှန်းထားပါသည်။

(၁၅၄၊ ၇၂၊ ၁၀၄၊ ၆၉၊ ၇၁၊ ၉၅၊ ၆၃၊ ၁၃၀၊ ၁၅၃၊ ၁၃၈၊ ၅၈၊ ၇၆၊ ၁၀၃၊ ၅၃ ကိုလည်းကြည့်)

မှတ်ချက်။       ။ ၁၉၈၂ ခုနှစ် အမျိုးသားစာပေဝတ္ထုဆုရစာအုပ်ဖြစ်သည်။




၁၇။ **မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုများ ၂**။
ရန်ကုန်၊ မိုးမိုး (အင်းလျား) စာအုပ်၊ ၁၉၈၆။ ၂၈၃ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၆၂) တဗစ-၃၆၄၀၂၃။

၁၉၈၀၊ မတ်လမှ ၁၉၈၅ နိုဝင်ဘာလအတွင်း ပုံနှိပ်ဖော်ပြပြီးသော ဝတ္ထုတိုတစ်ဆယ့်ငါးပုဒ်ကို ပြန်လည်စုစည်းဖော်ပြထားသည်။

ပါဝင်သော ဝတ္ထုတိုများကို ဝတ္ထုများ အခန်းကဏ္ဍ၌ တစ်ပုဒ်ချင်း သီးခြားဖော်ပြထားပြီး ကိုလည်းကြည့်အညွှန်းဖြင့် ပြန်ညွှန်းထားပါသည်။

(၈၉၊ ၁၄၉၊ ၉၀၊ ၉၂၊ ၁၃၃၊ ၁၀၉၊ ၁၅၁၊ ၁၁၁၊ ၇၃၊ ၁၁၈၊ ၇၀၊ ၉၇၊ ၁၃၅၊ ၈၆ ကိုလည်းကြည့်)

မှတ်ချက်။ ။ ၁၉၈၆ ခုနှစ် အမျိုးသားစာပေဝတ္ထုတိုဆုရစာအုပ်ဖြစ်သည်။

၁၈။ **မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုများ ၃**။
ရန်ကုန်၊ တက်လမ်းစာပေ၊ ၁၉၉၃။ ၃၂၃ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၉၈)

မဂ္ဂဇင်းများတွင် ဖော်ပြခဲ့သော ဝတ္ထုတိုအပုဒ် (၃၀) ကို တစ်ပေါင်း တစ်စည်းတည်းပြန်လည် ပုံနှိပ်ဖော်ပြထားသည်။


ပါဝင်သော ဝတ္ထုတိုများကို ဝတ္ထုများအခန်းကဏ္ဍ၌ တစ်ပုဒ်ချင်း သီးခြားဖော်ပြထားပြီး ကိုလည်းကြည့် အညွှန်းဖြင့် ပြန်ညွှန်းထားပါသည်။

(၅၉၊ ၈၆၊ ၆၈၊ ၈၀၊ ၁၄၄၊ ၈၂၊ ၁၀၂၊ ၁၂၄၊ ၇၇၊ ၁၃၆၊ ၆၇၊ ၁၂၈၊ ၈၄၊ ၇၉၊ ၁၃၄၊ ၁၄၅၊ ၆၅၊ ၁၂၇၊ ၉၆၊ ၁၂၅၊ ၉၁၊ ၁၂၂၊ ၅၇၊ ၁၁၃၊ ၉၈၊ ၆၆၊ ၁၅၀၊ ၈၁၊ ၁၅၂၊ ၁၄၀ ကိုလည်းကြည့်)




၁၉။ **မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုများ ၄**။ ရန်ကုန်၊ သော်ကစာပေ၊ ၂၀၀၃။ ၂၉၅ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၃၃၂)

မဂ္ဂဇင်းထဲတွင် ဖော်ပြခဲ့သော ဝတ္ထုတို ၁၅ ပုဒ်ကို တစ်ပေါင်းတစ်စည်းတည်း ပြန်လည်ပုံနှိပ် ဖော်ပြထားသည်။




၂၀။ **မိုးမိုး(အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၀။ ၈၊ ၃၀၅ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ် ၁၄၁) တဗစ-၂၈၃၈၅၉။

မဂ္ဂဇင်းများ ဖော်ပြခဲ့သော ဝတ္ထုရှည်များ တစ်ပေါင်းတစ်စည်းတည်း ပုံနှိပ်ဖော်ပြထားသည်။ စာရေးသူ၏ အမှာစာ ပါရှိသည်။

ပါဝင်သောဝတ္ထုများကို ဝတ္ထုများအခန်းကဏ္ဍ၌ တစ်ပုဒ်ချင်း ကိုလည်း ကြည့်အညွှန်းဖြင့် ဖော်ပြထား သည်။

(၁၄၈၊ ၁၂၃၊ ၁၂၀၊ ၁၀၀၊ ၈၈၊ ၈၅ ကိုလည်းကြည့်)

မှတ်ချက်။ ။ ၁၉၈၀ ပြည့်နှစ်အတွက် အမျိုးသားစာပေ ဝတ္ထုတိုဆု ရရှိသောစာအုပ် ဖြစ်သည်။

၂၁။ **မေတ္တာကမ်းနား၊ အချစ်သစ်ပင်**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၅။ ၂၇၉ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၅၆) တဗစ-၃၂၃၆၈၄။

ဘဝဆိုသည်မှာ ကိုယ်မျှော်လင့်သလို မဖြစ်တတ်သည့် သဘောကို ရေးဖွဲ့သည်။ ငယ်ရွယ်ချောမောသည့် မုဆိုးမတစ်ဦး၏ ဘဝနှင့် အချစ်အကြောင်း ဖြစ်သည်။



၂၂။ **မြူမှောင်ဝေကင်း**။ ရန်ကုန်၊ သော်ကစာပေ၊ ၂၀၀၃။ စာ ၈၈၊ ၁၁ ဆင်တီ၊ (စာပေလောက စာအုပ်အမှတ်-၃၂၈)။

တိုင်းရင်းမေဂျာနယ်၊ အခန်းဆက်ဝတ္ထုရှည် အဖြစ် ဖော်ပြပါရှိပြီးသည်ကို လုံးချင်းဝတ္ထုအဖြစ် ပြန်လည်ထုတ်ဝေ။


နောက်အိမ်ထောင်ပြုသွားသော ဖခင်ကို မကျေနပ်သည့်စိတ်ဖြင့် ဆန့်ကျင်သော မိန်းကလေး တစ်ယောက်အကြောင်း ဖြစ်သည်။

၂၃။ **မြန်မာပြည်မှာနေကြသည်**။ ရန်ကုန်၊ မိုးမိုး(အင်းလျား) စာအုပ်၊ ၁၉၈၃။ ၂၅၁ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၅၁) တဗစ-၃၁၁၇၉၃။

မြန်မာပြည်တွင်းရှိ လူငယ်များ၏ လှုပ်ရှား ရုန်းကန်နေထိုင်ကြရမှုကို ထင်ဟပ်ဖော်ပြနိုင်ရန် ကြိုးပမ်းရေးသားထားသည့် ဝတ္ထုများဖြစ်သည်။ မဂ္ဂဇင်း များတွင် ဖော်ပြဖူးသော ဝတ္ထုရှည် ၅ပုဒ်ကို တစ်ပေါင်း တစ်စည်းတည်း ဖော်ပြ ထားသည်။

ပါဝင်သော ဝတ္ထုများကို ဝတ္ထုများကဏ္ဍ၌ တစ်ပုဒ်ချင်း သီးခြား ဖော်ပြထားပြီး ကိုလည်းကြည့်အညွှန်းဖြင့် ပြန်ညွှန်းထား ပါသည်။


(၆၄၊ ၁၀၇၊ ၁၀၈၊ ၁၁၄၊ ၁၂၁ ကိုလည်းကြည့်)




၂၄။ **မှတစ်ဆင့်**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၇၈။ ၂၅၄ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ်အမှတ် ၁၃၃) အမသ ၇၈/၁၄၇၇။

သူဌေးသမီးဖြစ်လျက်နှင့် ဘဝပေး အခြေအနေ အတိုင်း သက်သောင့် သက်သာနှင့် ဘဝကို သမား ရိုးကျအတိုင်း မသွားလိုဘဲ ကိုယ့်အကြိုက်သီးခြား ဘဝ ပုံစံတစ်ရပ် တည်ဆောက်ကြည့်လိုသော မိန်းကလေး တစ်ဦးအကြောင်းဖြစ်သည်။ အတွေးအခေါ် အယူအဆ


ချင်း ကွာဟလျက်ရှိသော မိဘနှင့် သားသမီးတို့၏ ပဋိပက္ခကြားမှ သံယောဇဉ်နှင့် ချစ်ခြင်းမေတ္တာကို ရေးဖွဲ့ထား သည်။




၂၅။ **မှတပါး အခြားမရှိပြီ**။
ရန်ကုန်၊ ပါရမီ စာစဉ်၊ ၁၉၇၈။ ၂၄၁ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၃၁) အမသ ၇၈/ ၉၈၉။

သားသမီးတို့အပေါ် မည်သည့်မျှော်လင့်ချက်မျှ မထားဘဲ အတိုင်းမသိ ထားရှိအပ်သော မိခင်တစ်ဦး၏ မေတ္တာနှင့် မိသားစုတစ်စုအတွင်းမှာပင် စိတ်သဘောထား အယူအဆချင်း ကွာဟလျက်ရှိသော ညီအစ်ကိုမောင်နှမတစ်စုတို့ ၏ အဖြစ်အပျက်ကို ရေးဖွဲ့ထားသည်။


မှတ်ချက်။ ။ ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်က ထိုအမည်နှင့်ပင် ရုပ်ရှင်ရိုက်ကူးခဲ့ရာ အမျိုးသမီး ဇာတ်ပို့ဆုကို ဒေါ်မြင့်မြင့်ခင် ကလည်းကောင်း၊ အမျိုးသားဇာတ်ပို့ဆုကို မောင်စိမ်းအောင်က လည်းကောင်း ၁၉၈၀ ခုနှစ်အတွက် အကယ်ဒမီ ရရှိခဲ့သည်။




၂၆။ **ရွက်လှပန်း**။ ရန်ကုန်၊ အင်းလျားစာပေ၊ ၁၉၇၅။ ၂၆၂ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၀၃) အမသ ၇၅/ ၁၃၄၉။


လူ့ဘဝ အပြောင်းအလဲဟူသည် မြန်ဆန်လှ၍၊ လူက ဘဝကို မဖန်တီးနိုင်၊ ဘဝကသာ လူကို ဖန်တီးနေတတ်သည့် သဘောကို ရေးဖွဲ့ထားသည်။ အချစ်အတွက် နာကျည်းခြင်း၊ ဘဝ၏ ဆုံးရှုံးမှုများ အတွက် တုန်လှုပ်တွေဝေခြင်းကို ကြာရှည် မခံစားသင့်ဘဲ ဖြစ်လာသည့် အခြေအနေမှ အားမာန် အပြည့်နှင့် ဘဝကို ရင်ဆိုင်ကြိုးစားဖို့လိုကြောင်း ရေးဖွဲ့ထားသည်။

---။ ဒုတိယအကြိမ်။ ရန်ကုန်၊ အင်းလျားစာပေ၊ ၁၉၉၅။ ၂၅၆ စာ၊ ၁၆ ဆင်တီ။




၂၇။ **ရွှေတိဂုံကိုမြင်လျှင်**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၇၉။ ၃၉၅ စာ၊ ၁၆ ဆင်တီ (စာပေလောက စာအုပ်အမှတ် ၁၃၅) တဗစ-၂၇၈၂၃၁။

မြို့ပြလူနေမှုစနစ်၏ ကျဉ်းမြောင်းကြပ်တည်း ရှုပ်ထွေးမှု၊ မြို့ပြလူနေမှု ပြဿနာများကြားတွင် ကြပ်တည်းမွန်းနစ်စွာ လှုပ်ရှားရုန်းကန် နေကြသည့် မြို့ပြနေ လူသားများ၏ ဒုက္ခဝေဒနာများကို စုစည်း ရေးဖွဲ့ထားသည့် ဝတ္ထု ဖြစ်သည်။



၂၈။ **ဝေဒနာကြာနီပွင့်**။ ရန်ကုန်၊ မိုးမိုး(အင်းလျား)စာအုပ်၊ ၁၉၈၂။ ၂၉၁ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၄၈) တဗစ-၃၀၃၇၄၇။

မိန်းကလေးတစ်ယောက်၏ ဘဝကို ရုန်းကန် ရင်ဆိုင်ရဲသည့် သတ္တိနှင့် ဆန္ဒရမ္မက်ကင်းစွာ ချစ်တတ်သော စိတ်ကို ခံစားနားလည်တတ်ရန် ရေးဖွဲ့ထား သည်။ လူတို့သည် ကိုယ်မွေးဖွားကျင်လည်ရာ ပတ်ဝန်းကျင်မှ ရုန်းထွက်နိုင်ရန် ကြိုးစားကြသော်လည်း မအောင်မြင်ဘဲ ကျရာဘဝတွင် အဆင်ပြေသလို နေ သွားကြသည့် လူ့ဘဝလောကအကြောင်း ဖြစ်သည်။



၂၉။ **သမုဒ္ဒရာခုနှစ်စင်း မြစ်မင်းတစ်ဆယ့်သုံးသွယ်**။ ရန်ကုန်၊ ပါရမီစာစဉ်၊ ၁၉၈၀။ ၃၇၀ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၄၂) တဗစ-၂၈၇၃၈၅။

မိမိတည်မှီရာလောကတွင် နေရဲသည့် သတ္တိကို အရင်းတည် ကျင်လည်နေကြရသည့် မိန်းမသားတို့၏ ဘဝအတွေ့အကြုံ၊ အဖြူအမည်း၊ အလင်းအမှောင်၊ အံ့သြဖွယ်ဝမ်းမြောက်ဖွယ်ရာ၊ ဝမ်းနည်းနာကျည်း ဖွယ်ရာများကို ရေးဖွဲ့ထားသည်။


၃၀။ **သုံးလွန်းတင်မှကြိုး**။ ရန်ကုန်၊ မိုးမိုး (အင်းလျား) စာအုပ်၊ ၁၉၈၂။ ၃၇၉ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၄၉) ရတစ-၈၇၆၄။

မျက်မှောက်ခေတ် ကျေးလက်တောရွာကလေး တစ်ရွာမှ တောင်သူလယ်သမားများနှင့် ကုန်သွယ် လယ်ယာဝန်ထမ်းတချို့၏ ဘဝကို ထပ်ဟပ်နိုင်ရန် ရေးဖွဲ့ထားသည်။



၃၁။ **သဗ္ဗေသတ္တာ အဝေရာဟောန္တု**။ ရန်ကုန် ပါရမီ စာစဉ် ၁၉၈၃။ ၂၅၁ စာ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၃၂) အမ၁-၇၈/၁၉၉၁။

လောကဓံအခက်အခဲများ၊ ဘဝအခက်အခဲများ ကြားတွင် ဘဝတစ်ခု ရပ်တည်နိုင်ရန် ရိုးသားစွာ ရှာဖွေလုပ်ကိုင် စားသောက်ကြသော ဆင်းရဲသားတို့ ဘေးအန္တရာယ်ကို ရှောင်ရှားတတ်ရန် ရေးဖွဲ့ထားသည်။



၃၂။ **အချစ်ဆိုသောအရာ**။ ရန်ကုန်၊ အင်းလျားစာပေ၊ ၁၉၇၆။ ၃၀၈ စာ၊ ၁၆ ဆင်တီ (စာပေလောကစာအုပ်အမှတ် ၁၁၇) အမသ ၇၆/၁၅၀၇။

ငယ်သူတို့လောကတွင် ဖြစ်တတ်သော ပျော်ရွှင်ကြည်နူးခြင်း၊ ကြေကွဲဝမ်းနည်းခြင်း၊ စိတ်ပျက်အားလျော့ခြင်း၊ ရွှင်လန်းတက်ကြွခြင်း စသည့် လူငယ်တို့၏ စိတ်ခံစားချက်များနှင့် မပြတ်သားသော အချစ်စိတ်အကြောင်းကို ရေးဖွဲ့သည်။



## စာဖတ်သူတို့ နှလုံးသားတွင် ထာဝရ တည်ရှိနေမည့် မိုးမိုး (အင်းလျား) နှင့် သူ့ဝတ္ထုများ

**စိုးမြင့်လတ်**

(၁)

၁၉၇၀-၈၀ ကာလများတွင် မြန်မာစာပေလောက၌ အမျိုးသမီး စာရေးဆရာမ နှစ်ဦးတို့ တစ်ပြိုင်နက်လို ထွက်ပေါ်လာသည်ကို သတိပြုမိသည်။ သူတို့နှစ်ဦးမှာ မိုးမိုး(အင်းလျား)နှင့် မစန္ဒာဖြစ်ကြပြီး သူတို့ ကလောင်များကလည်း သူ့ဟာန်နှင့်သူ ထက်မြစူးရှကြသည်။ လုံးချင်းတစ်အုပ်စီနှင့်ပင် ကိုယ့်ကလောင်ကို စာဖတ်ပရိသတ်ကြား ကြွားကြွားဝင့်ဝင့် တင့်တယ်နိုင်ကြသူချည်း ဖြစ်ကြသည်။

သူတို့နှစ်ယောက်သည် မြန်မာစာပေလောက၏ တကယ့်ကို ခေတ်ပြိုင် စာပေသူရဲကောင်းများ ဖြစ်ကြသည်။ အားကောင်းမောင်းသန် ကလောင်များပီပီ ဆယ်စုနှစ် နှစ်ခုနီးပါးမျှ အရှိန်အဟုန် ကောင်းကောင်း ခွာသံဖြောင်းဖြောင်းဖြင့် ချီတက်လာကြရာ ခုခါတွင်မူ သူတို့နှစ်ဦးထံမှ မိုးမိုး(အင်းလျား) ဟူသော ကလောင်တစ်ချောင်းသည် မမျှော်လင့်ဘဲ ရုတ်တရက် အားလုံးကို နှုတ်ဆက်ကာ လူ့ဘဝနှင့် စာပေနယ်မှ အနိုင်ပိုင်း၍ ထွက်ခွာသွားခဲ့ချေပြီ။

(၂)

သူ၏ ပထမဆုံးသော လုံးချင်းဝတ္ထုမှာ 'ပျောက်သောလမ်းမှာ စမ်းတဝါး' ဖြစ်သည်။

ထိုဝတ္ထုတွင်သူသည် မြို့ပြမှ ခေတ်ပညာတတ် လူငယ် အိမ်ထောင်သည်တို့၏ ဘဝ အခက်အခဲကို ရေးဖွဲ့သည်။ မြို့ပြ လူမှုစီးပွားဒုက္ခ ဝဲဂယက်တွင် စမ်းတဝါးဝါးဖြင့် လျှောက်လှမ်းရင်း လမ်း ဘယ်မမြင် ဖြစ်နေရသည့် ခေတ်ပြကြေးမုံ တစ်ချပ်အဖြစ် ကြည်ကြည်လင်လင် မြင်ရအောင် ရေးသွားနိုင်သည်။

'ဒီနေ့ခေတ် အမျိုးသမီးတွေမှာ ဘာပြဿနာတွေရှိနေလဲ' ဟူသော တစ်စုံတစ်ယောက်သော သူ၏ မေးခွန်းမှ အစပြု၍ အတွေးစတို့ စီးဆင်းယှက်ဖြာကာ ဤဝတ္ထုကို ရေးဖွဲ့ဖြစ်သည်ဟူသော ဝတ္ထုနောက်ကွယ်မှ အသံကို ကြားသိရဖူးသည်။

ထိုပွဲဦးထွက် ဝတ္ထုနှင့်ပင် သူသည် ၁၉၇၄ ခုနှစ်အတွက် အမျိုးသားစာပေ ဝတ္ထုရှည်ဆုကို ဆွတ်ခူးရရှိသွားသည်။ ထိုဝတ္ထုကို ၁၉၇၅ ခုနှစ်တွင် ဒုတိယအကြိမ် ပြန်ရိုက်ရပြီး နောင်တွင် ရုရှားဘာသာဖြင့် ပြန်ဆိုခြင်း ခံရသည်ဟု သိရသည်။

သည်လိုနှင့် သူသည် ဝတ္ထုတို၊ ရှည်နှင့် လုံးချင်းဝတ္ထုများကို ဆက်တိုက်လို ရေးသားထုတ်ဝေလာခဲ့သည်။ အထူးသဖြင့် သူသည် အမျိုးသမီးတို့၏ ဘဝကို ပို၍ နားလည်သလို စိတ်ဝင်တစား' ရေးဖွဲ့လာသည်ကို တွေ့ရသည်။

သူ၏ ဒုတိယဝတ္ထုစာအုပ်ဖြစ်သော 'ပွင့်တချို့ ကြွေတချို့' မှာ ခေတ်ကာလ၏ လူမှုစီးပွားလှိုင်းတံပိုးများကြားတွင် ကူးခတ်ရုန်းကန်ရင်း ဘဝကို တည်ဆောက်နေကြရသူ အမျိုးသမီးငယ်များ၏ ဘဝကို ဖွင့်ဆိုထားသည်။ ထိုလှိုင်းတံပိုးများကြားတွင် တချို့ကား လန်းဆန်းလှပစွာ ပွင့်လျက် တချို့ကား ကြွေလွင့်လျက်။

သူသည် ဝတ္ထုရေး ဆရာမတစ်ဦး ဖြစ်သော်လည်း သူ့ယုံကြည်မှုနှင့်သူ လမ်းလျှောက်သူဖြစ်သည်။ တာဝန်သိသိဖြင့် စာရေးသူတစ်ဦးလည်း ဖြစ်သည်။ သူ၏ ဝတ္ထုများမှာ ရောင်းအကောင်းဆုံး၊ လူကြိုက်အများဆုံးဟူသော စာရင်းတွင် မပါဝင်။ သူ့ဘဝ ပတ်ဝန်းကျင်မှ ရိုက်ခတ်လာသော ဝေဒနာနှင့် ခံစားချက်များကို စူးစူးနစ်နစ် ဖော်ထုတ်တင်ပြသော လူ့ဘဝ ပန်းချီကားများ ဖြစ်နေတတ်သည်။

စာဖတ်သူအကြိုက်လိုက်၍ အောင်မြင်မှုပေါ် မျောခိုစီးနေသော စာရေးဆရာမျိုး သူမဖြစ်ချင်။ "စာဖတ်သူကို အလေးထားသော၊ စာဖတ်သူ

ကလည်း လေးစားသော စာရေးဆရာမျိုးသာ သူဖြစ်ချင်သည်” ဤအချက်ကို သူစာပေဟောပြောချက် တစ်ခုထဲတွင် ရှင်းရှင်းလင်းလင်း ဖွင့်ဟထားသည်။

'ပြည်သူအားလုံးရဲ့ဘဝ၊ ပြည်သူအားလုံးရဲ့ ခံစားမှုကို ဖော်ထုတ်နိုင်မှ ကျွန်မတို့ တာဝန်ကျေမှာပါ။ ကျွန်မတို့အားလုံး စာရေးသူတွေ၊ စာဖတ်သူတွေ အားလုံးမှာ တာဝန်ရှိပါတယ်။ တချို့စာရေးသူတွေကတော့ စာဖတ်သူတွေအပေါ် လုံးလုံးလွဲချတတ်ကြပါတယ်။ ဖတ်တဲ့သူတွေက ဒါတွေပဲ ဖတ်ကြတာ၊ ဒါတွေပဲ ရေးရတာပေါ့တဲ့၊ ဒါဟာ စာဖတ်သူကို စော်ကားတာပါပဲ၊ စာဖတ်သူကို ခုတုံးလုပ်တာပါပဲ'

ကဲ. . . သူဘယ်လောက် တာဝန်ကျေသလဲ. . .

'ရွှေတိဂုံကိုမြင်လျှင်' တဲ့။ ၁၉၇၈ ခုနှစ်တွင် သူ ဝတ္ထုတစ်ပုဒ် ရေးထုတ်လိုက်သည်။ ရန်ကုန်မြို့နှင့် အနီးမှ ဝန်းကျင်အဖုံဖုံ၊ လူတန်းစား အစုံစုံတို့၏ ဘဝကို မှန်ကူကွက်သဖွယ် ရေးခြယ်ထားသည်။ ဒေါပုံမြို့နယ်၏ အနိမ့်ဆုံးသော အလွှာမှ ဝင်ဒါမီယာအထိ လူတန်းစားပေါင်းစုံ လုပ်ငန်းပေါင်းစုံ၊ စရိုက်ပေါင်းစုံတို့ကို သူ့ပညာဖြင့်ရောမွှေကာ သူ ဖြတ်သန်းနေရသော သမိုင်းခေတ်၏ ပုံရိပ်တို့ကို အလှပဆုံးနှင့် အသိမ်မွေ့ဆုံး ရေးဖွဲ့သွားသည်။

စာရေးသက် လေးနှစ်မျှအကြာတွင်ပင် သူ့လက်ရာသည် အံ့သြရလောက်အောင် တိုးတက်လာသည်။ လူ့ဘဝနှင့် လူ့စရိုက်တို့ကို ထောင့်ပေါင်းစုံမှ ကြည့်တတ်လာသည်။ ဘဝ၏ အသွင်ကွဲ အမျိုးမျိုးကိုလည်း လတ်ဆတ်သော ရေးဖွဲ့ပုံ အတတ်ပညာတို့ဖြင့် ရက်ယှယ်လာသည်ကို တွေ့ရသည်။

၁၉၇၈ ခုနှစ်သည် သူ့ဘဝတွင် ရေးအား အကောင်းဆုံး၊ အရှိန်အရဆုံးသော နှစ်ဟု ပြောလျှင်မှားမည်မထင်။ ထိုတစ်နှစ်တည်းတွင် သူသည် လုံးချင်းလေးအုပ်တိတိ ရေးသားထုတ်ဝေနိုင်ခဲ့သည်။

'မှတစ်ပါးအခြားမရှိပြီ' 'သဗ္ဗေသတ္တာ အဝေရာဟောန္တု' 'မှတစ်ဆင့်' နှင့် 'ရွှေတိဂုံကိုမြင်လျှင်' တို့ဖြစ်သည်။ ထိုအထဲတွင် 'မှတစ်ပါးအခြားမရှိပြီ' ဝတ္ထုမှာလည်း အောင်မြင်သော မိခင်မေတ္တာဘွဲ့ တစ်ပုဒ်ဖြစ်သည်။

စရိုက်အမျိုးမျိုး၊ စိတ်ဓါတ်အဖုံဖုံတို့ဖြင့်လာသော သားသမီးများ၏ ကောင်းကျိုး ဆိုးကျိုးအမျိုးမျိုးကို ပွေ့ပိုက်ခံစားရသော မုဆိုးမမိခင်ကြီး၏ မေတ္တာတရားကို နက်ရှိုင်းထိရောက်စွာ ရေးသီဖွဲ့ပြသွားသည်။ ရုပ်ရှင်အဖြစ် ရိုက်ကူးရာတွင်လည်း မထင်မှတ်ဘဲ အောင်မြင်သွားသည်။ နောင်တွင် ရုရှားဘာသာဖြင့် ပြန်ဆိုခြင်းခံရသော ဝတ္ထုလည်းဖြစ်သည်။

နောင်နှစ် ၁၉၇၉ ခုနှစ်တွင်ကား၊ သူလက်ပန်းကျသွားသည်ထင့်။ 'ငြိမ်းကိုရှက်ပါ' ဟူသော ဝတ္ထုလေးတစ်အုပ်သာ ထွက်လာတော့သည်။ ထိုဝတ္ထုလေးမှာ စာအုပ်အနေဖြင့် ပါးလှပ်လှပ်လေးမျှသာဖြစ်သလို၊ ဇာတ်လမ်းကြောရိုးအနေနှင့်လည်း ဘာမှ ကြီးမားကျယ်ပြန့်သော အကြောင်းအရာ မဟုတ်သော်လည်း 'သူ့ဝတ္ထုထဲတွင် အားအကောင်းဆုံး လူ့စရိုက်ဖွဲ့ ဝတ္ထုဟု ဆိုချင်ပါသည်" အမွေကိစ္စအတွက် တစ်ဦးနှင့်တစ်ဦး မိသားစုချင်းပင် ဖြစ်သော်လည်း သံသယ၊ လောဘ၊ မောဟ၊ အတ္တနှင့် မာနတို့ဖြင့် တညီးညီး တောက်လောင်နေသူ မိသားစုများကို ဘီးတပ်လှည်းပေါ်မှ ထိုင်ကြည့်ရင်း တစိမ့်စိမ့်ရှက်နေသည့် ဒုက္ခိတမလေး ငြိမ်း၏ ခံစားချက်၊ ဝေဒနာတို့ကို ရေးဖွဲ့သွားသည်မှာ ကြက်သီးမွေးညင်းထလောက်သည့် အနုပညာလက်ရာဟုပင် ပြောချင်ပါသည်။

၁၉၈၀ ခုနှစ်တွင်မူ မဂ္ဂဇင်းများတွင် ပါရှိခဲ့ပြီးသော သူ၏ ဝတ္ထုရှည်များကို စုပေါင်း၍ မိုးမိုး(အင်းလျား) ၏ 'မဂ္ဂဇင်းဝတ္ထုရှည်များ' ဟု ထုတ်ဝေရာ ထိုနှစ်အတွက် အမျိုးသားစာပေဆုကို ထပ်မံရရှိခဲ့ပြန်ပါသည်။

၁၉၈၁ ခုနှစ်တွင်မူ သူသည် 'ကြွေမလိုနဲ့ဝေ၊ ဝေမလိုနဲ့ကြွေ' နှင့် 'ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား' ဝတ္ထုတို့ကို ရေးသားထုတ်ဝေခဲ့သည်။ နှစ်အုပ်လုံးမှာ အချစ်ရေးနှင့် ပတ်သက်၍ အမျိုးသမီးတို့၏ ဘဝ၊ ခံစားချက်၊ အခွင့်အရေး တို့အပေါ်ထားသည့် သူ၏ စေတနာကို ဖော်ကျူးသော စာအုပ်များ ဖြစ်ကြပါသည်။

အထူးသဖြင့် 'ညီမလေးက အချစ်ကို ကိုးကွယ်သတဲ့လား' မှာ ညီမလေးအရွယ် မိန်းမပျိုလေးတို့အတွက် ဘဝ သင်ခန်းစာယူစရာ ဇာတ်လမ်းတစ်ပုဒ် ဖြစ်သလို မှန်ကန်သော စေတနာအလျောက်လည်း အောင်မြင်ရခဲ့ပြန်ပါသည်။ ထို့ကြောင့်ပင် ၁၉၈၃ ခုနှစ်တွင် ဒုတိယအကြိမ် ပြန်လည် ထပ်မံရိုက်နှိပ်ထုတ်ဝေခဲ့ရသည် မဟုတ်ပါလား။

၁၉၈၂ ခုနှစ်တွင်မူ သူသည် အဆင်ကွဲ ဝတ္ထုသုံးအုပ်ကို ဆက်တိုက်ရေးထုတ်လိုက်လေသည်။ 'မသုမမ္မစာရီ' 'ဝေဒနာ ကြာနီပွင့်' နှင့် 'သုံးလွန်းတင်မှကြိုး' တို့ဖြစ်သည်။ ထူးခြားသည်မှာ 'မသုမမ္မစာရီ' ဝတ္ထုသည် မြန်မာဝတ္ထုလောကတွင် ရှားပါးသော အကြောင်းအရာများဖြစ်သည့် သီလရှင်တို့၏ ဘဝကို ဖော်ကျူးသော ဝတ္ထုဖြစ်သည်။

ကိုယ်တိုင် သီလရှင်ဝတ်၍ ရရှိသည့် အတွေ့အကြုံ ခံစားချက်တို့မှ ရေးသောဝတ္ထုဖြစ်ရာ သရုပ်ပီလွန်း၊ စိုင်းနင်းလွန်းသဖြင့် ဆရာဦးသုခတို့လို စာရေးဆရာကြီးကပင် ချီးကျူးရသော ဝတ္ထုဖြစ်ပါသည်။ 'ဝေဒနာကြာနီပွင့်' မှာမူ

လူငယ်လေးများ၏ ဘဝနှင့် အချစ်လွန်းထိုးရက်ယှက်မှုကို ဖွဲ့သည့်ဝတ္ထုဖြစ်ပြီး၊ ‘သုံးလွန်းတင်မှကြိုး’မှာမူ မြန်မာနိုင်ငံမှ လယ်သမားတို့၏ ဘဝသရုပ်မှန်ဝတ္ထု တစ်ပုဒ် ဖြစ်ပါသည်။ စင်စစ် မြန်မာစာပေတွင် လယ်သမားဝတ္ထုမှာ ရှားပါးလှ ပေသည်။

လယ်သမျှား အများစုနေထိုင်ရာ၊ စိုက်ပျိုးရေးကို အားပြုသည့် နိုင်ငံတွင် လယ်သမားဝတ္ထုမှာ ဆရာမောင်ထင်၏ ‘ငဘ’၊ မင်းအောင်၏ ‘မိုးအောက်မြေပြင်’ နှင့် ဆရာသိန်းဖေမြင့်၏ ‘လမ်းစပေါ်ပြီ’ တို့ လောက်သာရှိသည်။ လက်ချိုးရေ၍ရသည်။ နောက်ပိုင်းတွင်မူ တင့်ဆန်း၏ ‘အငတ်မခံ’ တို့ ဆင်ဖြူကျွန်းအောင်သိန်း၏ ‘လယ်သမားသူပုန်’ တို့လောက်သာ ဖတ်ရသည်။

နောက်ပြီး ဆရာတက္ကသိုလ်ဘုန်းနိုင်၏ ‘ဦးကြီးဘထိုက် (သို့) မိုးနှင့်မြေကိုအောင်နိုင်ခြင်း’။ ထားပါတော့လေ၊ သေချာရေကြည့်မည်ဆိုလျှင်ပင် လက်နှစ်ဖက် မပြည့်တတ်။ ထိုလူနည်းစုထဲတွင် မိုးမိုး(အင်းလျား)ပါသည်။

သမိုင်းခေတ်တစ်ခု၏ အရေးကြီးသော ကဏ္ဍကို စာရေးဆရာက မမေ့မလျော့ တာဝန်ကျေပွန်စွာဖြင့် မှတ်တမ်းတင်ခဲ့ခြင်းပင် မဟုတ်ပါလား။

ထိုနှစ်တွင်ပင် သူ၏ ပထမဆုံးသော ‘ဝတ္ထုတိုပေါင်းချုပ် စာအုပ်’ ထွက်လာသည်။ ၁၉၈၂ ခုနှစ်အတွက် အမျိုးသားစာပေဝတ္ထုတို ဆုရသည်။ တတိယအကြိမ်မြောက် ရခြင်းဖြစ်သည်။ ထိုအခါသူသည် အောင်ပွဲနှင့်အတူ ကြီးမားသော တာဝန်ကို သတိပြု အလေးထားမိသည်ထင့်။

စာရေးသားခြင်းနှင့်ဆိုင်သော ခိုင်မာသည့် သူ၏ ဆုံးဖြတ်ချက်ကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်လာသည်ကို တွေ့ရပါသည်။

‘. . . . . . . . . . . .

စာရေးခြင်းနှင့် အရှည်သဖြင့် ရပ်တည်တော့မယ်လို့ ဆုံးဖြတ်လိုက်တဲ့အခါကျတော့ ဒီလိုကျဉ်းမြောင်းတဲ့ မိမိပတ်ဝန်းကျင် ကွက်ကွက်ကလေးကိုပဲ ရေးနေလို့ မဖြစ်တော့ဘူး

နာမည်လေး မှန်မှန်ပါရုံ၊ ငွေစကလေးရရုံကလွဲလို့ အခြားဘာ အဓိပ္ပာယ်များ ရှိပါသလဲ. . .

ဒီလို အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို လက်ညောင်းခံပြီး လုပ်မလား၊ ဒါမှမဟုတ် အဓိပ္ပာယ်ရှိရှိ အကျိုးရှိရှိ ရပ်တည်ဖို့ ဘယ်လိုလုပ်မလဲ။ စဉ်းစားလာမိတယ်။

စာကို ဆက်ရေးရမယ်။

ကြိုးစားပြီးရေးရမယ်။

ကျဉ်းမြောင်းသေးသိမ်တဲ့ အကြောင်းတွေကို ဖယ်ထုတ်ပစ်လိုက်ရမယ်။ ပုဂ္ဂလိက ခံစားချက်တွေကို မေ့ပစ်ရမယ်။ ကိုယ်နဲ့အတူတူ ရပ်တည်နေတဲ့ သာမန် ပြည်သူများရာစုရဲ့ ခံစားချက်တွေ၊ အဖြစ်အပျက်တွေ၊ နာကျင်မှုတွေကို လေ့လာဖော်ထုတ်ရမယ်၊ ရေးဖွဲ့တင်ပြရမယ်။

ဒီလိုပဲ ဆုံးဖြတ်မိပါတယ်'

(ဝတ္ထုတိုများ (၁) ကျောဖုံးအမှာစာမှ)

၁၉၈၃ ခုမှာတော့ လူ့ဘဝထဲမှာ အနှစ် (၄၀) နီးပါးရှိလာပြီး စာရေးသက်ဆယ်နှစ်လောက် ရလာတဲ့သူလာ 'နာမကျန်းသည် အိုနှင်းဆီ' ဆိုပြီး အတွဲ ၂ တွဲပါ ဝတ္ထုစာအုပ်ကို ရေးသားထုတ်ဝေခဲ့ပါပြီ။

မိခင်နှင့် ဖခင်ရဲ့ အိမ်ထောင်ရေး ပဋိပက္ခကြားထဲက စာဖတ် စာရေးဝါသနာပါတဲ့ စိတ်ကူးယဉ်တတ်တဲ့ မိန်းမငယ်လေး တစ်ယောက်ရဲ့ ဘဝကစလို့ အသေးစိတ် ရေးဖွဲ့ထားသည့် ဝတ္ထုဖြစ်ပါသည်။

ဖတ်ရသည်မှာ တငြိမ့်ငြိမ့်နှင့် အရသာရှိလှပါသည်။ လူ့ဘဝခရီး၏ အတက်အကျ အနိမ့်အမြင့်တို့ကို ပီပြင်အောင် ရေးဖွဲ့သွားခဲ့သည်။ အားကျစရာ၊ ကြေကွဲစရာ၊ လွမ်းဆွတ်စရာတို့ဖြင့် ရသမြောက်လှသည့် စွဲမက်ဖွယ် ဝတ္ထုတစ်ပုဒ်ဖြစ်ပါသည်။

ထိုနှစ်တွင်ပင် သူသည် 'မြန်မာပြည်တွင်နေကြသည်' ဟူသော ခေါင်းစဉ်ဖြင့် မဂ္ဂဇင်းများတွင် ရေးခဲ့သော လူငယ်တို့၏ ဘဝအသီးသီးမှ ရုန်းကန်လှုပ်ရှားမှုတို့ကို ရေးဖွဲ့သည့် ဝတ္ထုများကို စုစည်း၍ ထုတ်ဝေခဲ့ပါသည်။

ထိုဝတ္ထုတိုများသည် ယနေ့ခေတ်၏ လူမှုစီးပွားဘဝ အထွေထွေကို လူငယ်များက သူရောက်ရှိရာနေရာ၊ အလွှာ၊ အဆင့်တို့မှနေ၍ အသီးသီး ရင်ဆိုင်ရုန်းကန် နေကြရပုံကို ကားချပ်ငယ်လေးဖြင့် စုစည်းဖော်ပြထားသည့် ခေတ်၏ရုပ်ပုံလွှာတစ်ချပ်ပင် ဖြစ်ပါသည်။

ပညာကိုသင်ချင်လှသော်လည်း သင်ဖို့အခွင့်အရေး မရသည့် ကောလိယချောင်း နံဘေးမှ မညိုပြာတွေရှိသလို မြို့တော်ရန်ကုန်ရဲ့ အလုပ်လက်မဲ့ ပြဿနာကြား ခေတ်ပညာတတ် လူငယ်တွေရဲ့ ဆို့နစ်ကြေကွဲမှု ဝေဒနာတွေကို ကိုယ်စားပြုတဲ့ ဆယ့်နှစ်လုံးတန်းက ရီရီမာတွေ စသည် စသည်ဖြင့် မြန်မာပြည် အရပ်ရပ်မှာ နေကြတဲ့ လူငယ်တွေရဲ့ ဘဝနဲ့ ဝေဒနာကို သူမမေ့။

မမေ့ရုံတင်မက ရေးရတာ အားမရဘူးထင်သည်။ ဘီးလင်း သကြားစက်နောက်ခံ လူငယ်လေးတွေ၏ ဘဝရောင်စုံတို့ဖြင့် ခြယ်မှုန်းသော ဝတ္ထုတစ်ပုဒ်

ကို သူနောက်ဆုံးအနေဖြင့် တာဝန်ကျေပွန်စွာ ရေးဖွဲ့ခဲ့သည်လေ။ 'ခံတက်နုလေးတွေ ညှိုးချိန်တန်တော့' တဲ့။

လူငယ်တွေထဲမှာပဲ ပညာမတတ်တဲ့လူငယ်၊ ပညာမရတဲ့လူငယ်၊ ပညာသင်ချင်တဲ့လူငယ်၊ ပညာတတ်လူငယ်၊ အလုပ်သမားလူငယ် သူတို့တွေရဲ့ဘဝတွေဟာ ဘဝပေး အခြေအနေတွေအရ မတူကြပေမယ့် ဖြတ်သန်းနေရတဲ့သမိုင်းခေတ်ကတော့ တစ်ခုတည်းဖြစ်တဲ့အတွက် အဲဒီသမိုင်းခေတ်ရဲ့ တုံ့ပြန်ရိုက်ခတ်ချက်တွေကလည်း သူတို့လေးတွေရဲ့ ဘဝကို ရိုက်ခတ်လာတဲ့အခါ ဖြစ်ပေါ်လာတဲ့ အကျိုးဆက်နဲ့ ဝေဒနာတွေကို 'ခံတက်နုလေးတွေ ညှိုးချိန်တန်တော့' လို့ စာနာစိတ်နဲ့ ရေးဖွဲ့သွားခဲ့သေးသည် မဟုတ်ပါလား။ (ခံတက်နုလေးတွေတဲ့လား ဆရာမရယ်)

၁၉၈၅-ခုနှစ်မှာတော့ သူရေးတဲ့ဝတ္ထု နှစ်ပုဒ်လုံးက အိမ်ထောင်သည်အမျိုးသမီးတွေရဲ့ ဘဝ၊ အချစ်နဲ့ ရုန်းကန်မှုတွေကို ဖွဲ့တဲ့ ဝတ္ထုတွေချည်း ဖြစ်နေတာကို တွေ့ရသည်။ အိမ်ထောင်သည် ရုပ်ရှင်မင်းသမီးတစ်ယောက်ရဲ့ ဘဝကို 'မီးရောင်အောက်ကိုဝင်လျှင်' ဆိုတဲ့ဝတ္ထုနဲ့ ဖော်ပြပြီး ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်တဲ့ မုဆိုးမ ငယ်ငယ်ချောချောလေး တစ်ယောက်ရဲ့ မိုးထဲလေထဲက ဘဝရုန်းကန်မှုကို စစ်မှန်တဲ့ အချစ်သဘောတရားနဲ့တည်ဆောက်ပုံကိုတော့ 'မေတ္တာကမ်းနား အချစ်သစ်ပင်' ဆိုတဲ့ ဝတ္ထုနဲ့ လှပစွာရေးဖွဲ့ပြသွားသည်။

ထိုဝတ္ထုနှစ်ပုစ်လုံးသည် ဘဝကို ရုန်းကန်နေရသော အိမ်ထောင်သည်မိန်းမပျိုများအတွက် ဘဝအားမာန်ကို ပေးသည့် ဝတ္ထုများဖြစ်သလို လှပသိမ်မွေ့သော အချစ်ဝတ္ထုများလည်း ဖြစ်ပါသည်။

ထိုနှစ်တွင် 'ဝတ္ထုရှည်များ (၂)' ကို ထုတ်ဝေခဲ့ပြီး နောင်နှစ် ၁၉၈၆ ခုနှစ်တွင်မူ 'ဝတ္ထုတိုများ (၂)' ထွက်လာပြီး စတုတ္ထအကြိမ်မြောက် အမျိုးသားစာပေဆုကို ထပ်မံရရှိပြန်ပါသည်။

(၃)

သူသည် သူ့ဘဝတစ်လျှောက်လုံး သိက္ခာရှိသောစာများကို ရေးခဲ့ပြီး၊ သိက္ခာရှိရှိဖြင့်ပင် အမျိုးသားစာပေဆုကို လေးကြိမ်တိုင်တိုင် ထိုက်ထိုက်တန်တန် ရရှိသူတစ်ဦးတည်းသော စာရေးဆရာ ဖြစ်ပေသည်။ ထို့ပြင် မြန်မာဝတ္ထုများကို ကမ္ဘာ့စာပေ အဝန်းအဝိုင်းထဲသို့ ခြေချမိရန် သူ့ဝတ္ထုများက စွမ်းဆောင်ခဲ့ပြီပဲ။ တရုတ်၊ ဆိုဗီယက်၊ ဂျပန်စသည့် နိုင်ငံအသီးသီး၌ သူ၏ ဝတ္ထုများ ဘာသာပြန်ပြီး ဖြစ်ရာ အာရှနယ်နိမိတ်တွင် တောက်ပစွာ ထွန်းပြောင်ခဲ့ပေပြီ။

ထိုမျှသာမက အာရှ အာဖရိက စာရေးဆရာများအသင်းမှ ထုတ်ဝေသော 'ကြာပန်းမဂ္ဂဇင်း' (Lotus)အမှတ် (၆၀) (၁၉၈၈) တွင် သူ၏ ဝတ္ထုတို တစ်ပုဒ်ကို 'The price of peace in the family' ဟူသော အမည်ဖြင့် ပြန်ဆိုထားသည်ကို တွေ့ရပါသည်။

သူသည် ရိုးရိုးကုတ်ကုတ်ဖြင့် နေထိုင်ရင်း စေတနာပါသော စာဖတ်သူပေါ် တာဝန်ကျေသော စာပေများကို ရေးသားရင်း ရုတ်တရက် လူ့လောကမှ ထွက်ခွာသွားပြီ ဖြစ်သော်လည်း သူ့စာများကား စာဖတ်သူပြည်သူတို့၏ နှလုံးသားတွင် ထာဝရရှင်သန်တည်ရှိနေမည်ကား အမှန်ပင်တည်း။

**စိုးမြင့်လတ်**

## မိုးမိုး (အင်းလျား)၏ တည်ဆောက်ထားသော မိန်းမများအကြောင်း
## မြင့်သန်း

မိုးမိုး(အင်းလျား)သည် ဝတ္ထုတို၊ ဝတ္ထုရှည်များ ရေးသားခဲ့ပြီး လူ့အဖွဲ့အစည်းနှင့် ပညာရပ်ဆိုင်ရာ အဆောက်အအုံများကပါ အသိအမှတ်ပြုခံခဲ့ရသူဖြစ်သည်သာမက သူ၏ အရေးအသား အတော်များများကို ဘာသာခြားစာ/စကားများအားဖြင့် ပြန်လည်ဖော်ထုတ် တင်ပြခြင်းခံရသည်။ စာရေးသားခြင်းဖြင့် မိုးမိုး(အင်းလျား) ရရှိခဲ့သော အောင်မြင်မှုနှင့် အသိအမှတ်ပြု ခံရမှုအတွက် သံသယဖြစ်ရန် ပြက်သိကာမျှသော အကြောင်းမရှိ။ တစ်နည်းဆိုရသော် စာရေးသားခြင်းဖြင့် မိုးမိုး(အင်းလျား) က ဖော်ထုတ်တင်ပြခဲ့သည်များမှာ စာပေအရာမမြောက်ဟု ဆိုရန်မရှိ။ သို့ဖြစ်ရကား မိုးမိုး(အင်းလျား)၏ အားထုတ်မှုများကို လေ့လာကြည့်သင့်သည်။

ဤတွင် ၁၉၈၀ ပြည့်နှစ်နှင့် ၁၉၉၇ ခုနှစ်တို့တွင် ပြန်လည် ပုံနှိပ် ထုတ်ဝေခဲ့သော *မိုးမိုး(အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ ၁* ကို အခြေတည်၍ အရေးအသားအချို့ကို လေ့လာကြည့်ပါမည်။ ထိုစာအုပ်မှာ ၁၉၈၀ ပြည့်နှစ်တွင် အမျိုးသားစာပေဆု (ဝတ္ထုတို)ဆုလည်း ရခဲ့သော၊ ဟူ၏။ ဤတွင် ထွေပြားနိုင်သော အချက်တစ်ခုကို ရှေးဦးစွာ ဆွေးနွေးလိုပါသည်။ စာအုပ်၏အမည်တွင် ယတိပြတ် 'ဝတ္ထုရှည်' ဟု ဖော်ထုတ်တင်ပြထားခြင်းနှင့် 'ဝတ္ထုတိုဆု ရရှိခြင်း' တို့၏ အကြားမှ ထွေပြားနေသော သတ်မှတ်ချက်ဖြစ်သည်။ ကျွန်တော့်အမြင် သက်သက်အရသော် 'ဝတ္ထုတို' ဟူသော သတ်မှတ်ချက်ကို အမှန်ယူပါသည်။ ဝတ္ထုရှည်ဟု ဆိုရန်မှာ စာလုံး/စကားလုံးရေ ပမာဏနှင့် စာလုံး/စကားလုံး၏ အတိုင်းအတာ (အကျယ်အဝန်း)မှာ နည်းလှပါသည်။ ထို့ပြင်မက ဝတ္ထုရှည်ဟု သတ်မှတ်ရန် သီးခြားအထူးပြုဖော်ထုတ်ထားမှုများမပါ။ ဆင့်ပွားဖော်ထုတ်သော အကြောင်းများ (ဆင့်ပွားဇာတ်လမ်းများ) မပါ။ Context ဟူသော စကားလုံးကို သုံးစွဲ၍ဆိုရသော် Context is what the message is ဟူ၍သာ ဆိုရပါမည်။ *မိုးမိုး (အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ ၁* တွင် မိုးမိုး(အင်းလျား)က

သူပြဆိုလိုသော အကြောင်းတစ်စုံတစ်ရာကို အရေးအသား တစ်ခုလုံး (ဝတ္ထု တစ်ပုဒ်စီအတွင်း၌) အတွင်း၌ ရေးသား ဖော်ပြခဲ့သည်မှာ မှန်သော်လည်း ဆင့်ကဲ ဖြစ်ပေါ်သော အကြောင်း(များ)ကို ထည့်သွင်းမထားခဲ့။ သို့အတွက် *မိုးမိုး (အင်းလျား)၏ မဂ္ဂဇင်း ဝတ္ထုရှည်များ ၁* တွင် 'ဝတ္ထုရှည်' ဟု မျိုးတူစုပြုထားသည် မှန်သော်လည်း ထိုဝတ္ထုရှည်ဟု မျိုးတူစုကို ထပ်မံကန့်သတ်ထားလိုက်သော 'မဂ္ဂဇင်း' ဟူသော စာလုံး/စကားလုံးကိုပါ သတိပြုသင့်သည်။ မြန်မာနိုင်ငံတွင် ထုတ်ဝေနေကြသော မဂ္ဂဇင်းတို့၏ သတ်မှတ်ချက်(စံ)အရ 'ဝတ္ထုရှည်' ဟု မျိုးတူ စုပြုထားခြင်းသာ ဖြစ်ဖွယ်ရှိသည်ဟုသာ ဆိုရပေမည်။ စာပေအရေးအသားအရ ဝတ္ထုတိုဟု ယေဘုယျသတ်မှတ်နိုင်သော ဂုဏ်ရည်တစ်စုံတစ်ရာဖြင့် တိုင်းတာ ထားခြင်း မဟုတ်ဟု ဆိုရမည် ထင်သည်။

မည်သို့ပင်ဖြစ်စေ ဤအရေးအသားတွေင် မိုးမိုး(အင်းလျား)၏ ဝတ္ထုတို အရေးအသားအဖြစ်သာ လေ့လာမည်ဖြစ်သော်လည်း ရဋ္ဌ အမည် သတ်မှတ် ချက်နှင့်ပတ်သက်၍ အဓိကထား ဆွေးနွေးမည်မဟုတ်ပါ။ မိုးမိုး(အင်းလျား)၏ ဝါယမ စိုက်ထုတ်ထားသော အရေးအသားအပေါ်တွင် အလေးပေး လေ့လာ မည်ဖြစ်ပါသည်။ *မိုးမိုး(အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ ၁* ပါ အရေးအသား တချို့ကို လေ့လာ ကြည့်ပါမည်။

(၁)

'လရောင်လွှမ်းလည်းကမ်းနှင့်ဝေးခဲ့' ကိုဖတ်ရင်း၊ ဒါ စာရေးတတ်လို့ ရေးတဲ့ စာပဲဟု ကျွန်တော့်ဘာသာ မှတ်ချက်ချမိပါသည်။ ဤသို့မြင်မိသည်မှာ အကြောင်း ရှိပါသည်။ စာရေးခြင်းကို လူတိုင်းရေးနိုင်သော်လည်း စာပေ မြောက်အောင် သို့မဟုတ် စာပေအရေးအသားတစ်ခုဟု သတ်မှတ်ခံရနိုင်သော အရေးအသား တစ်ခုဖြစ်ရန်မှာ လူတိုင်းရေးနိုင်သည် မဟုတ်ပါ။ စာရေးတတ်၊ စာဖတ်တတ်တိုင်း စာအရေးအသားတစ်ခု ဖြစ်မလာပါ။ တိတိကျကျဆိုရသော် 'စာပေအရာ မြောက်ခြင်း' သည် စာအရေးအသားများအတွင်းမှ သီးခြား ပေါ်ထွက်လာသော အကြောင်းတစ်ခုသာဖြစ်သည်ဟု ဆိုရပါမည်။ အရပ် စကားဖြင့်ဆိုရသော် လက်မှတ်ထိုးတတ်ခြင်းသည် စာပေ တည်ဆောက်မှုတစ်ခု မဟုတ်နိုင်ပါ။

ဤတွင် ရပ်ရှင်စနစ် (ပုံစံ) အဓိကထားသော စာပေပညာရှင် (Russian Formalist) တို့တင်ပြခဲ့သော 'စာပေအရာ မြောက်ခြင်း' အကြောင်း စဉ်းငယ်မျှ တင်ပြလိုပါသည်။ စာပေနှင့် စာပေမဟုတ်သည်များအကြားမှ အဓိကကျသော

ခြားနားချက်တစ်ခုမှာ 'စာပေအရာမြောက်ခြင်း' သာ ဖြစ်ပါသည်။ အဆိုပါ စာပေပညာရှင်များအနက်မှ ရိုမာန်းယာကွတ်ဆင် (Roman Jacobson)က မူ 'စာပေကို သိပ္ပံပညာတစ်ရပ်အနေဖြင့် လေ့လာသည်ဟုဆိုရာတွင် လေ့လာ သည့်အကြောင်းမှာ စာပေမဟုတ်။ စာပေအရာမြောက်ခြင်း (စာပေတစ်ရပ် ဖြစ်ခြင်း) အကြောင်းသာ ဖြစ်သည်။ ဆိုလိုသည်မှာ မည်သို့ စာပေအရာမြောက် ကြောင်း လေ့လာခြင်းဖြစ်သည်' ဟု ဆိုသည်။ သို့ဖြစ်၍ (စနစ်)ပုံစံ အဓိက ထားသော ပညာရှင်များ အနေဖြင့် မည်သည်ကို ရေးသားတင်ပြထားခြင်းထက်၊ မည်သို့ရေးသားတင်ပြထားခြင်းကို ပို၍စိတ်ဝင်စားကြသည်။ အရေးအသား တစ်ခုတွင် စာပေဟု ခေါ်ဆိုလောက်သည့် သို့မဟုတ် စာပေတစ်ရပ်ဖြစ်မြောက် လောက်သည့် စရိုက်လက္ခဏာတို့ကို စိစစ်လေ့လာကြသည်။ တစ်နည်းအားဖြင့် စာပေ၏ ဘာသာစကားနှင့် စာပေမဟုတ်သော နေ့စဉ်သုံး ဘာသာ စကားတို့၏ အကြားမှ မတူညီမှုများကို လေ့လာစိစစ်ကြသည်။ ရုပ်ရှင်စနစ်(ပုံစံ)အဓိကထား လေ့လာသူများအကြား၌ အရေးပါသော အသုံးအနှုန်းတစ်ခုရှိသည်။ ၎င်းကို မြန်မာဘာသာ စကားအားဖြင့်သော် 'ရင်းနှီးမှုမရှိထားခြင်း' [Defamiliarisation (ostranenie)] (စိမ်းနေအောင် ပြုထားခြင်း။ ဆန်းသစ်နေစေခြင်း ဟု လည်း မှတ်ယူနိုင်သည်) ဟု ဆိုနိုင်သည်။

ထိုအသုံးအနှုန်းကို ပညာရှင် ဗစ်တာရှခလော့စကီး (Victor Shklovsky) က တင်ပြခဲ့ခြင်းဖြစ်သည်။ ၁၉၁၇ ခုနှစ် တွင် ထုတ်ဝေသော သူ၏အရေးအသားတစ်ခု ("Art as Device") တွင် ထိုသဘောကို တင်ပြခဲ့ ခြင်းဖြစ်သည်။ သူက အဓိကထား တင်ပြထားသော အချက်တစ်ရပ်မှာ လူ၏ မြင်သိမှုကို အနုပညာက ဖန်တီးမှုနည်းပညာအရ အမြင်သစ်ဖြစ်ပေါ် လာစေ သည်ဖြစ်၏။ ဖန်တီးမှုသည် အစဉ်အလာသိမြင်မှု၊ မြင်ရာမှ အလိုအလျောက် သိလာမှု သဘောများကို အလေးမပေးဟု ဆိုခဲ့သည်။ သို့ဖြစ်၍ ရှလော့စကီး၏ အလိုအရ အနုသုခုမပညာရပ်အားလုံးအတွက် အရေးပါဆုံးမှာ တကယ်တမ်း ဖြစ်ရှိနေသော အကြောင်းအရာ အဖြစ်အပျက် စသည်များကို ပုံဖျက်ပြလိုက်ခြင်း [Deformation (Distortation မဟုတ်)] သာဖြစ်သည်။ ဤနေရာတွင် 'ပုံဖျက်သည်' ဟု ဆိုသဖြင့် အနက်ယူ မလွဲကြစေချင်ပါ။ (Dismantle, distortion ကို မဆိုလိုပါ။) သူဆိုလိုသည်မှာ အနုပညာအားဖြင့် ဖန်တီး ထုတ် လုပ်ထားသော တစ်စုံတစ်ရာသည် မြင်သိနှင့်ပြီးသား တစ်စုံတစ်ရာ မဟုတ်တော့ ခြင်းဖြစ်သည်။ အသစ်တစ်ခုကဲ့သို့ ဖြစ်ပြီး သစ်ဆန်းနေရမည်။ ရင်းနှီးနေပြီးသား တစ်စုံတစ်ရာ မဟုတ်ရတော့ချေ။ နေ့စဉ်ဘဝထဲတွင် နေ့စဉ်တွေ့-မြင်-သိ

ရသည်များသည် ထိုအတိုင်းသာရှိနေကြသဖြင့် ထိုထိုသော အရာများသည် အနုပညာပစ္စည်းများ မဟုတ်ချေဟု ဆိုလိုခြင်း ဖြစ်သည်။

'လရောင်လွှမ်းလည်း ကမ်းနှင့်ဝေးခဲ့' တွင် မိုးမိုး(အင်းလျား)က စာပေအရာဝင်တယ်ဆိုတာ ဒီလိုရေးရတယ်ဟု ပြောနေသကဲ့သို့ဖြစ်ကြောင်း ကျွန်တော်သတိထားမိလိုက်သည်။ အကြောင်းမှာ ဇာတ်လမ်း သို့မဟုတ် စာ၏ အတွင်းသား (Content ဟု ဆိုလိုသော်ဆိုပါ) မှာ ပြောပလောက်အောင် အင်အားရှိသည် မဟုတ်။ ဈေးထဲတွင်၊ လက်ဖက်ရည်ဆိုင်တွင်၊ ယုတ်စွအဆုံး ကဖော်ဆိုင်တွင်ပင် ကြားရ၊ သိရနိုင်သော အကြောင်းတစ်ခုဖြစ်သည်။ ရေးချင်လျှင် စာတစ်ကြောင်း နှစ်ကြောင်းနှင့် ပြီးနိုင်သောအကြောင်းမျိုးဖြစ်သည်။ ပြောချင်လျှင် တစ်မိနစ်လောက်ဖြင့် ပြီးအောင်ပြောပြနိုင်သည်။ ကြေးရေတတ်မိသားစုအထဲမှာ ဖြစ်နေကြ အကြောင်းတစ်ခု။ အဓိကဇာတ်ကောင် မင်းမင်းမှာ လမ်းလွဲလိုက်မိ၍ နောက်ဆုံး သေသွားရသည်ဟု ရေးလိုက်(ပြောလိုက်)လျှင် ကိစ္စပြီးလောက်သည်။ ထိုသို့ဖြင့် ကိစ္စပြီးနိုင်သည် မှန်သော်လည်း စာပေ အရေးအသားတစ်ခုကား ဖြစ်မလာနိုင်။ နေ့စဉ်ဘဝထဲတွင် မြင်သိပုံမျိုးကို ပြန်လည်ဖော်ထုတ်ပြခြင်းဖြင့် သတင်းတစ်ပုဒ် သာဖြစ်လာမည်။ သို့ဖြစ်၍ မိုးမိုး(အင်းလျား)က ရင်းနှီးရင်းစွဲရှိသည့် အကြောင်းအရာတစ်ခုကို ရင်းနှီးမှုမရှိထားသော အကြောင်းများသဖွယ် တည်ဆောက်ပြလိုက်သည်။ ဖန်တီးမှုသည် အနုပညာအရာ မြောက်ခြင်းကို ဖြစ်စေသည်သာ ဖြစ်ကြောင်းကို သူ၏ အရေးအသားဖြင့် ပြဆိုခဲ့သည်။

'လရောင်လွှမ်းလည်းကမ်းနှင့်ဝေးခဲ့' တွင် စာပေရေးသားခြင်း အတတ်ပညာအတွင်းမှ အရေးပါသော၊ ပြောပြမနေနဲ့။ ပြရုံသာပြလိုက် (Show; don't tell) ဆိုသည်ကို အပြည့်အဝ အသုံးချသွားခဲ့သည်။ မင်းမင်း ဘဝပျက်သွားရခြင်းကို စာဖတ်သူတို့က သိခဲ့ရသည်မှန်သော်လည်း ဘာကြောင့်ဆိုသည်ကို စာရေးသူက မပြောပြခဲ့။ ဤသည်ကို သူ၏ကျွမ်းကျင်နှံ့စပ်သောပညာရပ် (သိမှုအခြေခံကျွမ်းကျင်မှု)တစ်ခုဟု မဆို၍ မဖြစ်။ သို့ဖြစ်၍ မိုးမိုး(အင်းလျား)၏ အရေးအသား သို့မဟုတ် စာလုံးစကားလုံးများဖြင့် ပြန်လည်တင်ပြထားခြင်းများမှာ တင်ပြရုံသက်သက်မဟုတ်တော့။ ပညာရပ် (ဤတွင် အရေးအသား) တစ်ခုဖြင့် စာပေအရာမြောက်စေရန် တည် ဆောက်ထားမှုဖြစ်သွားတော့သည်။ အရေးအသား သက်သက် အနေဖြင့် တစ်ခုမှတစ်ခုသို့ မျောပါသွားသော သို့မဟုတ် လွင့်ထွက်သွားသော ရောဟန်ဖြင့် ရေးသားထားသော ဝတ္ထုတစ်ပုဒ်မှာ 'အကိုင်းအခက်တို့သည်လည်း အတိုအရှည်ရှိကြကုန်၏' ဖြစ်သည်။

မိုးမိုး(အင်းလျား)၏ အရေးအသားနှင့်ပတ်သက်၍သော်၊ သဘောပေါက်လောက်ပြီဟု ယူဆ၍ မိုးမိုး(အင်းလျား) တည်ဆောက်ပြထားခဲ့သော အကြောင်းအရာများနှင့် နှီးနွှယ်နေသော အပိုင်းကို ဆက်လက်ဆွေးနွေးပါမည် (အရေးအသားကို လိုအပ်သည့်နေရာများတွင် ဆွေးနွေးပါမည်)။

## (၂)

'အချစ်သည် ဘဝ၏ အစိတ်အပိုင်းတစ်ခု' သည် မိန်းမ တစ်ယောက်၏ သိမှုတွင် အခြေခံထားသော 'ချစ်ခြင်း'၏ အနက်အဓိပ္ပာယ်ဖြစ်သည်။ အလားတူ သဘောဆောင်သော အရေးအသား လေး-ငါးပုဒ်ပါသည်။ 'အချစ်သည် ဘဝ၏ အစိတ်အပိုင်းတစ်ခု' နှင့် နီးနီးစပ်စပ်တူသည်မှာ 'လေးဖက် နံရံ'ဖြစ်သည်။ လုံးဝ မတူသော အနေအထားတစ်ခုမှာ 'လေးဖက်နံရံ' ၏ နိဂုံးဖြစ်သည်။ မိုးမိုး (အင်းလျား)က 'အချစ် သည်ဘဝ၏အစိတ်အပိုင်းတစ်ခု'တွင် မပေးခဲ့သောအဖြေ သို့မဟုတ် ဖြေမချခဲ့သော ဇာတ်လမ်းကို 'လေးဘက်နံရံ'တွင် ဖော်ထုတ်ပြလိုက်သည်။ အဓိက တူညီနေသောအချက်မှာ မိန်းမတစ်ယောက်အဖြစ် တည်ဆောက်ထားခြင်း ခံရသော အနေအထားမှ ရေးသားထားခြင်းဖြစ်သည်။

ဤနေရာတွင် စာရေးဆရာနှင့် သူရေးသားတင်ပြသော အနေအထား နှစ်ခုစလုံးကို ကြည့်ရန်လိုအပ်နေသည်။ မိုးမိုး (အင်းလျား)မှာ မိန်းမစာရေးဆရာဖြစ်သည်။ 'အချစ်သည် ဘဝ၏ အစိတ်အပိုင်းတစ်ခု' နှင့် 'လေးဘက်နံရံ' တို့မှ အဓိက ဇာတ်ကောင်များသည် မိန်းမများပင်ဖြစ်ကြသည်။ အဓိက အကြောင်းရင်းမှာ မိန်းမတစ်ယောက်၏ 'ချစ်ခြင်း' အပေါ် လက်ခံနားလည်ထားသော အမြင်နှင့် ထိုအမြင်၏ ပြောင်းလဲသွား(နိုင်)ခြင်း အကြောင်းဖြစ်သည်။ သို့ဖြစ်ရကား ထည့်သွင်း စဉ်းစားကြည့်ရမည့် အချက်တစ်ခုမှာ မိန်းမတစ်ယောက်၏ အမြင် လက်ခံထားရှိမှု စသည့် တစ်စုံတစ်ရာကို ဖော်ထုတ်ရန် စာရေးဆရာက မိန်းမစာရေးဆရာအဖြစ် ရေးခဲ့ပါသလားဟူသော အချက်တစ်ရပ်ဖြစ်နေသည်။

ဤအချက်နှင့်စပ်လျဉ်း၍ အထိုက်အလျောက် ရှင်းပြပါရစေ။

ယခင်က ကျွန်တော် ရေးသားခဲ့သော အရေးအသားအချို့တွင် 'လူ-အထီး'၊ 'လူ-အမ' စသည်ဖြင့် သုံးစွဲခဲ့ဖူးပါသည်။ ထိုသို့ သုံးစွဲရာတွင် မြန်မာဘာသာစကားနှင့် စာ အရာတွင် ကျွမ်းကျင်နှံ့စပ်ကြသော ဘုန်းကြီး၊ လူပြန်တော်၊ အရပ်သား ပညာရှင်အချို့နှင့် ဆွေးနွေးခဲ့ဖူးပါသည်။ ထို့နောက်တွင်မှ ကျွန်တော်ကိုယ်တိုင်လည်း သဘောတူသဖြင့် 'လူ-အထီး' ဟု သုံးစွဲခြင်းသာဖြစ်ပါသည်။ ထိုအသုံး

အနှုန်းမှာ ကျေးလက်အခြေခံ မြန်မာ့ယဉ်ကျေးမှုဘောင်အတွင်းမှ အသုံးအစွဲ ဖြစ်ပါသည်။ ဥပမာဆိုရသော် ကျေးလက်များတွင် တစ်ဦးတစ်လောက်က မီးတွင်းဝင်၍ကလေးမွေးသော် 'ဘာလေး မွေးသတုန်း' ဟု မေးကြသည့်အခါ 'အထီးလေးဟဲ့' 'အမလေးဟဲ့' ဟု ဖြေတတ်ကြပါသည်။ မွေးဖွားလာသော 'လူ'၏ ဖြစ်ခြင်းမှာ အထီး-အမ ဟူသော ဘာသာစကား အသုံးအနှုန်းဖြင့်သာ ဆုံးဖြတ်ကြပါသည်။ မြို့ပြများတွင်သော် 'ဘာလေးမွေးသတုန်း' ဟု မေးသော် 'ယောကျ်ားကလေးဟဲ့၊ မိန်းကလေးဟဲ့' ဟု ဖြေတတ်ကြသည်။ လူ့အဖွဲ့အစည်းအတွင်း ပိုမို ယဉ်ကျေးသည်ဟူသော မှန်းဆယုံကြည်ချက်ဖြင့် သုံးစွဲထားသော အသုံးအနှုန်းမျှသာ ဖြစ်သည်။ 'ယောကျ်ားကလေး' ဖြစ်သည်ဟု ဆိုခြင်းမှာ 'အထီးကလေး' ပဲ ဟူသောသဘာနှင့် ထပ်တူပြု၍ ပြောဆိုကြခြင်းဖြစ်သည်။

သို့ရာတွင် ဘာသာစကား၏ အနက်ဖော်ထုတ်မှုကို ပိုမို တင်းကျပ်စွာ လက်ခံ၍သုံးစွဲသော် 'လူ-အထီးဖြစ်ခြင်း'နှင့် 'ယောကျ်ားဖြစ်ခြင်း' တို့မှာ ထပ်တူသဘောမဆောင်ပါ။ 'လူ-အထီး' မှာ သဘာဝ၏ ဖြစ်ပေါ်မှုအတွင်းမှ လိင်ကွဲပြားမှု ကို အခြေခံကာ ပေါ်ပေါက်နေခြင်းဖြစ်ပြီး 'ယောကျ်ား' ဖြစ်ခြင်းမှာ လူ့အဖွဲ့အစည်းတစ်ခု၏ ယဉ်ကျေးမှု အစဉ်အလာနှင့် ယဉ်ကျေးမှု အခြေခံ အနေအထားများအရ **တည်ဆောက်ထားခြင်း**သာ ဖြစ်ပါသည်။ လူဖြစ်နေခြင်းအတွင်း၌ သဘာဝအနေအထား အရာ ဖြစ်ရှိလာသော (ဖြစ်ရှိနေသော) အထီးဖြစ်ခြင်း၊ အမဖြစ်ခြင်းသည် မည်သို့မျှ မတူညီနိုင်သော အနေအထား တစ်ခုဖြစ်ပြီး ထို မတူညီခြင်းသည် 'လူ'အဖြစ် ဖြင့် ရှိနေခြင်းအတွင်းမှ ဒွန်တွဲနေသော မတူညီမှု တစ်ခုသာဖြစ်ပါသည်။ ထိုမတူညီမှု၏ ရှိနေခြင်းကို မည်သူကမျှ မငြင်းနိုင်ပါ။ 'ယောကျ်ား' 'မိန်းမ' ဟု ခေါ်ဆိုသတ်မှတ်ချက်မှာမူ သဘာဝ၏အဖြစ်ပျက် (သို့မဟုတ်၊ တိုက်ဆိုင်မှုကြောင့် ပေါ်ပေါက်ခဲ့ခြင်းတစ်စုံတစ်ရာ) မဟုတ်မူ၍ လက်ခံ၍ ငြင်းဆိုခြင်းနှင့် ငြင်းဆို၍ လက်ခံခြင်း ပြုနိုင်သော အနေအထားရှိပါသည်။

အရပ်စကားဖြင့်ဆိုသော် သမုတိသဘောဆောင်သော ပညတ်များသာ ဖြစ်ပါသည်။ လူ ဖြစ်နေရခြင်းအတွင်း၌ ယောကျ်ား-မိန်းမ စသည်ဖြင့် ပညတ်ထားခြင်း ဖြစ်ပါသည်။ ထို ပညတ်ချက်များမှာ ယတိပြတ် သတ်မှတ်ပြောဆို၍ မရသဖြင့် သမုတိ သဘောသက်သက်သာဖြစ်ပါသည်။ ဆိုလို သည်မှာ ယောကျ်ား-မိန်းမမှာ လူ့အဖွဲ့အစည်း မတူညီမှုအတွင်း ကွဲပြားနေသောကြောင့် ဖြစ်ပါသည်။ မိန်းမ (မိန်းကလေး) ဆို ဗိုင်းကောင်း၊ ကျောက်ဖိ ထားရတယ်။ မိန်းမ (မိန်းကလေး) ဆိုတာ ဆင်မယဉ်သာလျှောက်ရတယ်ဟု ဆိုသော အယူအဆကို လက်ခံထား သော

ယဉ်ကျေးမှု (ကာလ-ဒေသနှင့် ဆက်စပ်နေသော လူ့အဖွဲ့အစည်း) အတွင်းမှ 'မိန်းမ' သတ်မှတ်ခေါ်ဆိုထားသော 'လူ-အမ' နှင့် မိန်းမဆိုတာ ယောက်ျားလိုပဲ။ ယောကျ်ားလေးလုပ်သမျှ လုပ်နိုင်တယ်ဟု လက်ခံထားသော ယဉ်ကျေးမှုအတွင်းမှ 'လူ-အမ'တို့မှာ မတူကြပါ။ ထိုသို့ မတူရသည်မှာ ယဉ်ကျေးမှုအခြေခံ အဆုံးအဖြတ်ကြောင့်သာဖြစ်ပါသည်။ ထိုအချက်မှာ အသိအမှတ်ပြုထားရသည့် အချက်လည်း ဖြစ်ပါသည်။ သို့ဖြစ်၍ 'မိန်းမ' ဟု သတ်မှတ်ညွှန်းဆိုခံရခြင်းမှန်သမျှမှာ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် လူ့အဖွဲ့အစည်း၏ လူမှုဆက်ဆံရေးပုံစံတို့က တည်ဆောက်ထားသော ထုတ်ကုန်တစ်ရပ်သာ ဖြစ်ပါသည် (Gender is a construct, a product of language, culture, and its institutions သဘောဖြစ်ပါသည်)။

ဤမျှဆိုသော် သဘောပေါက်ကြလိမ့်မည်ဟု ယူဆ၍ မူလဦးတည်ချက်သို့ ပြန်သွားပါရစေ။

မိုးမိုး(အင်းလျား)ကို မိန်းမစာရေးဆရာဟု ခေါ်ဆို သတ်မှတ်ရေးသားရာတွင် လူ+အမ+စာရေးဆရာဟု ဆိုလိုခြင်းမဟုတ်ဘဲ မိန်းမ+စာရေးဆရာ သဘောကိုသာ ဆိုလိုပါသည် (အကယ်၍ လူ+အမ+စာရေးဆရာကို ရည်ညွှန်းလို သည်ရှိသော် စာရေးဆရာမကို ဆိုပါမည်။ စာရေးဆရာမ=စာရေးဆရာ+အမ သဘောဖြစ်ပါသည်)။ တစ်နည်းဆိုရပြန်သော် မိန်းမဖြစ်ခဲ့ပြီးဖြစ်သော လူတစ်ဦးတစ်ယောက်က စာရေးဆရာဖြစ်နေသည်ဟု ယတိပြတ် အခိုင်အမာပြောဆိုခြင်း သို့မဟုတ် ညွှန်ပြခံရနိုင်သူဖြစ်သည်။ စာရေးဆရာမ ဆိုသည်မှာ အထီး၊ အမ ဖြစ်နေခြင်းက အဓိကမဟုတ်ဘဲ မိန်းမတစ်ဦးအဖြစ် ရေးနေသူသာဖြစ်သည်။ ဆိုလိုသည်မှာ စာရေးသားတင်ပြသူမှာ လူ+အမ အဖြစ် ရေးသားနေသော ယောကျ်ားသော်လည်းကောင်း၊ မိန်းမရှာသော်လည်းကောင်း အမျိုးမျိုးဖြစ်နိုင်သည်။ ရှေးကရှိခဲ့သော၊ စာရေးဆရာမ အမည်ခံထားသော ယောကျ်ားစာရေးဆရာကြီးများကို ပြန်လည် သတိထားကြည့်သော် ဆိုလိုရင်းကို သဘောပေါက်ကြမည် ထင်သည်။ ဤသို့ဆိုရသည်မှာ အကြောင်းရှိပါသည်။ မိုးမိုး (အင်းလျား) သည် ကန့်သတ်ထားသော လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုများအတွင်း မိန်းမတို့၏အနေအထားကို မည်သို့ မြင်ခဲ့သည်။ ဖော်ထုတ်တင်ပြခြင်းနှင့် ပြန်လည်တင်ပြခြင်းများကို မည်သို့ပြုခဲ့သည်ကို လေ့လာကြည့်နိုင်ရန်ဖြစ်သည်။

# (၃)

'အချစ်သည်ဘဝ၏အစိတ်အပိုင်းတစ်ခု' နှင့် 'လေးဘက်နံရံ' အတွင်းမှ အဓိကဇာတ်ကောင်ဖြစ်သော မိန်းမနှစ်ဦးတို့မှာ မိမိဥ္စာတည်သော ပုဂ္ဂလိက ခံစားမှု အခြေခံ ချစ်ခြင်းကို မိမိတို့မှအပဖြစ်သော ပယောဂ (တစ်စုံ တစ်ရာ)ကြောင့် ထိန်းချုပ်ကြရင်း ပြိုပျက်နိုင်သမျှ ပြိုပျက်သွားစေရန် ဖြိုဖျက် ခဲ့ရသူများဖြစ်သည်။ လူမှုဆက်ဆံရေးဘဝအတွင်းမှ ရုပ်ပိုင်းအခြေခံ ချစ်ခြင်းကို တတ်မက်မှုကင်းပသော ဘဝ၏ ဖြစ်ပျက်တစ်ခုအဖြစ် ပြောင်းလဲပစ်နိုင်သည်ကား မှန်၏။ သို့ရာတွင် အစွဲဖြစ်နေသော သိမှုအခြေခံ ချစ်ခြင်းသည် ပခြုပ်အတွင်းမှ မြွေကဲ့သို့ အပြင်မှ ကြည့်ရုံဖြင့် အထဲတွင် ပါးပြင်းထနိုင်သော မြွေတစ်ကောင် ရှိနေသေးကြောင်းကို မပြောနိုင်။ ပခြုပ်၏ အတွင်း၌ အသက်ရှိနေသေးသည်။

မိုးမိုး(အင်းလျား)က 'အချစ်သည်ဘဝ၏အစိတ်အပိုင်း တစ်ခု' တွင် အစဉ် အလာဆိုရိုးစကားတစ်ခွန်းကို ဖော်ထုတ်ပြရင်း လူ့အဖွဲ့အစည်းအတွင်းမှ မိန်းမ (မိန်းကလေး)တစ်ယောက်၏ နေရာကိုပြလိုက်သည်။ 'ကိုယ်ချစ်ကိုမရှာနဲ့ သူချစ် ကိုရှာရတယ်သမီးရယ်. . . ' (စာ၊၃၄)ဟု အမေဖြစ်သူက သမီးဖြစ်သူကို ဆုံးမလိုက်သောစကားကို ဖော်ပြလိုက်ပြီး တစ်ဆက်တည်းမှာပင် ဘာသာ စကား၏ဘောင်အတွင်းမှ အနက်လွဲအဓိပ္ပာယ်သက်ရောက်ကိုဖြစ်စေသော (Irony ဟု ခေါ်လို သော်ခေါ်ပါ) စကားဆိုစေခဲ့သည်။ ၎င်းမှာ 'ဘာပဲဖြစ်ဖြစ်၊ သမီးစိတ်တိုင်းကျ ဆုံးဖြတ်ပါ။ အမေ အကျပ်မကိုင်ချင်ပါဘူး' (ယင်း။)ဟူ၍ ဖြစ်သည်။ ထို့နောက် ဇာတ်လမ်း၏ တစ်နေရာတွင် 'ကိုယ်ချစ်ကို မရှာနဲ့. . . . 'ဟူသောအချက်ကိုပင် အခြေခံပြီး အမေဖြစ်သူကပင် သမီးဖြစ်သူ ကို ဤသို့ ပြောပြန်သည်။ 'သူချစ်ကိုရှာရသတဲ့သမီးရယ်။ မတင်မြဟာ. . . မိဘပေးစားတာမယူဘဲ သူချစ်ယူတာ။ ကိုအောင်သန်းတို့ နှိပ်စက်ပုံများ သက်ဆိုး မရှည်လို့သာ တော်တော့တယ်. . . ' (စာ၊ ၄၁) စသည်ဖြင့်၊ 'ကိုယ်ချစ်' ရှာမိ သည့်အတွက် နောက်ဆက်တွဲ ဆိုးကျိုးများအကြောင်း ပြောပြခဲ့သည်။ ဤသို့ဖြင့် 'အချစ်သည်ဘဝ၏အစိတ်အပိုင်းတစ်ခု' အတွင်းမှ အဓိက ဇာတ်ကောင် ဝေသည် အမေဖြစ်သူ၏ ဆန္ဒဥ္စတည်သော အဆုံးအဖြတ်အရ ချစ်ခြင်းကို ပုဂ္ဂလိက ခံစားမှု အခြေခံတစ်ခုအဖြစ်မှ လူမှုဆက်ဆံရေးဘဝအတွင်းမှ သိမှုတစ်ခုအဖြစ် ပြောင်းလဲ လိုက်ခဲ့ရသည်။

'အချစ်သည် ဘဝ၏အစိတ်အပိုင်းတစ်ခု' တွင် မိုးမိုး (အင်းလျား)က လူ့အဖွဲ့ အစည်းအတွင်းမှ အစဉ်အလာ ယဉ်ကျေးမှု စသည်တို့ဖြင့်တည်ဆောက်ထား သော မိန်းမ၏ အနေအထားကို ပြလိုက်သည်။ ယေဘုယျကျသော 'လူ' ဟူ၍ ဖြစ်-ရှိ နေရခြင်းအတွင်းမှ သီးခြားသဘောကို ဆောင်သွားသော 'လူ-အမ' (ပို မို ကျဉ်းမြောင်းသွားသော လူ၏အနေအထားတစ်ခု)အကြောင်းကို တင်ပြခဲ့သည် မဟုတ်။ အစဉ်အလာ၊ ယဉ်ကျေးမှု စသည်တို့ဖြင့် တည်ဆောက်ထားသော မိန်းမတစ်ယောက်၏ အနေအထားကို မြင်စေချင်သည်။ တစ်ချိန်တည်းမှာပင် တည်ဆောက်ထားခြင်းခံရသော မိန်းမတစ်ဦးနှင့် မိန်းမစာရေးဆရာ တစ်ယောက် ၏နေရာမှ သဘာဝ အခြေခံဖြစ်ပေါ်မှု (Biologically designated ဟု ခေါ်လိုသော် ခေါ်ပါ) အရ ဖြစ်-ရှိ နေသော 'လူ-အမ' အပေါ် ထားရှိသော သဘောထားကို ဖော်ပြခဲ့သည်။ 'ကျွန်မသည် မိန်းမဖြစ် ရသည့်ဘဝကို ပထမဆုံး အကြိမ် စိတ်နာမိပါသည်' (စာ၊၄၂)။ 'အချစ်သည်ဘဝ၏အစိတ်အပိုင်းတစ်ခု' ကို နိဂုံးချုပ်လိုက်သောအခါ မိုးမိုး(အင်းလျား)က လူမှုဆက်ဆံရေးဘဝအတွင်း မှ ကိုယ်ကာယခြင်း နီးနှောမှုကို အခြေခံသော ရင်းနှီးမှုသည် လူ-လူချင်း တွယ်တာမှုတစ်ရပ် ဖြစ်လာစေ(နိုင်)သည်ကို ဖော်ထုတ်ပြခဲ့သည်။ သို့သော် ချစ်ခြင်း၏ အနေအထားပြောင်းလဲမှုအပိုင်းတွင် အောင်မြင်သည်၊ မအောင်မြင် ဆိုသည်ကို မပြောခဲ့။ မပြခဲ့။

'လေးဘက်နံရံ' တွင်သော် အစဉ်အလာနှင့် ယဉ်ကျေးမှု တို့အရ တည် ဆောက်ထားသော 'မိန်းမ'၏ ချစ်ခြင်းနှင့် အချစ်ခံရခြင်း အနေအထား နှစ်ခုစလုံး အတွင်း၌ပင် သူသည် တည်ဆောက်ခံထားရသူသာဖြစ်ကြောင်း ပို၍ ပေါ်လွင် စေခဲ့သည်။ သူ၏ပုဂ္ဂလိကဘဝ၊ ဖြစ်-ရှိ နေရခြင်းမှာ အခြားသူ (သို့မဟုတ်၊ ပယောဂ တစ်စုံတစ်ရာ) ၏ တည်ဆောက်ပေးထားမှုသာဖြစ်သည်ကို ပြခဲ့သည်။ ခင်သက် ချစ်သော ကိုကိုက သူချစ်သော ခင်သက်ကို သူလိုချင်သလို (ပုံသွင်း) တည်ဆောက်ပေးခဲ့ရင်ဖြင့် ဇာတ်လမ်းဆုံးသွားသည်။ ချစ်တတ်သူနှင့် အချစ်ခံရသူ ခင်သက်၏ ဘဝအနေအထားနှစ်ခုစလုံးမှာ ဘာမှ မထူးခြား။ အကြောင်းမှာ အနေအထားနှစ်ခုစလုံး၌ ခင်သက်သည် လူ့အဖွဲ့အစည်း အစဉ်အလာ၊ ဘာသာ စကား အစရှိသည်တို့အားဖြင့် တည်ဆောက်ထားသော မိန်းမတစ်ယောက်သာ ဖြစ်သည်။ သို့ဖြစ်၍ ထိုသို့ တည်ဆောက်ထား ခြင်းခံနေရသော မိန်းမတစ်ယောက် အတွင်းမှ၊ သဘာဝတရားအတွင်းမှ ကွဲပြားစွာတည်ရှိနေသော မိန်းမ (ဤတွင် 'လူ-အမ' ကို ဆိုလိုသည်။) အပေါ် ပြန်လည်သုံးသပ်ကြည့်မိသည်။ 'မိန်းမ တစ်ယောက်ဟာ ဘဝအကျဉ်းထောင်ထဲမှာ သူ့ရဲ့ခန္ဓာကိုယ်ကိုသာမက စိတ်ကိုပါ

ချုပ်နှောင်တားဆီးထားရမယ်တဲ့လား. . .။ စိတ်ရဲ့လွတ်လပ်ခွင့်လေးကိုတောင် ထွက်ပေါက်ပေးခွင့်မရှိဘူးတဲ့လား’ (စာ၊၁၈၁) စသည်ဖြင့် မေးခွန်းများ ထုတ်ခဲ့သည်။

‘လေးဘက်နံရံ’ နိဂုံးတွင် မိုးမိုး(အင်းလျား)က အစဉ်အလာ၊ ယဉ်ကျေးမှု စသည်တို့အားဖြင့် တည်ဆောက်ထားသော မိန်းမကို မိန်းမစာရေးဆရာ၏တစ်ယောက်နေရာမှာ အသိအမှတ်ပြုရင်း သရော်ပြခဲ့သည်။ အချက်အလက်အားဖြင့်သာ ကောင်းသည်မဟုတ်တော့။ ရှေ့တွင် တင်ပြခဲ့သော ‘အရေးအသား’ အပိုင်းကိုပင် ပြန်၍ ထောက်ပြရတော့မည်။ ‘ကိုယ့်ယောကျ်ားကို ကိုယ်ချစ်လို့ ယူလာတာ ခုလည်း သိပ်ချစ်တယ်ဟဲ့၊ သိပ်ချစ်တယ်’ဟုပြောဖို့ ဝန်မလေးတော့ပါပြီတည်း။’ ဟူသော စာကြောင်းကို သေချာစွာ ဖတ်ကြည့်သော် ဒေါ်ခင်ခင်သက်၏စကားသည် စာဖတ်သူအား ဆန့်ကျင်ဘက်အနက် သက်ရောက်စေလိုမှုများ မည်ရွေ့မည်မျှ ပါဝင်နေကြောင်း တွေ့ရပေမည်။ တည့်တည့်ရေးပြီး ဆန့်ကျင်ဘက် အနက်ကို မြင်စေချင်ခြင်းဖြစ်သည်။ ထိုအရေးအသားမျိုးသည်ပင် မိုးမိုး(အင်းလျား)၏ အရေးအသားများတွင် တွေ့ရတတ်သော ရေးသားတတ်ခြင်း သို့မဟုတ် ရိုးရိုးအရေးအသားတစ်ခုမှ စာပေဖြစ်အောင် ရေးနိုင်ခြင်း ပညာတစ်ရပ်ဟု မမြင်၍မဖြစ်နိုင်။ ထိုအားထုတ်မှုမျိုးကို အသိအမှတ်ပြုရမည်သာ ဖြစ်သည်။

## (၄)

‘အပြန်တစ်ရာမိုက်ဦးမှာ’၊ ‘အချစ်ပွင့်ဦး’ နှင့် ‘ပြည်ဗာရာမှအစပြု၍’ ဝတ္ထုတိုများသည် မျိုးတူစု တစ်ခုတည်းအတွင်းမှ လူသားတို့၏ ချစ်ခြင်းနှင့် လူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှု၏ ထုတ်ကုန်တစ်ရပ်ဖြစ်သော မိန်းမတို့၏ပုံရုပ် ဖော်ခဲ့ပြန်သည်။ ‘အချစ်ပွင့်ဦး’ မှာမူ မျိုးဆက်နှစ်ခုအကြားမှ အမြင်ဖြစ်သည်။ သို့ရာတွင် ပထမမျိုးဆက်ကိုဦးတည်၍ နောက်မျိုးဆက်တစ်ခုက ပြန်လည်စိစစ်ကြည့်လိုက်ခြင်းဖြစ်သည်။

မိုးမိုး(အင်းလျား)၏ အရေးအသားများအတွင်း မိမိ၏ ပုဂ္ဂလိကချစ်ခြင်းကို မိမိဘာသာ ချိုးနှိမ်ပစ်ရခြင်းအတွက် ပယောဂတစ်ခုခုရှိနေသည်ချည်းဖြစ်သည်။ တစ်ဆင့်တက်၍ဆိုရသော် မိမိ၏ချစ်ခြင်းကို မိမိမှအပ ဖြစ်သောအကြောင်းတစ်ကြောင်းကြောင်းကြောင့် အနေအထားပြောင်းလိုက်ရသူများမှာ မိန်းမများသာဖြစ်ကြသည်။ ဆိုခဲ့ပြီးသည့်အတိုင်း ယဉ်ကျေးမှုနှင့် လူ့အဖွဲ့အစည်း၏

ဖော်ထုတ်ပေးလိုက်သော ပုံရိပ်တွင် မိန်းမတို့သည် 'မိန်းမဆို၊ ဒီလိုဖြစ်ရမယ်' ဟူသော ပုံစံအောက်သို့ ရောက်ရှိနေကာ ချစ်ခြင်းနှင့်ပတ်သက်၍ ကန့်သတ်ပေးထားသော အတိုင်းအတာထက် မလွန်နိုင်ကြ။ သို့ ရာတွင် 'အချစ်ပွင့်ဦး'၌မူ မိုးမိုး(အင်းလျား)က မိန်းမတစ်ယောက်တွင် ကန့်သတ်ခံရသော အနေအထား တစ်စုံတစ်ရာသည် မိမိမှအပဖြစ်သော ပယောဂ တစ်စုံတစ်ရာကြောင့် မဟုတ်ဘဲ မိမိ၏ အဆုံးအဖြတ်ကြောင့်ဖြစ်ခဲ့သော်. . . ဟူသော အချက်ပြဿနာကို တင်ပြလာခဲ့သည်။ ထိုအချက်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အချက်ဖြစ်သည်။ ဝေဝေနွယ်၏ အမေ (ဒေါ်) ခက်ခက်နွယ်သည် မိမိအဆုံးအဖြတ်ဖြင့် မိမိ၏ ချစ်ခြင်းကို ထိန်းကွပ်၍ အစွယ်ချိုးကာ သုတ်သင်နိုင်ရန် အားထုတ်ခဲ့သူဖြစ်သည်။

သို့သော် ဤအရေးအသားမှာ ချစ်ခြင်းအတွက် စွန့်လွှတ်သည်ဟူသော အယူအဆကို ထောက်ခံထားသော အရေးအသားတစ်ရပ်မဟုတ်။ (ဒေါ်)ခက်ခက်နွယ်သည် သူ၏ အောင်မြင်မှုအတွက် ရည်ရွယ်၍ သူ၏ချစ်ခြင်းကို အလွှဲအပြောင်း လုပ်လိုက်ခြင်းသာဖြစ်သည်။ ဆားပေး-ဆီယူ သဘောသာ ဖြစ်သည်။ အောင်မြင်မှုနှင့် ချစ်ခြင်းတို့သည် သူ၏ဘဝ (ဖြစ်-ရှိနေမှု)အတွက် မည်သည်က ပို၍ အရေးပါသည်။ မည်သည်ကို ရှေ့တန်းတင်ရမည် စသည်တို့ကို သူ့ဘာသာ ရွေးချယ်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ (ဒေါ်)ခက်ခက်နွယ်ဘက်မှကြည့်သော် သူရယူလိုသော အောင်မြင်မှုကို ရယူခဲ့သဖြင့် သူ၏စွန့်လွှတ်ရခြင်းမှာ အပြည့်မဟုတ်။ ထက်ဝက် (ငါးဆယ်ရာခိုင်နှုန်း)သာဖြစ်သည်။ စာဖတ်သူအနေဖြင့် ဆင်ခြင်ကြည့်ရမည့် အနေအထားတစ်ခုမှာ အကယ်၍နှင့် အကယ်၍သာလျှင် (ဒေါ်) ခက်ခက်နွယ်အနေဖြင့် လုံးဝ သို့မဟုတ် ဆိုယောင်မျှသော အောင်မြင်မှုရခဲ့သည် ရှိသော် သူ၏ စွန့်လွှတ်ခဲ့ရခြင်းသည် အချည်းအနှီးမျှသာဖြစ်မည်။ အချည်းအနှီး ဖြစ်ခဲ့ပါ၏လော ဆိုသည်မှာ ဆင်ခြင်ကြည့်ရမည့် အနေအထားတစ်ခုဖြစ်သည်။ (ဒေါ်)ခက်ခက်နွယ်သည် ချစ်ခြင်းအပါအဝင်ဖြစ်သော သူ၏ ဘဝနှင့်ဆိုင်သော အဆုံးအဖြတ်တို့ကို လွတ်လပ်စွာ ရွေးချယ်ခွင့် ရှိခဲ့သူဖြစ်သည်။ လူမှုဆက်ဆံရေးဘဝ၊ ယဉ်ကျေးမှု စသည်တို့၏ ကန့်သတ်မှုများ အတွင်း၌ပင် လွတ်လပ်သော ရွေးချယ်မှု ရခဲ့သူဖြစ်သည်။ ထို ရရှိခဲ့သော ရွေးချယ်ခွင့်ကို သုံးစွဲ၍ သူ့အတွက် အကျိုးရှိမည်ဖြစ်သော သို့မဟုတ် ပိုမို၍ တန်ဖိုးထားစရာဟု သူက မြင်-သိ-လက်ခံထားသော 'အောင်မြင်မှု'ကိုသာ ရွေးချယ်ခဲ့သည်။ ရွေးချယ်ခဲ့သည့်အတိုင်းလည်း အောင်မြင်ခဲ့သည်။ သို့အတွက် သူ၏ရွေးချယ်မှုသည် အချည်းအနှီး

မဟုတ်။ မှားခဲ့သည်မဟုတ်။ ရွေးချယ် ခြင်းမှရရှိခဲ့သော အကျိုးတရား၏ အကျိုးဆက်ကသာ သူ့ကို ဝေဒနာ တစ်စုံတစ်ရာဖြစ်စေခဲ့သည်။

မိုးမိုး(အင်းလျား)သည် ထိုဝေဒနာကို ရေးသား၍ ဖော်ပြခဲ့သည်မဟုတ်။ ပြရုံသာပြခဲ့သည်။ (ဒေါ်)ခက်ခက်နွယ်၏ ခံစားနေသည့်အပိုင်းကို သူ့သမီးထံမှသာ စာဖတ်သူက သိလိုက်ရသည်။ (ဒေါ်)ခက်ခက်နွယ်ထံမှ တိုက်ရိုက်သိရသော အကြောင်းတစ်ခုမဟုတ်။ သမီး ဝေဝေနွယ်က ပြန်လည်တင်ပြ၍သာလျှင် စာဖတ်သူတို့က သိရသည်။ တစ်ချိန်တည်းမှာ ပင် သမီးဖြစ်သူက အမေဖြစ်သူနှင့် အခြေခံအားဖြင့် လုံးဝမတူသော အနေအထား နှစ်ခုရှိနေသည်။ ထိုအနေအထားတို့ မှာ 'အချစ်ပွင့်ဦး' ၏ အဓိကကျတော့ အချက်များဖြစ်သည်။ မိုးမိုး(အင်းလျား)က ထိုအချက်တို့တွင် အခြေတည်၍သာ ဇာတ်လမ်းတစ်ခုကို ဖြစ်လာစေခဲ့သဖြင့် (ဤနေရာတွင်လည်း သူ၏အရေးအသားကောင်းကြောင်း၊ ရေးတတ်ကြောင်း ပေါ်လွင်လာပြန်သည်။) သူ ရေးသားတင်ပြချင်သည်မှာ'ချစ်ခြင်း'ကို အခြေခံသော ပြဿနာအကြောင်း မည်ကာမတ္တ မဟုတ်တော့။ မိန်းမဟူသော မျိုးတူစုတစ်ခုတည်းအတွင်း၌ ဖြစ်-ရှိနေကြသော်လည်း ပုဂ္ဂလိကအခြေခံ အမြင်မတူညီသူ နှစ်ဦးအနက် တစ်ဦးက အခြားတစ်ဦးကိုမြင်သော အမြင်ဖြစ်သည်။ 'ကျွန်မကတော့ အမေ့လို အဆိုတော်တစ်ယောက် ဘဝမျိုးကို တစ်ခါမျှ စွဲလမ်းခုံမင်ခြင်း မဖြစ်ခဲ့။ အဖေ့လို ပညာတတ်တစ်ယောက်ဖြစ်ဖို့ကိုသာ အာသီသ ရှိနေသည်' (စာ၊ ၁၈၆) ဟူသော စာကြောင်းဖြင့် မတူညီသော အခြေခံအမြင်ကို ပြခဲ့သည်။ မြင်သောသူနှင့် အမြင်ခံရသူတို့၏အကြားက ကာလတရား မတူညီမှုကို အခြေခံသော မျိုးဆက်ကွာဟမှု အမြင်မှာ ပြောပလောက်သော အချက်တစ်ခု မဟုတ်သည်မှာ မှန်သော်လည်း မသိကြိုးကြွပြု၍ရလောက်သော အနေအထား တစ်ခု မဟုတ်။ ထိုအချက်ကို မိုးမိုး(အင်းလျား)က ကိုစောညိန်းရေးသော သီချင်းသီဆိုသူ နှစ်ဦးကိုအသုံးပြု၍ လှပစွာ ရေးသား ပြသထားခဲ့သည်။ (ဖတ်ပါ။ စာ၊ ၁၈၇-၉၀)။

မိုးမိုး(အင်းလျား)က မိန်းမစာရေးဆရာ တစ်ယောက်၏ နေရာကိုယူကာ ရယူထားသော အနေအထားအတွင်းမှသာ 'အချစ်ပွင့်ဦး'ကို ရေးသားခဲ့ကြောင်းကို ဦးထင်ကျော်ကို အသုံးပြု၍ ပြသထားခဲ့သည်။ ဦးထင်ကျော်ကို ဘယ်သူဘယ်ဝါဟု ရေးသားပြခဲ့သည်မှာ မှန်၏။ ထို့ထက်ပို၍သော် ဘာကိုမျှ ရေးလည်းမပြ။ ညွှန်းပြ၍လည်းမဆို။ ဦးထင်ကျော်၏ ဝေဒနာကို ခက်ခက်နွယ်က မသိနိုင်။ ခက်ခက်နွယ်ကို မိုးမိုး (အင်းလျား)က အသိမပေး။ တစ်နည်းဆိုရသော် မိုးမိုး(အင်းလျား)သည် မိန်းမစာရေးဆရာအဖြစ်နှင့် သူ၏စည်းကိုမကျော်ဘဲ သူ့ဘောင်

အတွင်းမှသာနေရင်း အရေးအသားတစ်ရပ်ကို ပြခဲ့သည်။ တစ်ချိန်တည်းမှာပင် စာရေးဆရာမ တစ်ယောက်နေရာမှနေ၍ ယောကျ်ားတစ်ယောက်၏ ခံစားချက် ဝေဒနာ စသည်တို့ကို မဖော်ကျူးခဲ့။ ဤအရေးအသားတွင် မိုးမိုး(အင်းလျား)က လူ့အဖွဲ့အစည်းက တည်ဆောက်ထားသော အနေအထားနှင့် သဘာဝတရား အရ ဖြစ်တည်နေသော အနေအထားနှစ်ခုကို တစ်ခုတည်းသော 'မိန်းမ' အဖြစ် ပေါင်းစည်းထားသော အနေအထားအတွင်းမှ ရေးသားခဲ့သည်ဟူ၍ပင် ဆိုနိုင် သည်။ ထိုအချက်မှာ အလွန် စိတ်ဝင်စားဖွယ်ကောင်းသော အချက်တစ်ခုလည်း ဖြစ်သည်။

# (၅)

ပညာရှင် ဟယ်လီးနား စီယု(ဇ)သည် မိန်းမစာရေးဆရာ တစ်ယောက်က ရေးသားရာတွင် မိမိသိမှုသာမက မိမိ၏ ဖြစ်တည်ရှိနေသော အနေအထား အတွင်းမှ ခံစားနိုင်မှု အတိုင်း အတာများဖြင့် ရေးကြောင်း နမူနာတစ်ရပ်ဖြင့် ပြဆိုခဲ့သည်။

> တစ်ခါတလေ နိုင်ငံတစ်နိုင်ငံအကြောင်း စိတ်ကူးနဲ့ဖွဲ့စပ် တင်ပြတတ်တယ်။ ဥပမာ-ကမ္ဘောဒီးယားနိုင်ငံ ဆိုပါစို့။ ဖတ်ရတာ၊ သိထားရတာတွေနဲ့ ကမ္ဘောဒီးယားနိုင်ငံ အကြောင်း စိတ်ကူးပြီး ရေးသားခဲ့တယ်။ ဒါပေမယ့် တကယ်တမ်း ကိုယ်တိုင်ကိုယ်ကျရောက်ပြီး၊ နဖူးတွေ့ ဒူးတွေ့ တွေ့ပြီး ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားရတာနဲ့တော့ မတူဘူး။

ဤတွင် စီယု(ဇ)က အဓိကထား ဖော်ထုတ်ပြလိုသည်မှာ မိန်းမတစ်ယောက် က မိန်းမတစ်ယောက်၏ ခံစားချက်၊ အတွေ့အကြုံ၊ အသိအမြင် စသည်တို့ကို ကိုယ်တိုင်ကိုယ်ကျ သိသူသာဖြစ်သည်။ မိန်းမ မဟုတ်သူ (တို့) အနေဖြင့် စိတ် ကူးဖြင့် ကြံဆဖော်ထုတ်ခြင်းသာ ဖြစ်သည်ဟု ဆိုလိုလိုက်ခြင်းဖြစ်သည်။ ထိုအချက်မှာ (အထူးသဖြင့်၊ ယနေ့ခေတ် ကာလကြီးအတွင်း) ငြင်းဆိုရန်မလွယ် လှ။ အကြောင်းတစ်ချက်မှာ ယနေ့ကာလတွင် မိန်းမများသည် မိန်းမစာရေးဆရာ ဖြစ်ခြင်းကို ရဲရဲတင်းတင်း ရပ်တည်လာသောကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း မိန်းမစာရေးဆရာတို့၏ မိန်းမအဖြစ် ပုံဖော်ထားခြင်းခံရသော သူတို့၏အကြောင်း အရေးအသားများမှာ ယခင်က ထင်မှတ်ချက်၊ တွက်ဆချက်များဖြင့် အငှား ခံစား ဖန်တီးရေးသားပုံမျိုးနှင့် မတူကြတော့။

စီယု(ဇ)က ဤသို့ ဆိုပြန်သည်။

တကယ်လို့ သမိုင်းအခြေခံ ဝတ္ထုတစ်ပုဒ် ရေးမယ်ဆိုရင် ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် အရေးမကြီးဘူး။ ဒါပေမယ့် အချစ်အကြောင်း ရေးမယ်ဆိုရင်တော့ အရေးကြီးတယ်။ ရေးပုံမတူဘူး။ မိန်းမတစ်ယောက်ရဲ့ ကိုယ်နဲ့ ခံစားရတဲ့အတိုင်းရေးတော့ ရေးပုံခြင်းဟာ မတူနိုင်တော့ဘူး။

ထိုအဆိုကို အထောက်အကူပြုရန် မိုးမိုး(အင်းလျား)၏ 'အပြန်တစ်ရာ မိုက်ဦးမှာ'ကို ကြည့်စေချင်သည်။ 'အပြန်တစ်ရာမိုက်ဦးမှာ'သည် မိန်းမတစ်ယောက်က သူဖြစ်ရှိသော မိန်းမဖြစ်နေခြင်းကို အခြေခံ၍သာ ရေးနိုင်သော အရေးအသားမျိုး ဖြစ်သည်။ ဒုတိယစာကြောင်းမှာပင် ထိုအချက် ပေါ်လွင်လာသည်။ 'ဘာအကြောင်းကြောင့်လည်းမသိ စိတ်ကောက်ကြတယ်'ဟူသော အချက်သည် မိန်းမ-မိန်းမချင်း ပို၍ နားလည်နိုင်သော အချက်ဖြစ်သည်။ စိတ်ကောက်ခြင်းကို လူ့အဖွဲ့အစည်းအတော်များများတွင် မိန်းမတို့၏ အပြုအမူတစ်ရပ်ဟု အသိအမှတ်ပြု လက်ခံထားသကဲ့သို့ စိတ်ကောက်ခြင်းသည်ပင် မိန်းမတို့၏ အစဉ်အလာတစ်ခုဟု အများက လက်ခံထားနှင့်ခဲ့ပြီးဖြစ်သည်။ ထိုအချက်မှာ လူ့အဖွဲ့အစည်း(များ)က တည်ဆောက်ပေးထားသော မိန်းမ၏ ပုံရုပ်တစ်ခု ဖြစ်နေသည်။ သို့သော် 'အပြန်တစ်ရာမိုက်ဦးမှာ'တွင် ထွက်ပေါ်လာသော အသံမှာ တည်ဆောက်ထားသော မိန်းမ၏ အသံမဟုတ်။ ယေဘုယျနာမ်တစ်ခုအဖြစ် ပြောဆိုနိုင်သော 'လူ'အထဲမှ မတူညီသော အခြေခံဖြင့် သီးခြားဖြစ်သွားသော လူ+အမ၏ အသံ ဖြစ်သည်။ သူက တည်ဆောက်ထားခြင်းခံရသော မိန်းမ အကြောင်း ပြောပြနေခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် အကြောင်းသိက ပြောနေသော အကြောင်းတစ်ခုဟု ဆိုရပေတော့မည်။ စီယု(၈)၏ စကားဖြင့် ဆိုသော် '. . . ကမ္ဘောဒီးယား နိုင်ငံသို့ တကယ်ရောက်ပြီး ရေးသော အရေးအသားမျိုး'၊ '. . . . မိန်းမတစ်ယောက်ရဲ့ ကိုယ်နဲ့ခံစားရတဲ့အတိုင်း ရေးသော အရေးအသားမျိုး'ဟု ဆိုရမည်။

'စာပေ၊ အနုသုခုမ ပညာရပ်များသည် ပညာရှင်၏ ဖန်တီးမှုတွင် တည်သည် သို့မဟုတ် အခြေခံသည်။ သို့တည်းမဟုတ် အကြောင်းပြု၍သာ ပေါ်ပေါက်လာရသည်ဟု ဆိုသော်လည်း အချို့မှာ သိမှု၏ရေရာမှု၊ ခံစားနိုင်မှု စသည်တို့ကို အရေးပါသည်ဟုထည့်သွင်းမစဉ်းစားဘဲ တကယ့်ဘဝကို ပုံတူကူးပြထားသော အကြောင်းများဖြစ်နေကြသည်။ ယောကျ်ားသားများက မိန်းမများ၏နေရာကို ယူကာ၊ မိန်းမများအကြောင်း ပြောရန်အတွက် အနီးစပ်ဆုံးပြောနိုင်သူမှာ မီးယပ်နှင့် သားဖွားဘက်ဆိုင်ရာတွင် ပါရဂူဆရာဝန်များသာဖြစ်သည်ဟူ၍ပင် ပြောစမတ်ရှိနေသည်။ ထိုသို့ဆိုသည့်တိုင် မိန်းမတစ်ယောက်က သူ ဖြစ်-ရှိနေသော

ကိုယ်ကာယ၊ လိင် စသည်များကို အခြေခံ၍ ခံစားသိမြင်သော အတိုင်းအတာကိုမူ မိန်းမက 'သာလျှင်' ဖော်ပြနိုင်မည်ဖြစ်သည်။ ဤနေရာတွင် အကယ်၍ မှန်ကန်မှု၊ တကယ့်ဘဝနှင့် နီးစပ်မှုတို့များကို ထည့်သွင်းစဉ်းစားသော် ဖန်တီး တင်ပြပုံတွင် ရသမြောက်ခြင်း၊ မမြောက်ခြင်းကိုပင်အရာသွင်း၍ ဆွေးနွေးတော့မည်မဟုတ်။ အကြောင်းမှာ တကယ့်သိမှုကို အခြေခံ၍ တင်ပြဖော်ထုတ်ခြင်းများတွင် တင်ပြပုံသည် အသားမဟုတ်တော့။

'အပြန်တစ်ရာမိုက်ဦးမှာ' တွင်သော် မိန်းမတစ်ယောက်က သူနှင့်အတူတူ အမျိုးအစားဖြစ်သော မိန်းမတစ်ယောက်အပေါ် ခင်တွယ်မှု၊ တွယ်တာမှုနှင့် မျိုးတူစုတစ်ခုတည်းမဟုတ်သော၊ ယောကျ်ားကလေးများအပေါ်၌တည်ခဲ့သော ဆန့်ကျင်ဘက် တစ်ခုအပေါ် တတ်မက်မှု၊ တွယ်တာမှု တို့ကို ပြခဲ့သည်။ အကြောင်းအရာမှာ ရိုးရိုးပင် ဖြစ်သည်။ ကျောင်းသူဘဝမှ အိမ်ထောင်သည်ဘဝ ရောက်လာသော မိန်းမတစ်ယောက်က သူကဲ့သို့မိန်းမဖြစ်နေသူတစ်ဦးကို ပြန်လည်တင်ပြနေသော ပုံစံမျိုးဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် တင်ပြနေသော မိန်းမနှင့် ဦးတည်၍တင်ပြခံနေရသော မိန်းမတို့အကြား၌ အနေအထားများသည် မတူညီကြ။ မိန်းမ ဖြစ်နေရခြင်းအတွင်း၌ပင် မတူညီသော အမြင်ရှိနေသည်။ တစ်နည်းဆိုသော် မိမိုးသည် အစဉ်အလာပုံဖော်ထားခြင်းခံရသော မိန်းမ၊ ဖန်ဆင်းတည်ဆောက်ပြထားခြင်းခံရသော မိန်းမဘဝကို ကျော်လွှားကာ တကယ့်မိန်းမတစ်ယောက်အကြောင်း ပြောပြနေခဲ့သည်။အဆုံးတွင်သော် အကယ်၍ မိန်းမတစ်ယောက်အနေဖြင့် 'တစ်ခါပဲ မှားရမယ်လို့ ဘယ်သူကပြောသလဲ' ဟူသောအချက်ကို ပြဿနာတစ်ရပ် (ဤတွင် ပြဿနာဆိုသည်မှာ ဆက်လက် နှီးနှောဖွယ်ဖြစ်နေခြင်းဟုယူသည်) အဖြစ် တင်ပြကာ အရေးအသားကို ပြီးဆုံးထားခဲ့သည်။ စင်စစ် ထိုနောက်ဆုံး တင်ပြချက်သည် မိန်းမတည်းဟူသော ဖြစ်-တည်-ရှိ နေမှု အနေအထားတစ်ရပ်ကို 'လူ' ဟူသော မျိုးတူစုကြီးတစ်ခုတည်း၏ အောက်သို့ ပြန်လည်ပို့လိုက်ခြင်းဖြစ်သည်။ 'လူ' တစ်ယောက် အနေဖြင့်သော် တစ်ကြိမ်သာ မှားရမည်ဟု ပညတ်ထားခြင်း မရှိဖြစ်ရကား မိန်းမသည် လူဖြစ်၍ အဘယ်ကြောင့် (မိန်းမများတွင်) တစ်ကြိမ်သာ မှားရမည်ဟု ဆိုနိုင်ပါမည်နည်းဟူသော မေးခွန်းကို မေးခဲ့ခြင်းဖြစ်သည်။

(၆)

*မိုးမိုး(အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ ၁* တွင် ပေါ့ပေါ့ပါးပါး ရေးသားခဲ့သည်များလည်းပါသည်။ ငယ်ဘဝသို့ အလွမ်းများကိုလည်း ပုံဖွဲ့ပြခဲ့သည်။ ပေါ့ပေါ့ပါးပါးဟု ဆိုသဖြင့် ပေါ့ပေါ့တန်တန်နှင့် မရောထွေးစေချင်ပါ။ စာဖတ်သူကို သူ့အလွမ်း ဝေမျှသည့်သဘောမျှဖြင့် ရေးသားပြခြင်းကို ရည်ရွယ်၍ ပေါ့ပေါ့ပါးပါးဟု ဆိုရခြင်းသာဖြစ်သည်။ 'ကွဲကြေသွားသော မှန်စများ'၊ 'ပြည်ဗာရာမှအစပြု၍'တို့မှာ ငယ်ဘဝကိုပြန်လည်တမ်းတသော အလွမ်းကလေးများဖြစ်သည်။

ထိုအရေးအသားများ၌ပင် မိုးမိုး(အင်းလျား)က တည်ဆောက်ပြထားသော မိန်းမတို့၏ အနေအထားများကို ပြန်လည် ပုံဖော်ပြခဲ့ပြန်သည်။ အကယ်၍ ထိုအရေးအသားများကို နီးနီးကပ်ကပ် စေ့စေ့စပ်စပ်ဖတ်ကြည့်သော် မိန်းကလေးများ၏ ဘဝအဖြစ်အပျက်များသည် သူတို့၏ ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်ခဲ့ခြင်း (ဥပမာ 'အချစ်ပွင့်ဦး' မှ (ဒေါ်) ခက်ခက်နွယ်ကဲ့သို့ ကိုယ်ပိုင်ရွေးချယ်မှုကြောင့် စွန့်လွှတ်ခဲ့ခြင်းများ) မရှိ။ ပယောဂ တစ်ခုခုကြောင့် ဘဝအနေအထား ပြောင်းလဲသွားကြရသည်ချည်းဖြစ်သည်။ သူတို့၏ ဘဝများ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းများသည် သူတို့ကိုယ်တိုင် မရွေးချယ်ခဲ့ရသော ရွေးချယ်မှုများကြောင့်သာ ဖြစ်သည်။ တစ်နည်းဆိုရသော် မိုးမိုး (အင်းလျား)၏ အရေးအသားများတွင် ထိုအချက်ကို သိသိသာသာနှင့်ဖြစ်စေ၊ မသိလိုက် မသိသာနှင့်ဖြစ်စေ ဖော်ပြထားခဲ့ကြောင်း တွေ့ရသည်။ စင်စစ် ထိုအချက်သည်ပင် တည်ဆောက်ထားခြင်းခံရသော မိန်းမများ၏ ပုံရိပ်ကို ပြန်လည် တင်ပြပေးနေခြင်းနှင့်တူသည်။ သို့ရာတွင် မိုးမိုး(အင်းလျား) က ထိုသို့ တည်ဆောက်၍ ပုံဖော်ထားခြင်းခံရသော 'မိန်းမ' ဟူသည့် ပုံရိပ်ကို ဆန့်ကျင်ဘက်ပြုကာ ဖြိုဖျက်ပစ်နိုင်ရန် အားမထုတ် (ယှဉ်တွဲလေ့လာလိုသော် ဂျူး၏ *ချစ်သူရေးတဲ့ ကျွန်မရဲ့ညတွေ* ကိုဖတ်ပါ)။ တည်ဆောက်ပြထားသော မိန်းမ၏ ပုံရိပ်နှင့်အပြိုင် ပုံရိပ်များဖော်ပြခဲ့သည်။ ထိုသို့သော တည်ဆောက်ခံ ပုံရိပ်များမှာ အဘယ့်ကြောင့် ပုံပေါ်လာရသည်ကို ပြဆိုခဲ့သည်။ တည်ဆောက်ခံထားရသော ပုံရိပ်တို့၏ အကြောင်းရင်းများပေါ်လာစေခဲ့သည်။

မိုးမိုး(အင်းလျား)က *မိုးမိုး(အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ ၁* တွင် တည်ဆောက်ပြခြင်း ခံထားရသော မိန်းမများအကြောင်း ပြန်လည်တင်ပြခဲ့သည်။ သူက တည်ဆောက်မပြ။ သူသည် တည်ဆောက်ထားခြင်းခံရသော 'မိန်းမ'များ အနက် တစ်ယောက်ဖြစ်ကြောင်း သိနေသော တကယ့် 'မိန်းမ' ဖြစ်နေကြောင်း သိသူဖြစ်သည်။ တစ်နည်းဆိုသော် သူသည် နေ့စဉ်ဘဝအထဲမှာ တကယ့်မိန်းမ တစ်ယောက် ဖြစ်နေသည်။ ထိုဖြစ်နေခြင်းနှင့် ဖြစ်နေရခြင်းအတွင်းမှ 'လူ' 'လူ-

အမ' 'မိန်းမ' စသည်တို့၏ ဖြစ်-ရှိ နေရပုံများကို သတိထားမိသည်။ ထို့ကြောင့် 'တူညီမှု' အတွင်းမှ 'မတူညီမှု' ကို ရေးသားပြခဲ့သည်။ ထိုမတူညီမှုမှာ ဆန့်ကျင်မှုမဟုတ်။ မတူညီမှုသက်သက်သာဖြစ်သည်။ ထိုမတူညီမှုကို ဖော်ပြနိုင်သည်မှာ မိုးမိုး(အင်းလျား) က မိန်းမစာရေးဆရာ တစ်ယောက်အဖြစ် သာမက စာရေးဆရာမ (စာရေးဆရာ+အမ) နေရာကပါ ကြည့်သဖြင့် 'မတူညီမှုအတွင်းမှ တူညီမှု' နှင့် 'တူညီမှုအတွင်းမှမတူညီမှု' ကို မြင်ခဲ့သည်။ ထိုအမြင်က လူ့အဖွဲ့အစည်း ယဉ်ကျေးမှု၊ ထုံးစလေ့ စသည်များနှင့် တွဲစပ်ကြည့်ရန် သတိကိုပေးခဲ့သည်။ ထို့ကြောင့်လည်း မိုးမိုး(အင်းလျား)၏ *မိုးမိုး (အင်းလျား)၏ မဂ္ဂဇင်းဝတ္ထုရှည်များ ၁* တွင် တင်ပြထားခဲ့သော အရေးအသားများမှာ ဆိုခဲ့ပြီးသည့် အတိုင်း စိန်ခေါ်တိုက်ခိုက်ခြင်းမျိုးမဟုတ်။ ပြန်လည်တင်ပြခြင်းမဟုတ်။ သူသိသည့် အတိုင်း ပြောပြ (ရေးပြ) နေခဲ့ခြင်းဖြစ်သည်။ အကယ်၍ မိုးမိုး (အင်းလျား)၏မိန်းမများသည် ယောက်ျားစာရေးဆရာများ၏ အစဉ်အလာ အတိုင်း တည်ဆောက်ပြခဲ့သော မိန်းမများနှင့် မတူသည်ကို စောဒက တက်မည် ဆိုသော် ဟယ်လီနာ စီယု(ဇ)၏ စကားဖြင့်ပင် အဖြေပေးပါရစေ။

'လွန်ခဲ့သော နှစ် ၂၀၀ ကျော်က လေယာဉ်ပျံအကြောင်းကို လူတွေ ရေးခဲ့ပုံမျိုး၊ ခုတော့ ရေးလို့ မဖြစ်တော့ဘူး။

**မြင့်သန်း**


**<u>အညွှန်းနှင့်စာကိုး</u>**

မိုးမိုး(အင်းလျား) - *မဂ္ဂဇင်းဝတ္ထုရှည်များ-၁။* အင်းလျားစာပေ၊ ရန်ကုန်။ ၁၉၉၇။

ဂျူး - *ချစ်သူရေးတဲ့ ကျွန်မရဲ့ညတွေ။* ဥတ္တရလမင်း၊ မြစ်ကြီးနားမြို့။ ၂၀၀၀။

Butler, Judith P - *Gender Trouble: Feminism and the Subversion of Identity.* London: Routledge. 1990

Cixous, H - *Writing Differences: Reading from the Seminar of Helene Cixiuos,* ed. Susan Sellers, Milton Keyenes, Milton Keynes: Open University. 1988

Sedgwick, Eve Kosofsky-*Epistemology of the Closet.* London: Harvester Wheat-sheaf. 1991


မိုးမိုး (အင်းလျား)

## အိမ်နီးချင်း

'မောင်ရေ. . . ဟိုဘက်နှစ်အိမ်ကျော်က မုံ့ဟင်းခါးကျွေးတဲ့၊ လာဖိတ်သွားတယ်၊ မောင်ဝင်သွားလိုက်ပါနော်'

"ဟာ. . . မောင်နောက်ကျနေပြီ၊ အေးပဲ သွားလိုက်ပါ၊ ဒီနားက လူတွေနဲ့လဲ ရင်းနှီးသွားအောင် မိန်းမဆိုတော့ ပိုကောင်းတာပေါ့"

ကျွန်မတို့ သည်ရပ်ကွက်ကို ပြောင်းလာသည်မှာ သိပ်မကြာသေးပေ။ အနီးအနားမှ လူများနှင့်လည်း မရင်းနှီးလှသေး။ ကျွန်မတို့ကလည်း စကားနည်း၍ သူတို့ကလည်း အရိပ်အကဲကြည့်၍ အဝေးမှသာ အကဲခပ်နေကြဟန်တူသဖြင့် သူစိမ်းများသဖွယ် ဖြစ်နေကြရသေး၏။ တကယ်တော့ ကျွန်မသည် အရောတဝင် စပ်စပ်စုစုနေတတ်သူများကို နှစ်သက်သူမဟုတ်ပေ။ သည်လိုရပ်ကွက်မျိုးတွင် နေလျှင် ထိုသို့စပ်စပ်စုစု ရောရောနှောနှော ဖြစ်လာမည်ကိုသိသဖြင့် အစကပင် ခပ်မှန်မှန်နေသည်က ကောင်းမည်ဟု ယူဆမိသည်။ သို့သော် လူ့ဝတ္တရားအရ သာရေးနာမှုကိုတော့ ပါဝင်ဆောင်ရွက်ရပေမည်။

ကျွန်မ အလှူအိမ်သို့ရောက်ချိန်ဝယ် လူအတော်စုံနေပေပြီ။ နောက်ကျ မှလည်းဝင်လာ၊ လူကလည်းမျက်နှာသစ်ဖြစ်သဖြင့် အားလုံးလိုလိုက ကြည့်နေကြ သည်။ အိမ်ရှင်မနှင့်တူသူက ကျွန်မကို နေရာပေးရင်း ဖိတ်ခေါ်၏။ လဘက်ရည် ဝိုင်းတွင်ထိုင်နှင့်သူ အမျိုးသမီးတဦးက ဦးစွာ ကျွန်မလုံချည်ကို သေသေချာချာ စိုက်ကြည့်ရင်း စကားစ၏။

"ဒေါ်လှမြိုင်တို့ အိမ်ကို ပြောင်းလာတာမဟုတ်လား"

"ဟုတ်ကဲ့"

"ဘယ်ကပြောင်းလာတာလဲ"

"ရန်ကုန်မြို့ထဲကပါ"

"ဩော်. . . မြို့ထဲမှာ ဘာလို့မနေတာလဲ"

တစ်ယောက်က ကြားဖြတ်မေးလိုက်၏။ ကျွန်မက အလိုက်သင့် ပြန်ဖြေ နေရသည်။ မျက်နှာကိုလည်း အချိုဆုံး ပြုံးထားမိ၏။ သည်လူတွေက အရှည် သဖြင့် ဆက်ဆံရမည့်သူများ မဟုတ်လား။

"မြို့ထဲမှာနေတာက လက်ထပ်ပြီး အိမ်ရှာလို့မရသေးတာနဲ့ ခဏနေတာပါ"

"အသိအိမ်လား"

"မဟုတ်ပါဘူး၊ ကျွန်မ. . . အဲ-ကျွန်မ ယောက္ခမတွေ အိမ်ပါ"

"ဟုတ်လား. . . ဟိုမှာ ဘာလို့ မနေတာလဲ၊ ယောက္ခမနဲ့ မတဲ့လို့လား"

ဘုရားရေ။ သည်လိုဒဲ့ဒိုးကြီးမေးလိုက်လိမ့်မည်ဟု ကျွန်မ မထင်။ အမှတ်တမဲ့ အကြောင်းတိုက်ဆိုင်၍လည်း ကျွန်မမျက်နှာပျက်သွားမိသည်။

"မ-မဟုတ်ပါဘူး၊ ဟိုမှာက လူများလို့ပါ၊ ကိုယ့်အိမ်နဲ့ကိုယ်လဲ သပ်သပ် နေချင်တာနဲ့"

သည်မျှ စပ်စုလာကြပြီမို့ ကျွန်မ ကြာကြာမနေချင်တော့ပါ။ မံ့စားပြီး "အိမ်မှာ ကလေးအငယ်ရှိနေလို့" ဟု နှုတ်ဆက်ကာ မြန်မြန် ပြန်လာခဲ့ရ တော့ သည်။

သည်လို စပ်စပ်စုစု လူတွေနှင့် ကြာရှည်နေလို့မှ ဖြစ်ပါ့မလားဟု ကျွန်မ စိတ်ပူမိ၏။ မဖြစ်သော်လည်း ဖြစ်အောင်ကြိုးစား၍ နေရပေမည်။ ရန်ကုန်မြို့မှာ အိမ်ရှာရသည်က အခက်သား။ ကျွန်မတို့ လက်မထပ်ခင်ကတည်းက အိမ်ရှာကြသည်မှာ ယခု ကလေးတစ်ယောက်ရပြီး သားလေး ၄-လရမှပင် စိတ်တိုင်းကျ အိမ်ကိုရတော့၏။ လမ်းပန်းအဆက်အသွယ် မကောင်း၍၊ ရပ်ကွက်မသန့်၍၊ အိမ်က မကောင်း၍ စသည်ဖြင့် မောင်က စိတ်တိုင်းမကျခဲ့သလို ရေရှား၍၊ အိမ်သာကိုနှစ်ခန်းတွဲ သုံးရ၍၊ အိမ်ရှေ့မှာ ရေချိုးရမည် ဖြစ်၍ စသည်ဖြင့် ကျွန်မက ဂျီးများခဲ့သည်။

အိမ်ရှင်တွေကလည်း လူတိုင်းကို အိမ်ငှားမတင်ချင်ကြ။ လူများ သလား၊ ဘယ်နှစ်ယောက်လဲ၊ ကလေးပါသလား စသည်ဖြင့် ပြန်လည်စစ်ဆေး သေး၏။ အိမ်လခမှန်မှန်မရမှာစိုး၍ထင့်။ ယောကျ်ားက ဘာလုပ်သလဲဟုလည်း မေးတတ်သေးသည်။ ယခုမှစိတ်တိုင်းကျ ဒီအိမ်ကလေးကို တွေ့ခဲ့သည်။ အိမ်ခြေ စိတ်သော်လည်း ကျွန်မတို့အိမ်က သီးသန့်အိမ်လုံးဖြစ်၏။ အိမ်ရှင်က တစ်လမ်း တည်းမှာ အိမ်တလုံး သပ်သပ်နေသည်။ သူတို့ကမူ အေးဆေးပုံရ၏။ ကျွန်မတို့ ကလည်း သားအမိသုံးယောက်၊ အိမ်ဖော်ဒေါ်ကြီးနှင့်မှ ၄-ယောက်မို့ လူများ လှသည်ဟု မဆိုသာ။

"ညီမရေ. . .၊ ဒီက ညီမရှိသလား"

အိမ်ရှေ့မှ ခေါ်သံကြား၍ ထွက်ကြည့်မိရာ အိမ်တွင် 'ယောက္ခမနဲ့ မတွဲလို့လား' ဟု တိတိကျကျ မေးခဲ့သော အဒေါ်ကြီးကို တွေ့ရသည်။ အဒေါ်ကြီး ဆိုသော်လည်း ပြုပြုပြင်ပြင် နုနုပျိုပျိုပင်ဖြစ်၏။ သူက ပြုံး၍ အိမ်ပေါ်တက် လာရင်း. . .

"ဘလောက်စ် အင်္ကျီပုံဆန်းလေးများရှိရင် ခဏလောက်ကွယ်၊ အိမ်က သမီးက ချုပ်ချင်လို့တဲ့လေ"

"ဟုတ်ကဲ့ ရပါတယ် ဒေါ်ဒေါ်၊ လာလေ ထိုင်ပါအုံး"

ကျွန်မ ဝတ်ကျေဝတ်ကုန်သာ ခေါ်လိုက်သော်လည်း သူက တကယ်ပင် တက်လာပြီး အိမ်ရှေ့ခန်းတွင်ပင်မထိုင်၊ ကျွန်မဝင်ခဲ့ရာ အိပ်ခန်းထဲအထိ လိုက်လာ တော့သည်။ ကျွန်မက မြန်မြန်ကိစ္စပြီးစေရန် သေတ္တာထဲမှ အင်္ကျီ ၃-၄ ထည် ထုတ်ပေးလိုက်သည်။ သူက အင်္ကျီများကို ရွေးဟန်ပြုရင်း အိပ်ခန်းကို မျက်စိဝေ့၍ အကဲခပ်၏။ ကျွန်မတို့မှာ အိမ်ထောင်သစ် ထူထောင်စမို့ အိမ်ထောင် ပရိဘောဂ မရှိသေးပေ။ ခုတင်အပ်ထားသည်ပင် မရွေးရသည်မို့ ကြမ်းပေါ်ခင်း၍ အိပ်ကြ သည်။ သူ့အကြည့်ကြောင့် ကျွန်မပင် မိန်းမပြီပြီ ရှက်သွားမိ၏။ ဘာမျှတော့ မပြောမိပေ။ သူနှစ်သက်ရာ အင်္ကျီတစ်ထည်ရွေးပြီး အိမ်ရှေ့ပြန်ထွက်လာကာ ထိုင်လိုက်သေးသည်။ ပြန်မည့်ပုံမပေါ်သေးသဖြင့် ကျွန်မက အိမ်ရှင်ပီပီ စကားရှာ ပြောရပြန်သည်။

"ဒေါ်ဒေါ်တို့အိမ်က ဘယ်နားမှာလဲ"

"ဒီခေါင်းရင်း အိမ်လေကွယ်"

သည်တော့မှပင် မနက်မိုးလင်းလျှင် ကလေးတွေကို အော်ငေါက် ဆူပူ နေသည်မှာ သူပင်ဖြစ်မည်ဟု တွေးလိုက်မိ၏။

"ကလေးက ဘယ်နှစ်လရှိပြီလဲ"

ကလေးကို မြူရင်း သူမက မေးသည်။

"၄-လပါ"

"အင်း. . . ထွားသားဘဲ၊ သူ့အဖေက ဘာလုပ်လဲ"

လာချေပြီ။ သူ့လမ်းစဉ်ဖြင့် သူချီတက်လာချေပြီ။

"စာပုံနှိပ်တိုက်မှာ လုပ်ပါတယ်"

"ဩော်. . . စက်သမားလား"

"မဟုတ်ပါဘူး၊ စာပြင်ပါ"

"ဘာရယ်၊ စာစီသမားလား"

"မဟုတ်ပါဘူး၊ စာပြင်ပါ"

'စာပြင်' ဆိုသည်ကို သူကောင်းကောင်းသိပုံ မပေါ်ပါ။ ကျွန်မတို့အိမ် အခြေအနေကို ကြည့်၍လည်း အထင်သေးနေပုံရ၏။ တကယ်တော့ ကျွန်မတို့ အိမ်တွင် မောင့်အရည်အခြင်းကို သိနိုင်သော မောင့်စာအုပ်စင်ကြီးက ထီးထီး မားမား ရှိနေသော်လည်း သူက စိတ်ဝင်စားပုံမရပါ။ မောင်သည် မိဘပိုင် ပုံနှိပ်တိုက်တွင် ပုံနှိပ်ထုတ်ဝေအလုပ်ကို ဦးစီးလုပ်ကိုင်နေသည်ဟုလည်း ကျွန်မက မပြောမိ။

"လုပ်ငန်းဟာ မိဘပိုင်ဘဲ၊ ကိုယ်တို့နဲ့ ဘာမှမဆိုင်ဘူး၊ ကိုယ်က သာမန် အလုပ်သမားဘဲ၊ ဒါကို အေးနားလည်ထားရမယ်"

မောင်က သည်သို့ပင် မကြာခဏ ပြောခဲ့သည်။ ပြီး ကြွားဝါသည်ကို လည်း မောင်က မုန်းသည်။ မိန်းမပေမယ့် မိန်းမနဲ့မတူစေရဟု မောင်က သင် သည်။ ကျွန်မက မောင့်မယားတည်း။

"လူငှားက လခဘယ်လောက်ပေးရလဲ"

ကျွန်မက မောင့်လခကို တိုက်ရိုက်မေးလာလိမ့်မည် ဟုထင်သော်လည်း မြားဦးက တည့်တည့်မလာ၊ တစ်ဘက်မှ ကွေ့လာသည်။

"၄၀-ပါ"

"အင်း. . . ပေးရတာပေ့ါလေ၊ ကိုယ်ခွဲမရှိတော့လဲ ထားရမှာပေ့ါ၊ ဒါနဲ့ အဲ. . . ညီမနာမည်က ဘယ်သူ"

"အေးအေးပါ. . . "

"အေးအေး ယောကျ်ားက ဝင်ငွေတော့ အကောင်းသားမို့လား"

"ဟုတ်ကဲ့၊ မဆိုးလှပါဘူး"

"သူက စာရေးဆရာလား"

စောစောက စကားကို ဘဝင်ကျပုံမပေါ်။ သူသိလိုသည်ကို ထပ်မေး ပြန်သည်။

"ဟုတ်ကဲ့၊ စာလဲ နဲနဲပါးပါးရေးပါတယ်"

သူသည် ဆက်မေးရမည်ကို မကောင်းတော့မှန်း သိလာပုံရ၏။ ကလေးကိုသာ မြှူနေသည်။ ခဏကြာလျှင် တစ်မျိုးတစ်ဖုံ စလာဦးမည်ကို ကျွန်မ သိနေသည်။ စိတ်လဲပျက်၊ ရယ်လဲရယ်ချင်နေမိ၏။ ထိုအခိုက် မီးဖိုဆောင်မှ ဒေါ်ငယ်က "အေးအေးရေ၊ ငါးက ဒီအတိုင်းချက်မှာလား၊ ကြော်ပြီးမှ ချက်မှာလား" ဟု လှမ်းမေးသဖြင့် "ခဏနော်" ဟု ဆိုကာ မီးဖိုထဲ ဝင်လာခဲ့သည်။ ကျွန်မ တော်တော်နှင့် ပြန်ထွက်မသွားဘဲ နေမှ "ပြန်အုံးမယ်ဟေ့"ဟုဆိုကာ

သူပြန်သွား၏။ မီးဖိုထဲ ဝင်လိုက်မလာသည်မှာ တော်သေးရဲ့ဟု သက်ပြင်းချမိသည်။

"မျှောက်လက်နဲ့ သော့ခလောက်လေး ဝယ်ခဲ့ပါအုံး မောင်ရေ"

"ဘာလုပ်ဖို့လဲ အေးရဲ့"

"အိမ်ရှေ့ ဖိနပ်ချွတ် တံခါးခတ်ဖို့လေ"

"အေးက ရန်ကုန်မြို့လယ်က တိုက်ခန်းလို သော့အမြဲ ခတ်ထားမလို့လား၊ ဒီလိုနေရာမှာ ဒီလို သီးသန့်ကြီး လုပ်နေလို့ ဘယ်ကောင်းမလဲ အေးရဲ့၊ အားလုံးက ဒီလိုဘဲ တံခါးဖွင့်ပြီး နေကြတာဘဲ၊ ဒါရပ်ကွက်လေ၊ အလိုက်အထိုက် နေရမယ်"

ကျွန်မက ဒေါ်စပ်စုကြီးအကြောင်းပြောပြလျှင်လည်း မောင်က ဒီလိုပဲ အလိုက်အထိုက်နေရမယ်ဟု ပြောအုံးမှာမို့ နောက်ထပ်ဘာမှ မပြောမိတော့ပါ။ တတ်နိုင်သမျှသာ ခပ်အေးအေးနှင့် စကားနည်းနည်းနေခဲ့မိသည်။ အိမ်နီးနားချင်းမှန်သမျှ ပြုံးတန်ပြုံး၊ ပြောတန်ပြော၍ မောင်ပြောသလို အလိုက်အထိုက်နေလိုက်၏။ သို့သော် အလိုက်အထိုက်နေရသည်မှာလည်း မလွယ်ပါပေ။

"အေးအေးရေ. . . ဈေးကိုလား"

"ဟုတ်ကဲ့ မမနု"

ဈေးခြင်းတောင်းဆွဲ၍ ထွက်ခဲ့ပြီး နှစ်အိမ်ကျော် အရောက်တွင် ဒေါ်နုနုက နှုတ်ဆက်၏။ ဒေါ်နုနုဆိုသော်လည်း ရုပ်က သူ့လောက်မနုဟု တဖက်မှ ဒေါ်စပ်စုပြောပြ၍ နာမည်သိထားရသည်။ ဒေါ်စပ်စုမှာ ကျွန်မကပေးသော နာမည်ဖြစ်၍ သူ့အမည်က မယဉ်မြင့်ဖြစ်သည်။ သူ့ကိုယ်သူ မမမြင့်ဟု ပြော၍ ယခုတော့ ကျွန်မကလည်း မမမြင့်ဟု နှုတ်ကျိုးနေရပေပြီ။

"ဈေးမသွားနိုင်လို့ အေးရယ်၊ နုနုဘို့ ကြက်တခြမ်းလောက် ဝယ်ခဲ့စမ်းပါ"

ကျွန်မက ခေါင်းညိတ်ပြပြီး အိမ်ဘက်ပြန်လှည့်ရပြန်သည်။ ကျွန်မဈေးသွားလျှင် ပိုက်ဆံကို ဝယ်လောက်ရုံသာ ကန့်သတ်၍ ထည့်သွားလေ့ရှိသဖြင့် အပိုမပါပေ။ ပိုက်ဆံပေးလိုက်မည့်ပုံလည်းမပေါ်၊ တောင်းရမှာလည်း မကောင်းတတ်၍ ပိုက်ဆံပြန်ယူရပြန်သည်။

ကျွန်မက မမနုခေါ်သော်လည်း သူ့ကိုယ်သူ နုနုဟုသာပြောသော ဒေါ်နုနုသည် ကြက်တခြမ်းကိုသာ စောင့်ယူ၍ ပိုက်ဆံပေးရန်ကိုမူ သတိရပုံမရ။ နောက်နေ့များတွင်လည်းမပေး။ ထပ်ပင်မှာလိုက်သေးသည်။ နောင်ကြာမှ

"ဩော်. . . မေ့လို့ အေးကို ဈေးဘိုးပေးရဦးမယ်" ဟု ဆိုကာ ၅ တန်တရွက် ထုတ်ပေး၏။ သူမှာသည်က ၅ ဖိုးမကတော့သော်လည်း ကျွန်မက အားနာ၍ ဘာမျှမပြောမိ။ သူကလည်း ဘယ်ရွေ့ဘယ်မျှကျသည်လဲဟု မမေးချေ။ နောက်ထပ် ဈေးမှာသည့်အခါတွင်မူ "မရခဲ့ဘူးနုနုရေ"၊ "ဟောတော့ မေ့လာခဲ့ပြီ"စသည်ဖြင့် ကျွန်မက ပြောင်လိမ်တော့သည်။ ယခုတော့ ကျွန်မသည် အမူအရာပင် ကောင်းကောင်းလုပ်တတ်ပေပြီ။

"အေးရေ. . . ဘာဟင်းတွေများချက်နေလဲ"

ပြောပြောဆိုဆိုနှင့် နောက်ဖေးထိဝင်လာသော မမြသန်းကို တွေ့ရသည်။ သူက ကျွန်မနှင့် ရွယ်တူဖြစ်၍ သည်နားတဝိုက်တွင်တော့ သူငယ်ချင်းလို ပေါင်းနေရသည်။ ဆန်သွားထုတ်လည်း အတူတူ၊ နို့မှုန့်သွားထုတ်လည်းအတူတူ အဖော်ပြုနေရသူဖြစ်သည်။ ကျွန်မနှင့်ရွယ်တူ ဆိုသော်လည်း သူ့မှာက ကလေး ငါးယောက်အမေဖြစ်၏။ ထို့ကြောင့်လည်း သူလာလျှင် သူ့နောက်က ကလေးတွေ တပြုံတမကြီး ပါလာတတ်သည်။ ဆော့သူကဆော့၊ ကျွန်မသားလေးကို ချီသူကချီ၊ စာအုပ်တွေဖွသူကဖွဖြင့် သူတို့လာလျှင် တစ်မျိုးစိတ်ညစ်ရပြန်သည်။

"ဘာမှမချက်ပါဘူး၊ ဒေါ်ငယ် လုပ်နေတာပါ၊ လာလာ အိမ်ရှေ့သွားမယ်"

ကျွန်မက သူ့ကလေးတွေပါ ပါအောင် သိမ်းကျုံးခေါ်ရင်း အိမ်ရှေ့သို့မြန်မြန်ထွက်ခဲ့မိ၏။

"ခရစ်စတစ်စ သူများလာပြလို့ အေးကိုလာစပ်ရတာလေ၊ တစ်ဂိုက်စဆိုတော့ အကုန်လဲမယူချင်ပါဘူး၊ ရောင်းတဲ့သူကလဲ တစ်ဂိုက်လုံးယူမှတဲ့၊ အေးနဲ့ကိုယ်နဲ့ လက်ပြတ်တစ်ထည်စီ စပ်ချုပ်ရအောင်"

သူက ခရစ်လိုင်းကြီး အစိမ်းရင့်လေးကိုထုတ်ပြ၏။

"ဈေးက ၃၇ -တဲ့၊ လဟာပြင်မှာ ၄၀-မဟုတ်လား"

"ဘယ်လောက်များကွာလို့လဲ မမြသန်းရယ်၊ ပြီး အေးနဲ့ ဒီအရောင်နဲ့လဲ မလိုက်ပါဘူး၊ လက်ပြတ်လဲ အေးမဝတ်တတ်ပါဘူး၊ လက်ရှည်ဆိုရင်လဲ မဝယ်နိုင်သေးပါဘူးကွယ်"

"အို. . . ကိုယ်တို့ကတော့ လိုက်လိုက် မလိုက်လိုက် ဝတ်လိုက်တာဘဲ၊ ကျွတ်ကျတာမှတ်လို့၊ ပြီး ကိုယ်က အင်္ကျီဆို ရောင်စုံမှ၊ အရောင်စုံရှိထားမှ စိတ်ထဲက ကျေနပ်တာ"

သူ့ ဝါသနာအတိုင်း ခပ်ကြွားကြွား ပြောရင်း အဖြူတစ်ထည်တည်းနှင့်ကြဲနေသော ကျွန်မကိုလည်းချိတ်လိုက်သေး၏။ သူ့ယောက်ျားက လခ ၁၈၅-ခန့် ရသည်ဆိုပေမင့် သူ့မှာ တက်ထရွန်လုံချည် ရောင်စုံ၊ ခရစ်လှိုင်းကြီး ရောင်စုံ ဝတ်နိုင်၏။ ကျွန်မတို့မှာ မောင့်ကိုလခအဖြစ် ထောက်ပံ့သော ၂၅ဝ-ခန့်ကို အိမ်လခ၊ မီးခ၊ သတင်းစာခ၊ မောင့်စာအုပ်ဖိုး၊ အိမ်စားစရိတ် စသည်တို့ဖြင့် အံဝင်ဂွင်ကျ တစ်ပြားမှမပိုပေ။ ကျွန်မ မတောက်တခေါက် ရေးသော စာမူခလေးများဖြင့် ဒေါ်ငယ့်လခပေးသည်။ တခါတရံပိုလျှင် အဝတ်အစားဝယ်သည်။ ကျွန်မလည်း အဖော်ရအောင် တစ်ယောက်တည်း ကလေးတဖက်နှင့်မို့ အိမ်အလုပ်လည်း မနိုင်မနင်းမဖြစ်ရအောင် မောင်က အိမ်ဖော် ငှားပေးသော်လည်း ထိုအတွက် စရိတ်ကိုမူ ကျွန်မကပြန်ဖြည့်ပေးရ၏။

"အေးတို့များ ခလေးတယောက်ထဲရှိသေး၊ မဝတ်နိုင် မစားနိုင် ရှိလိုက်တာ၊ ကိုယ်တို့များ ခုမှ ခလေးတွေများလာလို့၊ အရင် လင်မယား နှစ်ယောက်ထဲတုန်းကဆို အသစ်အဆန်းပေါ်ပြီဟေ့ဆို ခါးပေါ်တင်ရမှ၊ ခုတောင် လခထုတ်ရင် ဖော့ခရစ် ဝယ်ဝတ်မလို့"

"အဝတ်သာမဝတ်နိုင်ရှိရမယ် မစားနိုင်တော့မရှိပါဘူး မမြသန်းရယ်၊ မောင်က အဝတ်ထက် အစားကို ပိုမက်တယ်၊ ကောင်းကောင်းစားမှ ကျန်းမာမှာတဲ့၊ စာအုပ်ဖိုးဆိုလဲ မနည်းမြောဘူး"

ကျွန်မက ပိန်လှီသေးကွေးလှသော သူ့ကလေးများကို ကြည့်ရင်း ပြန်ပြောမိသည်။ ပြောမည့်သာ ပြောရသည်။ ကျွန်မတို့အယူအဆက သူတို့ဝါဒနှင့်ကိုက်ချင်မှ ကိုက်ပေမည်။ ယုံကြည်ချက်ချင်းကလည်း တူသည်မဟုတ်။ ဝါသနာချင်းကလည်း ဘာမျှမဆိုင်။ အသိချင်းကလည်း တမျိုးစီ။

သည်ဝန်းကျင်ကြားတွင် အားလုံးနှင့်တည့်အောင် နေရသည့် ကျွန်မအခက်အခဲ။ ဒါတွေအားလုံး မောင့်ကို ပြောပြလျှင်လည်း. . .

"လူတွေနဲ့ နေရင်ဒီလိုဘဲပေါ့၊ ဒါအဆန်းမဟုတ်ပါဘူး၊ အေးရဲ့ ပြဿနာတွေဟာ အသေးအဖွဲ့ပဲ၊ မောင့်မှာ သည့်ထက် ဦးနှောက် အသုံးပြုစရာ အလုပ်တွေ အများကြီးရှိတယ်" ဟု ပြဿနာတွေကို သူ့ဆီ သယ်မလာစေချင်ဟန် တားမြစ်တတ်၏။

"မောင်ပြောတာ ဟုတ်သားဘဲ၊ ဒါတွေဟာ အသေးအဖွဲ့တွေဘဲ" ဟု ကိုယ့်ကိုယ်ကို သတိပေးရသည်။ ကြာတော့လည်း သည်လူတွေ ကြားထဲမှာ ကိုယ်ပါ သေးသိမ်မြုပ်ကွယ်သွားမှာ စိုးမိသည်။ လူဆိုသည်မှာ ခက်သည်။ ပြီးတော့ မိန်းမမို့ ပိုဆိုးသည်။ သူများက အတင်းပြောလျှင် ကိုယ်ကပါ ဝင်ပြောချင်၏။

သူကပြိုင်လျှင် ကိုယ်ကပါ ပြန်ပြိုင်မိတတ်၏။ သို့ကြောင့်လည်း ‘မိန်းမပေမယ့် မိန်းမနဲ့မတူစေရ’ ဟု ဆုံးမရသည်။ သို့ဆုံးမနေသည့် ကြားကပင် အလွန်ညံ့ဖျင်းသည့် အပြုအမူတခုကို ကျွန်မပြုမိသည်။ ကျွန်မ အလွန်ရှက်ရွံ့ခဲ့သောရန်ဖြစ်ခြင်း တည်း။

ခြေရင်းအိမ်မှ မတင်လှိုင်ကိုတော့ ခပ်အေးအေး နေတတ်သဖြင့် ကျွန်မကခင်သည်။ သူမသည် ဟိုအိမ်သည်အိမ် ကူးတာ သန်းတာ မတွေ့ရ၊ အော်ကျယ်ဟစ်ကျယ် စကားပြောတာလည်း တစ်ခါမျှ မကြားမိ၊ ကျွန်မလိုပင် ကလေးတစ်ယောက်နှင့် ခပ်အေးအေး နေသူဖြစ်၏။

သူက ကျွန်မတို့အိမ်မလာတတ်သော်လည်း ကျွန်မက သူ့အိမ်သို့ ကူးသွား ခြင်းဖြစ်၏။ သူ့အိမ်တွင် အပ်ချုပ်စက်ရှိသောကြောင့် ဖြစ်သည်။ ကျွန်မ ချုပ်လိုသမျှ အင်္ကျီစလေးများကို ကိုက်ညှပ်ပြီး အပ်ချည်လုံးပါယူ၍ သူ့အိမ်တွင် သွားချုပ်ရသည်။ သူကလည်း ကြည်ကြည် ဖြူဖြူလက်ခံပါသည်။ ဒေါ်စပ်စု အိမ်တွင် စက်ရှိသော်လည်း သူ့အိမ်သို့မူမသွားဝံ့။

မတင်တင်လှိုင်ကို အေးသည်ဟု ယူဆခဲ့သော ကျွန်မသည် နီးနီးကပ်ကပ်ဆက်ဆံရမှ စကားအတော်ပြောသော မိန်းမဖြစ်ကြောင်း အံ့သြစွာ သိရတော့သည်။ သူဘယ်အိမ်မှ မကူးမသန်း သော်လည်း အိမ်အသီးသီးမှ အတွင်းရေးပေါင်းစုံကို သူသိနေ၏။ သူမမှာ အရပ်ထဲမှ ပုဆိုးလေးအစ၊ ကလေး အင်္ကျီလေးအစ အပ်ချုပ်လက်ခံတတ်သဖြင့် ထိုသူတို့ထံမှ သတင်းစုံ စုဆောင်းရမိဟန်တူသည်။ သူကလည်း ပြန်၍မေးတတ် ပြောတတ်ပုံရ၏။

“ဟို့ . . . မလှိုင်တို့ ခြေရင်းအိမ်က မိန်းမချောချောဟာလေ . . . ’

ကျွန်မက စက်ချုပ်ရင်း၊ သူက ကလေးပုခက်လွှဲရင်း စကားပြောမိကြသည်။

“မမနုလား . . . ’

“မဟုတ်ပါဘူး၊ သူကတအိမ်ကျော်ဟာဘဲ၊ ဒီအိမ်နဲ့ကပ်လျက် ခြေရင်းအိမ်က ပိန်သေးသေးလေးကို ပြောတာ”

ကျွန်မက ခြေရင်းအိမ်ကို လှမ်းကြည့်မိရာ ပြူတင်းပေါက်မှ တိုက်တိုက်ဆိုင်ဆိုင် ထိုအမျိုးသမီးကို လှမ်းမြင်လိုက်ရ၍ မလုံမလဲ ဖြစ်သွားမိသည်။

“သူ့ယောက်ျားက အိမ်မှာမရှိဘူး” မလှိုင်က ဆက်ပြော၏။

“နယ်မှာ အလုပ်လုပ်လို့လား”

ကျွန်မက တစ်ဖက်မှကြားသွားမည်စိုး၍ တိုးတိုးပြန်မေးရသည်။ မတင်လှိုင်ကလည်း စကားကို ခပ်အေးအေး ပြောတတ်သဖြင့် သူ့အသံက သိပ်မကျယ်ပေ။ သို့သော် သူကလည်း ပျော့ပျော့နှင့်နံသော ကြောင်ချီးတည်း။

"ဘယ်ကလာ နယ်မှာအလုပ်လုပ်ရမှာလဲ၊ မယားငယ် ယူထားတယ်လေ၊ မယားငယ်အိမ်မှာဘဲ အမြဲနေတာ၊ သူ့ဆီတစ်ခါတစ်ခါမှ လာတာ၊ လာရင်လဲ ခဏလေး၊ ပိုက်ဆံတောင် မှန်မှန်ပေးတာ မဟုတ်ဘူး"

"အို-ဟုတ်လား၊ သူ့ကြည့်ရတာ ချစ်စရာလေးပါ၊ သူ့ယောကျ်ားကလဲ ဘာကြောင့်များ ဒီလို လုပ်ရပါလိမ့်"

ကျွန်မက တကယ်ပင် မိန်းမချင်းစာနာ၍ စိတ်မကောင်းစွာ ပြောမိသည်။

"ဪ-အေးအေးကလဲ လှတာလှတာတခြား သူ့မှာ အရိုးချည်းရှိတာ၊ ဟိုမိန်းမက ခပ်တောင့်တောင့်ရယ်"

သူ့ပြောလိုက်ပုံကြောင့် ကျွန်မမှာ ရယ်ရမလို၊ လန့်ရမလိုဖြစ်သွားကာ မောင်ပြောဘူးသော စကားတစ်ခွန်းကိုလည်း သွားသတိရမိ၍ တကယ်များလား ဟု စိတ်ပူသွားမိသည်။

"အေးခုတလော သိပ်ပိန်တာဘဲ၊ ကျန်းမာရေး ဂရုစိုက်အုံး၊ ပိန်ချည့်ချည့်လေးနဲ့ မလှတော့ရင် မောင်က ပစ်သွားမှာ"

ထိုစဉ်ကတော့ မောင် နောက်ပြောသည်ဟု ဂရုမထားမိ။ ယခုမှ "အင်း-နောက်ကိုရုပ်ကျ မသွားအောင် ဂရုစိုက်မှ" ဟု တွေးလိုက်မိသေး၏။

"အေးရဲ့ မမနုကြီးကတော့လေ. . . သူ့ယောကျ်ားကို အေး မြင်ဘူးလား"

"ဟင့်အင်း-မမြင်ဖူးဘူး"

"ဟို. . . သူ့သားလောက်အရွယ် ငယ်ငယ်လေးဟာပေါ့အေးရဲ့၊ ဒါကြောင့် သူကလဲ သူ့ကိုယ်သူနုအောင် အမြဲပြင်ဆင်နေရတာ. . ."

ကျွန်မအကျႌချုပ်ပြီး၍ ပြန်လာခဲ့လို့သာ၊ ဆက်နေလျှင် မည်မျှသတင်းစုံစုံ ကြားရအုံးမည်မသိချေ။

နောက် ၂ -ရက်ခန့်အကြာ မမြသန်းနှင့်ကျွန်မ အိမ်ရှေ့တွင် ထိုင်နေကြ ရင်း ကျွန်မက အိမ်ရှေ့ကြီးမှာ ရှက်စရာဟု အတင်းငြင်းသော်လည်း မမြသန်းက ကျွန်မခေါင်းကို အတင်းဆွဲ၍ သန်းရှာပေးနေစဉ် ဒေါ်နုနုတယောက်

အိမ်ပေါ် တက်လာ၏။ သူ့မျက်နှာထားက ခပ်တင်းတင်းမို့ ကျွန်မစိတ်ထဲတစ်မျိုး ဖြစ်သွား မိသည်။

"ထိုင်လေ. . . မမနု"

"မထိုင်ပါဘူး. . . ပြောစရာရှိလို့"

ကျွန်မက အံ့အားသင့်နေစဉ် သူကပင် ဆက်ပြော၏။ လက်တဖက်ကိုလည်း ခါးတွင် ထောက်ထားလိုက်သေးသည်။ လက်ညှိုးတငေါက်ငေါက် မထိုးရုံတမယ်။

"ဒီမှာ အေးအေးက ပြောတယ်ဆို၊ နုနုကို တူလောက် သားလောက် အရွယ် လင်လုပ်နေတဲ့ မိန်းမလို့"

ရုတ်တရက် ကျွန်မ ဘာပြန်ပြောရမည်မသိ။

"မနေ့တစ်နေ့ကမှ ရပ်ကွက်ထဲ ပြောင်းလာပြီး ဒီလိုစွာလို့တော့ ဘယ်ရမလဲ၊ နုနုတို့ကဒီမှာ ကိုယ်ပိုင်အိမ်နဲ့မြေနဲ့ အခြေတကျနေကြတာ၊ မလိုတမာ သပုပ်လေလွင့်မပြောပါနဲ့ ကိုယ်နဲ့မဆိုင်တာ ကိုယ့်ဖာသာ အေးအေးနေပေါ့အေ့၊ နုနုတို့ အကြောင်း မသိသေးလို့ ထင်တယ် ဟင်းဟင်း"

"နေပါအုံး မမ၊ အဲ. . . နုနုရဲ့၊ အေးက နုနုတို့ အကြောင်း ဘာမှ သိတာ မဟုတ်ပါဘူး၊ မလှိုင်က ပြောပြရင်း စကားစပ်မိလို့ တူလား-သားလား ထင်မိတယ်လို့ ပြောမိတာ၊ အေးထင်ထာကို အမှန်အတိုင်း ပြောတာ ဘာဖြစ်သလဲ"

ပထမက အေးအေးဆေးဆေးပြောမည် စိတ်ကူးသော်လည်း ပြောရင်း ဒေါသဖြစ်လာသဖြင့် ရန်တွေ့သလိုပင် အော်ပြောမိသည်။ မမြသန်းကလေည်းမခံ ချင်ဟန်ဖြင့် ဝင်ပြော၏။

'အို. . . ပြော. . . ပြော တယ်ပေါ့၊ ဘာဖြစ်သေးလဲ၊ ဟုတ်တာ ပြောတဲ့ဥစ္စာ"

သည်နောက်တွင် ရန်ပွဲသည် ဒေါ်နုနုနှင့်မမြသန်းတို့၏ ရန်ပွဲ ဖြစ်သွားတော့သည်။ ဘယ်တုန်းက မျက်မုန်းကျိုးနေကြသည်မသိ၊ ငယ်ကျိုး ငယ်နာတွေ ဖေါ်၍ အော်ကြဟစ်ကြတော့သည်။ တစ်ဖက်အိမ်မှ မလှိုင်သည် မျက်စေ့ အပြုံးသားနှင့်ကြည့်နေ၏။ ဒေါ်စပ်စုက လာရောက်ဖျန်ဖြေသည်။ သူ့ယောက်ျား မယားငယ်ယူသည်ဆိုသော အမျိုးသမီးက မျက်ထောင့်နီနီဖြင့် အိမ်ရှေ့မှ လာရပ်ကြည့်နေသည်ကိုလည်း တွေ့လိုက်ရသည်။ နောက်မှသိရသည်မှာ ထိုအမျိုးသမီးက ကျွန်မနှင့် မလှိုင်ပြောသမျှကို နားပါးပါးနှင့် ချောင်းနားထောင် ပြီး တစ်ဖက်မှ ဒေါ်နုနုတို့ကို လွှတ်လိုက်ခြင်းတည်း။

"ရှက်တယ်. . . သိပ်ရှက်တယ်၊ မနေချင်ဘူး၊ ဒီရပ်ကွက်မှာ မနေချင်တော့ဘူး၊ လူညံ့တွေကြားထဲ နေရတာ ကိုယ်ပါ လူညံ့ဖြစ်ရတယ်၊ တစ်သက်နဲ့တစ်ကိုယ် ရန်ဖြစ်ဘူးတာ မဟုတ်၊ ခုတော့ ရှက်စရာ"

ထိုနေ့မှစ၍ မောင်ပြန်လာတိုင်း ကျွန်မ၏ တတွတ်တွတ် ညည်းညူသံပင် ဖြစ်သည်။ မောင် နောက်နေ့မနက် အလုပ်မသွားမီအထိ ကျွန်မသည် အိမ်ပြောင်းရန် အိမ်ရှာဖို့အကြောင်းကိုလည်း အမြဲ နားပူနေမိ၏။ တစ်ခါတစ်ရံမောင်က စိတ်မရှည်၍ ပြန်အော်လျှင် လင်မယားကတောက်ကဆဖြစ်ရသေးသည်။ ယခု တလော မောင်သည် ညနေနောက်ကျွန်မှ ပြန်လာတတ်တော့၍ မနက်အစောကြီး ပြန်ထွက်သွားလေ့ ရှိ၏။ ကျွန်မနားပူနားဆာ လုပ်၍ဟု သိသော်လည်း ကျွန်မက မလျှော့။

အိမ်ထပ်ရှာရန် မောင့်ကို နားပူမြဲ ပူနေ၏။ ဒီအိမ်က အိမ်လခဈေးကြီးသည်၊ နွေဆိုလျှင် မီးကြောက်ရသည် စသည်ဖြင့်လည်း အမျိုးမျိုးအကြောင်းပြ၏။ ကြာတော့ မယားစကားပါ၍ဘဲလား၊ နားပူမခံနိုင်၍ဘဲလားမသိ။ အိမ်ပြောင်းမည်ဟု မောင်က ပြောလာတော့သည်။

ယခုပြောင်းရသည့်အိမ်က မြို့လယ်ကောင်မဟုတ်သော်လည်း မြို့နှင့်နီးသော နေရာ၊ အိမ်ကလည်း တိုက်ခံအိမ် သီးသန့်ခန်း ဖြစ်၏။ ကိုယ့်အိမ်တံခါးကိုယ်ပိတ်၍ သီးခြားနေနိုင်၏။ ဘာဘဲဖြစ်ဖြစ် အိမ်ပြောင်းရ၍ ကျွန်မ ပျော်လိုက်သည့်ဖြစ်ခြင်း။

ယခုအိမ်တွင် မောင်အလုပ်သွားလျှင် အိမ်တံခါးပိတ်၍ ကျွန်မတို့သားအမိနှစ်ယောက်တည်း နေလိုက်၏။ ဒေါ်ငယ်ကလည်း မြောင်းမြရှိ သူ့သမီးထံတွင် သွားလည်နေသည်။ သားကတော့ အိမ်လည် မထွက်ရသဖြင့် ပျင်းနေဟန် တူသည်။ ကျွန်မနားသာ အမြဲ ကပ်နေ၏။ ယခင်အိမ်တွင်တော့ အိမ်နီးချင်းများက (အထူးသဖြင့် ဒေါ်စပ်စု)က ကူညီထိန်းပေး၍ သား၏တာဝန် ကျွန်မမှာမရှိလှ။ ယခုတော့ ကျွန်မမှာ စာရေးဘို့ ဝေးစွ၊ အိမ်အလုပ်ပင် ကောင်းကောင်းမလုပ်ရတော့ချေ။

နေ့စဉ် မောင်အလုပ်မသွားမီ ဈေးသို့ ပြေးထားနှင့် ရသည်။ ယခုအိမ်နီးချင်းတွေကဖြင့် ကလေးအပ်ထားခဲ့လို့လည်း စိတ်ချရမည့်ပုံ မပေါ်ချေ။ ကျွန်မတို့ကိုလည်း လုံးဝစိတ်ဝင်စားပုံ မရှိချေ။ ဒီတခါတော့ ခပ်တည်တည်နေမည်ဟု ကျွန်မက ကြုံးဝါးထားသော်လည်း သူတို့က ကျွန်မထက် ဆယ်ဆ

တင်းနှင့်သည်။ အိမ်ပြောင်းခါစ သယ်ကြချကြစဉ်ကပင် မည်သူမျှ ပြူ၍ပင် မကြည့်။ အနေကြာ လာသည့်တိုင် မည်သူနှင့်မျှ နှုတ်မဆက်မိဘူးချေ။ လမ်းတွေ့လျှင်လည်း ခပ်တည် တည် မသိသလိုသာပင်။

တစ်နေ့-နေ့လယ်ဘက်ကျွန်မမှာ ရုတ်တရက်ကိုယ်ပူ၍ နေမကောင်း ဖြစ်လာမိသည်။ တစ်ယောက်တည်း ကလေးကလည်း တဖက်နှင့်မို့ မောင့်ကို ဖုန်းဆက်ခေါ်မှဟု တယ်လီဖုန်းရှိရာ စဉ်းစားသော်လည်း အများသုံးဖုန်းက အနီးအနားတွင် မရှိချေ။ တစ်ဖက်ခန်းမှာတော့ တယ်လီဖုန်းရှိဟန်တူသည်။

ကျွန်မတစ်ဖက်ခန်းကို လူခေါ် ဘဲလ်လေးနှိပ်လိုက်စဉ် အထဲမှ ချောင်းကြည့်ပြီး တံခါးတော့ ဖွင့်ပေးပါသည်။

အရေးကြီးလို့ ဆက်ရသည့် အကြောင်းကျွန်မက တောင်းတောင်းပန်ပန် ပြောလိုက်သော်လည်း အိမ်ရှင် အဒေါ်ကြီးက ရုတ်တရက်စကားမပြန်ဘဲ အကြောင်သား ပြန်ကြည့်နေ၏။ ကျွန်မက ဘာလုပ်ရမှန်းမသိ၊ ရှက်သလို ဖြစ်သွား မိသည်။ အတန်ကြာမှ "ဆက်လေ" ဟု စိတ်မပါ့တပါဖြေသည်။ ရောက်မိလက်စမို့ ဖုန်းကို မြန်မြန်ပြောပြီး လိုရမယ်ရယူလာသော မတ်စေ့တစေ့ကိုလည်း ထားခဲ့ရ ကောင်းနိုးနိုး ဖြစ်မိသေးသည်။ နောက်ဆုံး "ကျေးဇူးတင်ပါတယ်" ဟူသော စကား တစ်ခွန်းကိုသာ ခပ်ရို့ရို့ပြော၍ ပြန်ထွက်လာရာ နောက်မှ သံတံခါးကို ခပ်ဆောင့် ဆောင့် ဆွဲပိတ်လိုက်သံကို စိတ်မချမ်းသာစွာ ကြားလိုက်ရသေး၏။

သည်နေရာရောက်မှ ကျွန်မ အလွန်ငြီးငွေ့လာမိသည်။ မမြသန်းကို လည်း အောက်မေ့သလိုလိုရှိသည်။ ဘာပဲဖြစ်ဖြစ် နေမကောင်းဘူးဆိုလျှင် ပျာပျာသလဲ လာပြုစုဖော်ရ၏။ ဒေါ်စပ်စုကြီးသည်ပင် ဆန်ပြုတ်တခွက်တော့ လာတိုက်တတ်သေးသည်။ ယခုတော့ ကျွန်မမှာ အဖော်မဲ့နေရချေပြီ။

ကလေးတစ်ဖက်နှင့် အပြင်လည်းမထွက်တတ်သော ကျွန်မအဖို့ အခြား သွားစရာလမ်းမရှိ။ အလှူအတန်း သာရေးနာရေးလည်း မည်သူမျှလာမဖိတ်ချေ။ တလောက အပေါ်ထပ်တွင် ဧည့်ခံပွဲ တစ်ခုခုလုပ်ဟန်တူ၏။ ကားကြီးကားငယ် တွေ လာလိုက်ကြသည်မှာ ကျွန်မတို့အိမ်ရှေ့ပင် ပြည့်ကျပ်သွား၏။ စားကြ သောက်ကြ ပျော်ကြသည်မှာလည်း ညဉ့်နက်သန်းခေါင်တိုင်ပင်။ မည်သည့် အထိမ်းအမှတ်ပွဲကို မည်သူတွေက ကျင်းပသည်ကိုပင် ကျွန်မတို့ မသိချေ။

တနင်္ဂနွေနေ့ မောင်အလုပ်မသွားရ၍ ကျွန်မတို့ သားအမိသုံးယောက် အေးအေးလူလူ ထိုင်နေကြစဉ် လူခေါ်ဘဲလ်ကို တအားနှိပ်လိုက်သံကြားရ၏။ တံခါးဖွင့်လိုက်လျှင် တောမှကျွန်မ၏ ဒေါ်ကြီးတော်သူ ဒေါ်ငြိမ်းက သူ့ထုံးစံအတိုင်း စကားကို အော်ကြီးဟစ်ကျယ် ပြောဆိုလျက် ဝင်လာတော့သည်။

"တကတဲတော်. . . ညည်းတို့အိမ်ရှာရတာကလဲ ခေတ်ပျက်ကြီး လူပျောက်ရှာရတာ ကျနေတာဘဲ၊ ငါကလဲ အိမ်နံပါတ်မေ့သွားလို့ အောင်သပြေ စာအုပ်တိုက်က ဦးမောင်မောင်အိမ်လို့ လိုက်မေးတာ ဘယ်သူမှမသိဘူးတဲ့အေ၊ ငါအံ့သြတာက ညည်းတို့ဟိုဘက်ခန်းကတောင် မသိဘူးတဲ့၊ အံ့ရော. . . မေးတဲ့လူကိုတောင် စားတော့ဝါးတော့မလို ပြန်ကြည့်လိုက်သေးတယ် တကတဲ"

ဒေါ်ကြီးက သူ့ထုံးစံအတိုင်း 'တကတဲ'ဟူသော စကားကိုသုံး၍ သုံး၍ ပြောနေ၏။

"နေပါအုံး. . . ဒါနဲ့ အရင်အိမ်ကဘာဖြစ်လို့လဲ"

"အရင်အိမ်ကလား. . . ဟို. . . အင်း. . . ခုအိမ်က ပိုကောင်းလို့ပေါ့ ဒေါ်ကြီးရဲ့၊ ရပ်ကွက်ကလဲ ဒီကပိုကောင်းတယ်လေ၊ ဟိုမှာက လူတွေကလဲ စပ်စပ်စုစု ရှုပ်ရှုပ်ရှက်ရှက် ရန်ဖြစ်ကြဘာကြနဲ့၊ စိတ်ရှုပ်လို့ မနေချင်တာနဲ့"

"အမယ်လေးတော်. . . တကတဲ. . . ဒီလိုဘဲ ပေါ့၊ တစ်ယောက်နဲ့ တစ်ယောက် အခန့်မသင့်ရင် ဖြစ်တာဘဲ။ ပြီးတော့ ရင်းရင်းနှီးနှီး ရိုင်းပင်းကူညီလို့ အရေးရှိရင် အားလဲကိုးရသေး၊ ခုနေရာကဖြင့် တကတဲ၊ တစ်ယောက်နဲ့တစ်ယောက် ဟိုဘက်ဒီဘက် အိမ်ချင်းကပ်နေတာတောင် အသိလုပ်ဖော်မရ၊ ဒါမျိုးတွေပေါ့၊ မြို့လယ်ခေါင် နေ့ခင်းကြောင်တောင် လူသတ်မှုတွေ၊ ဒမြတိုက်မှုတွေ ဖြစ်လို့ တောင် ဘယ်သူမှမသိတာ၊ ကြောက်စရာအေ. . . တကတဲ"

ဒေါ်ကြီးကပြောရင်း မောင့်ဘက်သို့လည်းလှည့်၍ ကျွန်မကို မေးငေါ့ပြ ကာ ပြောလိုက်သေးသည်။

"သူကဖြင့် ဒီလိုပါဘဲ၊ ဟိုမှာမနေချင်ဘူး၊ ဒီမှာ မနေချင်ဘူးနဲ့ အတော် ဂျီးထူတဲ့ကောင်မ"

ကျွန်မက ဘာမျှပြန်မပြောမိ။ တကယ်တော့ နောက်ထပ် ဘယ်လို နေရာမျိုးမှာ နေချင်ပါသည်ဟု ဂျီးထူရမည်ကိုပင် ကျွန်မမသိတော့ပါချေ။

**မိုးမိုး (အင်းလျား)**

(ငွေတာရီမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၇၂)

# မိုးမိုး(အင်းလျား)

## သိက္ခာရှိတဲ့ မုန့်ဟင်းခါး



## သိက္ခာရှိတဲ့ မုန့်ဟင်းခါး

ကွန်မနှင့် ညီမလေး သူဇာတို့သည် တစ်ယောက်ကိုတစ်ယောက် အလွန်ချစ်ကြပါသည်။ အထက်အောက် တစ်နှစ်သာ ကွာခြားပြီး ညီအစ်မ နှစ်ယောက်တည်းသာရှိသဖြင့် တခြားမောင်နှမတွေ ချစ်ကြတာထက် ပိုသည်။ စားလည်း အတူတူ၊ ကစားလည်း အတူတူ၊ ကျောင်းသွားတော့လည်း အတူတူ အမြဲတမ်း မခွဲမခွာ ရှိနေကြသည်။

ရုပ်ချင်းကလည်း တူသဖြင့် အမြွှာညီအစ်မဟုပင် ထင်ကြပါသည်။ အမြွှာတွေလားဟု မေးလျှင် ကွန်မတို့ကလည်း ငြင်းဆန် မနေတော့၊ ရယ်စစနှင့် ခေါင်းညိတ်ပြလိုက်ကြသည်သာ ဖြစ်သည်။ မေမေကလည်း ကွန်မတို့ နှစ်ယောက်ကို အဝတ်အစား ဆင်တူချုပ်ပေးသည်။ ညီမလေးက ထွားသဖြင့် ကိုယ်လုံးကိုယ်ထည်ချင်းလည်း အတူတူလောက်ပင် ဖြစ်နေသည်။

သူစိမ်းများက ကွန်မတို့ ညီအစ်မကို ရုတ်တရက် မခွဲခြားတတ်။ သို့သော် ဖေဖေ မေမေနှင့် ရင်းနှီးသော ဆွေမျိုး မိတ်ဆွေများကတော့ ကောင်းကောင်းကြီး ခွဲခြားတတ်ပါသည်။

ကွန်မနှင့် ညီမလေး သူဇာ၏ အကြိုက်နှင့် စရိုက်ကတော့ အရှေ့နှင့် အနောက်လို လုံးဝ ကွဲပြားခြားနား၍ နေပါသည်။ ကွန်မက အစိမ်းရောင် ကြိုက်လျှင် ညီမလေးက အနီရောင် ကြိုက်သည်။ မေမေက သည်တစ်ခါ ကွန်မ ကြိုက်သည့် အဆင် အသွေးကို အင်္ကျီချုပ်ပေးလျှင် နောက်တစ်ခါ ညီမလေး ကြိုက်သည့် အဆင်ကို ချုပ်ပေးရသည်။

အစာ စားသည့်အခါ ကွန်မက ချဉ်ချဉ်စပ်စပ် ကြိုက်သည်။ ညီမလေးက ချိုချိုဆိမ့်ဆိမ့် ကြိုက်သည်။ ငါးတစ်မျိုးတည်းကို မေမေက ညီမလေး အတွက် ကြော်ပေးရပြီး ကွန်မအတွက် ချဉ်ရည်ချက်ပေးရသည်။ ကွန်မက တိတ်တိတ်ဆိတ်ဆိတ် နေတတ်သည်။ ညီမလေးက သွက်သွက်လက်လက် သွားလာလှုပ်ရှားနေတတ်သည်။ ကွန်မက သည်းခံသည်။ သို့သော် စိတ်ကြီးသည်။ ညီမလေးက စွာသည်။ သို့သော် အတေးအမှတ် မထားတတ်။ ကွန်မက သိမ်း

သိမ်း ဆည်းဆည်း နေသည်။ ညီမလေးက ဖြစ်ကတတ်ဆန်း နေသည်။ သို့သော် ကျွန်မတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ချစ်ကြသည့်အတွက် အဆင်တော့ ပြေပါသည်။

ကျွန်မမို့ သူများက အနိုင်ကျင့်ခံရပြီ ဆိုလျှင် ညီမလေးက သိသိချင်း သွားပြီး ရန်တွေ့တတ်သည်။ သူ့ကို ကြောက်သဖြင့် ကျွန်မကို မထိရဲကြ။ ညီမလေး သူ့အခန်းထဲမှာ ဖွထားသမျှတွေကိုတော့ ကျွန်မက မေမေ မသိအောင် သိမ်းဆည်းပေးရတတ်ပါသည်။

မေမေကတော့ ကျွန်မတို့ နှစ်ယောက်ကို ဘယ်လောက် ဝေးဝေးက မြင်ရသည်ဖြစ်စေ ဘယ်ဟာ သူဇာပဲ၊ ဘယ်ဟာ နန္ဒာပဲ ဆိုတာ အရိပ်မြင်ရုံဖြင့် သိသည်ဟု ဆိုပါသည်။

ကျွန်မတို့နှစ်ယောက် အရွယ်ရောက်သည့်အခါ အသွင်သဏ္ဍာန်ချင်း က ပို၍ ကွဲပြား ခြားနားလာသည်။ ညီမလေးက အင်္ကျီ ဆင်တူဝတ်ဖို့ ငြင်းဆန်တတ်လာသည်။ ကျောင်းကို သူ့သူငယ်ချင်းများနှင့် သူ သွားသည်။ သူ ကြိုက်သည့် ဟင်းကို သူ့ဘာသာ ဝင်ချက်ပြီး တစ်ယောက်တည်း စားလေသည်။ သူ့အခန်းထဲကို ကျွန်မ ဝင်ရောက် ရှင်းလင်းပေးတာကိုလည်း မကြိုက်တော့။ ကျွန်မ ရှင်းလိုက်လျှင် သူ မှတ်သားထားသည့် ပစ္စည်းတွေ နေရာ ရွေ့သွားသည်ဟု အဆိုရှိလေသည်။

ရုပ်ရှင်ကြည့်လျှင်လည်း သူနှင့် ကျွန်မ အကြိုက်ချင်းမတူ။ တီဗွီ ကြည့် လျှင်လည်း ကျွန်မ နှစ်သက်သည့် ဇာတ်လမ်းမျိုးကို သူက ငြီးငွေ့ သန်းဝေကာ ထသွားတတ်သည်။ ကျွန်မတို့ ညီအစ်မနှစ်ယောက် တစ်စတစ်စ ကင်းကွာ လာကာ တွဲ၍ မဖြစ်တော့။ သို့သော် အချစ်တော့ မပြယ်ကြပါ။

ဖေဖေက သွက်လက်ပြီး စာတော်သော ညီမလေးကို ချစ်သလို မေမေက စဉ်းစား တွေးခေါ်တတ်သော ကျွန်မကိုသာ အားကိုးကာ အစစ အရာရာ တိုင်ပင်ပါသည်။

ကျွန်မ ဆယ်တန်းမှာ တစ်နှစ်ကျသဖြင့် ကျွန်မနှင့် ညီမလေး တက္ကသိုလ်သို့ အတူတူ တက်ရသည်။ ယူသည့် ဘာသာရပ်ချင်းတော့ မတူကြပါ။ ကျွန်မတို့ ညီအစ်မကိုလည်း အမွှာညီအစ်မဟု ဘယ်သူကမှ မထင်တော့။ ကျွန်မ ကျောင်းတက်သည့် နေရာသို့ ညီမလေး လာသည့်အခိုက် ကျွန်မက သူငယ်ချင်း များနှင့် မိတ်ဆက်ပေးသည်။ 'ညီအစ်မ တစ်ဝမ်းကွဲလား'ဟု သူငယ်ချင်းများက မေးသည်။

'မဟုတ်ပါဘူး၊ ညီအစ်မ အရင်းပါ၊ ရုပ်ချင်း ဒါလောက် တူတာကို'

'မတူပါဘူး'

သူငယ်ချင်းများက ပြိုင်တူ အော်ကြသည်။

'တခြားစီပဲ'

နောက်တစ်ယောက်က ဖြည့်စွက်သည်။

ညီမလေးနှင့် အတူ ပါလာသော သူငယ်ချင်းများကလည်း သိပ်မတူဘူးဟု မှတ်ချက်ပေးကြသည်။ ကျွန်မတို့ ညီအစ်မ ပြုံးနေလိုက်ရသည်။ ထို့ထက်ဆိုးတာက ကျွန်မနှင့် ညီမလေး အသက်တစ်နှစ်သာ ကွာပါသည် ဆိုတာကိုလည်း ဘယ်သူကမှ မယုံကြ။

'ကိုယ်က သိပ်ရင့်နေတယ် ထင်တယ်'

ကျွန်မကပြောတော့ 'မဟုတ်ပါဘူး၊ တစ်ယောက် တစ်မျိုးတော့ လှတာပါပဲ'ဟု နှစ်သိမ့်ပေးကြပါသည်။

'မင်းညီမလေးက လှလဲလှတယ်၊ နုလဲနုတယ်၊ ကလေးလေးလိုပဲ၊ တက္ကသိုလ်ကျောင်းသူလို့တောင် မထင်ရဘူး၊ ဒါပေမယ့် မင်းကမှ ရင့်ကျက်ပြီး အေးအေးချမ်းချမ်းနဲ့ လှတာပါကွာ'

သည်စကားကိုတော့ သူငယ်ချင်းများက ညီမလေး ကွယ်ရာကျမှ ပြောခြင်း ဖြစ်ပါသည်။

ညီမလေးရဲ့ သူငယ်ချင်းများကလည်း ကျွန်မ ကွယ်ရာမှာ ပြောကြသည်တဲ့။

'မင်းအစ်မက မင်းနဲ့ တစ်နှစ်ပဲကွာတယ်သာ ဆိုတယ်၊ မင်းနဲ့ ယှဉ်လိုက်တော့ အဘွားကြီးလေး ကျနေတာပဲ' တဲ့လေ။

* * *

ကျွန်မနှင့် ညီမလေး တစ်နှစ်တည်း အတူတူ ဘွဲ့ရကြသည်။ ကျွန်မက ကျွန်မ ဝါသနာပါသော ကျောင်းဆရာမအလုပ်ကို ဝင်လုပ်ပါသည်။ ညီမလေးကိုလည်း ဖေဖေနှင့် မေမေက ရုံးတစ်ရုံးမှာ ဝင်လုပ်စေချင်ပါသည်။ ညီမလေးက ခါးသည်းစွာ ငြင်းဆန်သည်။

'လခစားတော့ မလုပ်ပါရစေနဲ့၊ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ပါဘူး'

'ဒါဆိုရင် သမီးက ဘာလုပ်ချင်လို့လဲ၊ ဖေဖေတို့မှာ အရင်းအနှီးတော့ များများ မရှိဘူးကွယ်'

ဖေဖေကတော့ ဝန်ထမ်းဘဝနှင့် ကျင်လည်လာခဲ့ရသူပါပဲ။ သို့သော် ညီမလေးက ထက်မြက်သူ ဖြစ်လေတော့ ညီမလေး၏ အလိုဆန္ဒကို ဖေဖေက ကန့်ကွက်လိုစိတ် မရှိ။

'သမီးက ကုန်ကူးချင်တယ် ဖေဖေ၊ အရင်းအနှီး သိပ်မလိုပါဘူး၊ မော်လမြိုင်မှာ သမီး သူငယ်ချင်းတွေ ရှိတယ်၊ သူတို့ကလဲ ခေါ်နေတာ၊ သမီး တစ်ခေါက် သွားချင်တယ်'

'ဒါတော့ မလုပ်ပါနဲ့ သမီးရယ်၊ အသည်း တထိတ်ထိတ်နဲ့ လုပ်ရမယ့် အလုပ်မျိုးတော့ မလုပ်ပါနဲ့၊ သမီး လုပ်ချင်ရင် ဆိုင်ဖွင့်ရင် ဖွင့် အတည်တကျ ရောင်းဝယ်တာမျိုး လုပ်ပါ၊ မေမေတို့ တတ်နိုင်သလောက် မတည်ပေးပါ့မယ်'

ကျွန်မတို့ မိသားစုအားလုံးက ညီမလေးကို ငယ်ငယ်ရွယ်ရွယ် လှလှ ပပနှင့် ဟိုသည် ကူးသန်းရသော အလုပ်ကို လုံးဝ မလုပ်စေချင်ကြပါ။ ဒါကိုတော့ ဖေဖေကလည်း သဘောမတူ။ နောက်ဆုံးတော့ ရှိရှိသမျှ ပေါင်နှံ ရောင်းချကာ ညီမလေးအတွက် အလှကုန်ဆိုင်လေး တစ်ဆိုင် ဖွင့်ပေးကြပါသည်။

သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ်ရှိသော ညီမလေး၏ ဆိုင် ကလေးက တစ်နှစ်အတွင်းမှာ သားသားနားနား ဖြစ်လာသည်။ ကျွန်မကတော့ ခြင်းလေးတစ်လုံး လက်ဆွဲကာ မူလတန်းပြ ဆရာမလေး ဘဝက မတက်ခဲ့ပါ။ သို့သော် သူ့နည်း သူ့ဟန်တော့ ကျွန်မတို့ နှစ်ယောက်လုံး စိတ်ချမ်းသာမှု ကိုယ်စီ ရှိကြပါသည်။ ကျွန်မက တပည့်တပန်း ကလေးငယ်တွေနှင့် ထွေးရောယှက်တင် ဖြစ်ကာ ပျော်ပိုက်နေသကဲ့သို့ ညီမလေးကလည်း သူ့ အလှကုန် ပစ္စည်းတွေ၊ အမြတ်အစွန်း စာရင်းဇယားတွေနှင့် မအားမလပ်သည့်ကြားက တစ်နေ့တစ်ခြား လှပ စိုပြည်၍ နေပါသည်။

ဘဝဆိုတာ ကိုယ့်ဘဝကိုယ် ကျေနပ်နှစ်သိမ့်ဖို့ အရေးကြီးသည်ဟု ပထမဆုံးအနေဖြင့် သုံးသပ်မိသည်။ ကျွန်မကလည်း ညီမလေးကို ဘာမျှ ဝေဖန် မနေသကဲ့သို့ ညီမလေးကလည်း ကျွန်မကို နှိမ်ချခြင်းမျိုး မရှိခဲ့။ တစ်ခုတော့ ရှိရဲ့။ ဖေဖေတို့ မေမေတို့ အနေနှင့်တော့ ညီမလေးရဲ့ ဝင်ငွေကို ပိုပြီး အားထား လာရသည့် အခြေအနေမှာ ရှိခဲ့ရလေသည်။

* * *

ညီမလေးသည် ကျွန်မထက် တစ်နှစ်စော၍ လက်ထပ်ပါသည်။

ဖေဖေနှင့် မေမေသည် သမီးနှစ်ယောက်၏ အိမ်ထောင်ရေးကိုလည်း စိတ်တိုင်းကျ ဖြစ်စေခဲ့ပါသည်။ 'သမီး နှစ်ယောက်က တစ်ယောက် တစ်မျိုးစီ လိမ္မာတာပါပဲ၊ ဒီလောက်ဆိုရင် ဖေဖေတို့ ကျေနပ်တယ်'ဟု ဖေဖေက ဖွင့်ဟသည်။ သို့သော် ညီမလေး တစ်ယောက် အိမ်ထောင်ပြုပြီး အိမ်က ခွဲထွက်သွားသည့်အတွက်တော့ ကျွန်မတို့ မိသားစု စိတ်မကောင်း ဖြစ်ခဲ့ရသည်။

နကိုကမှ လူနည်းရသည့်အထဲ ညီမလေး မရှိတော့ ကျွန်မတို့ တစ်အိမ်လုံး ခြောက်သွေ့သွားပါသည်။ ညီမလေးနှင့် စာလျှင် ကျွန်မ မရှိတာကမှ အိမ်မှာ သိပ်ပြီး ထူးခြားမည် မဟုတ်။ အထူးသဖြင့် ညီမလေးကို အချစ်ပိုသော ဖေဖေတစ်ယောက် ငြိမ်သက်တိတ်ဆိတ်၍ သွားသည်။ ညီမလေး၏ စတိုးဆိုင်လေးလည်း မရှိတော့။ ညီမလေးက ခင်ပွန်းလောင်းကိုလည်း စနစ်တကျ ရွေးချယ်တတ်သည်။

သူ့ခင်ပွန်းက အောင်မြင်သော စီးပွားရေးသမား တစ်ယောက်ပေပဲ။ လင်မယား နှစ်ယောက်လုံး တက်ညီလက်ညီ စီးပွားရှာကြလေသည်။ တစ်နှစ်အတွင်းမှာ ညီမလေးက ခြံနှင့် အိမ်နှင့် ကားနှင့် တင့်တောင့်တင့်တယ် ဖြစ်၍ နေသည်။

ညီမလေးသည် အိမ်ကို မကြာမကြာတော့ ရောက်၍ လာပါသည်။ ဖေဖေနှင့် မေမေတို့ ကြိုက်တတ်သော အစားအသောက် အဝတ်အထည်လေးတွေ အမြဲ ပါလာသည်။ လစဉ်လည်း ထောက်ပံ့ပါသည်။ သို့သော် ညီမလေးသည် အိမ်မှာ ကြာကြာ မနေနိုင်။

'သွားမှ ဖြစ်မယ် ဖေဖေ၊ သူဇာ မရှိရင် မဖြစ်ဘူး၊ ကြာကြာနေလို့ မဖြစ်ဘူး၊ ဖေဖေ လိုတာရှိ ဖုန်းဆက်နော်၊ သွားမယ် မမ၊ သွားမယ် မေမေ'

ညီမလေးသည် ကသောကမျော နှုတ်ဆက်ကာ ပြန်သွားရမြဲဖြစ်သည်။ ညီမလေးတို့က လမ်းမကြီးတစ်ခုပေါ်မှာ ပြည်ပ ပစ္စည်းအစုံရသော မီနီမားကတ် ဆိုင်ကြီးတစ်ဆိုင်လည်း ဖွင့်ထားသည်။ ရုပ်ရှင်လုပ်ငန်း တစ်ခုမှာလည်း ရှယ်ယာပါသည်။ တကယ့် စီးပွားရေးသမားကြီး ဖြစ်နေသည်။ သို့သော် ညီမလေးကို ကြည့်ရသည်မှာ ယခင်လို သက်တောင့်သက်သာ မရှိလှ။ အလှအပ သည်ပင် ကပိုကရို ဖြစ်နေပြီ။

'တစ်ခါတလေ အေးအေးဆေးဆေး ထမင်းလေးဘာလေး စားသွားစမ်းပါ သမီးရယ်'

မေမေက ပြောလျှင် မီးဖိုထဲ ဝင်ကာ ကမန်းကတန်း လွှန်လှော စားသွားသည်။

'သူဇာ့ကို ကြည့်ရတာ မေမေ မောလိုက်တာကွယ်'

မေမေက သက်ပြင်းချ၍ ညည်းလေသည်။ ပြီးတော့ မေမေက ကျွန်မကို ပြောသည်။

'သမီး အိမ်ထောင်ပြုရင်တော့ အိမ်က ခွဲမသွားပါနဲ့'တဲ့။

ကျွန်မကဖြင့် မေမေတို့ကို ညီမလေးကဲ့သို့ ပြည့်ပြည့်စုံစုံ ထောက်ပံ့နိုင်သည် မဟုတ်ပါ။ သို့သော် ကျွန်မက နွေးထွေးသော ယုယမှုဖြင့် ပြုစုနိုင်ဖို့ ကြိုးစားရပါမည်။ အသက်ကြီးလာသော ဖေဖေ မေမေတို့အတွက် ထိုအရာလေးတွေ လိုအပ်နေသည်ဟု ကျွန်မ မြင်လာသည်။

＊＊＊

ကျွန်မ ကိုလွင်နှင့် လက်ထပ်သည့်အတွက် ဖေဖေ မေမေတို့က ပိုပြီး ကျေနပ်ပျော်ရွှင်နေကြပါသည်။ အဓိက အချက်ကတော့ ကျွန်မ အိမ်က ခွဲမသွားရလို့ပါပဲ။ ကိုလွင်ကလည်း ဖေဖေ့လို ရိုးရိုးအေးအေးသမား ရုံးဝန်ထမ်း တစ်ဦး။ ညီမလေး မရှိတော့သည့် နောက်ပိုင်း ပင်စင်စား အဘိုးကြီးတစ်ယောက်အဖြစ် ငြီးငွေ့ ထိုင်းမှိုင်းနေသော ဖေဖေသည် ပြောကာဆိုကာ ရယ်ကာမောကာဖြင့် ကျန်းကျန်းမာမာ ဖြစ်လာသည့်အတွက် ကျွန်မ ဝမ်းသာရပါသည်။

ညီမလေးရဲ့ ယောက်ျားနှင့်ဆိုလျှင် ဝါဝင်ဝါထွက် ပစ္စည်းတွေ တစ်ပုံတစ်ပင်နှင့် လာကန်တော့သည့်အခိုက် မာကြောင်းသာကြောင်းလောက်သာ ပြောကြသည်။ ဖေဖေက သားမက်ဖြစ်သူ စီးပွားရှာတော်ကြောင်း ချီးကျူးတတ်သော်လည်း ရင်းရင်းနှီးနှီးတော့ မရှိခဲ့။

ကိုလွင့်ကိုတော့ သားတစ်ယောက်လိုပဲ ချစ်ရှာသည်။ ကျွန်မတို့ နှစ်ယောက်လုံး အလုပ်သွားသည့်အခိုက် မေမေသည် မညည်းမညူ ချက်ပြုတ်ကျွေးမွေးရှာပါသည်။ သားမက်ကိုလည်း ခင်ပွန်းနှင့်တန်းတူ အခွင့်အရေးပေး ကျွေးမွေး ပြုစုသည်။ ကျွန်မမှာတော့ နှစ်ယောက်ပေါင်း လခကို အသုံးစရိတ်တွေ နုတ်ပြီး အပ်ရတိုင်း မျက်နှာပူရသည်။ ညီမလေးလို မထောက်ပံ့နိုင်သည့်ပြင် မေမေ့ကိုပါ ဒုက္ခပေးနေရသည်မို့ တောင်းပန်နေမိသည်။

'မေမေတို့ ကိုသိုလ်ကောင်းပါတယ်ကွယ်၊ အသက်ကြီးလာတဲ့ အချိန်မှာ သမီးငယ်က ပြည့်စုံအောင် ထောက်ပံ့သလို သမီးကြီးကလဲ စိတ်ကျန်းမာအောင်၊ အသက်ရှည်အောင် ထောက်ပံ့တာပါပဲ၊ ပြည့်စုံရုံနဲ့လဲ မပြီးသေးဘူး၊

စိတ်ကျန်းမာဖို့လဲ လိုသေးတယ် သမီးရဲ့၊ သမီးဖေဖေဆို ကြည့်၊ ခု ဘယ်လောက် ကျန်းမာနေသလဲ၊ မြေးများ ချီရရင် ပိုပြီး ကျန်းမာမှာ မြင်ယောင်သေး'

မေမေက ပြောမှ ညီမလေးမှာ ကလေးမရသေးတာ သတိရသည်။ သြော် ညီမလေး တစ်ယောက်ကော စိတ်ကျန်းမာပါလေစ။ သူ့ခင်ပွန်း အသောက်အစားများတာ မေမေတို့ကို ပြောမပြမိ။ ကျွန်မဘဝမှာ ညီမလေးကို ကြည့်ပြီး ကိုယ့်ကိုကိုယ် အားမရခဲ့တာကို ဖြေသိမ့်လိုက်ရသည်။ ဘဝရဲ့ ပြီးပြည့်စုံခြင်းကို ကျွန်မ ဆန်းစစ်နေမိသည်။

* * *

'မမက စာရေးတယ် ဟုတ်လား၊ စာရေးဆရာမကြီးပေါ့၊ ညီမလေးဖြင့် သိတောင် မသိဘူး၊ တစ်နေ့ကမှ မမ သူငယ်ချင်း ဈေးလာဝယ်လို့ ပြောမှ သိရတာ၊ မမ ဘာတွေ ရေးလဲ၊ ညီမလေးလဲ ဖတ်ကြည့်ဦးမယ်'

ထုံးစံအတိုင်း ညီမလေးက အိမ်ကို ဝါကျွတ် လာကန်တော့ရင်း ဟောဟောဒိုင်းဒိုင်း ပြောနေပါသည်။ ညီမလေးတို့က ကားကို တစ်နှစ် တစ်စီး လဲစီးသည်။ ပိုပြီးတော့လည်း လှလာသည်။ သူ့ခင်ပွန်းကလည်း ပိုဝ ပိုခန့် နေသည်။

'မမက ခုမှ တစ်ပုဒ်စ နှစ်ပုဒ်စ စမ်းရေးတာပါကွယ်၊ နာမည် မကြီး သေးပါဘူး'

ကျွန်မကတော့ ခုတလောမှ စိတ်ကူးယဉ် အိပ်မက်လေးတွေကို အကောင်အထည်ဖော်နေမိသည်။ ရင့်ကျက်လာသည့် ကာလမှ စာရေးမည်ဟု ကျွန်မ ရည်ရွယ်ခဲ့သည့်အတိုင်း ဝတ္ထုတိုလေးတွေ စရေးဖြစ်သည်။ ယခုမှ အောင်မြင်မှု လမ်းစလေးက ရေးတေးတေး။

'မမကလဲ ဒီအရွယ်ကျမှ စာရေးပြီး ခုမှ အတိုလေး နှစ်ပုဒ်သုံးပုဒ် ဆိုတော့ ဘာလုပ်ရမှာလဲ၊ လုပ်မနေစမ်းပါနဲ့ မမရယ်၊ လုံးချင်း ထုတ်လိုက်စမ်းပါ၊ ညီမလေးတို့တောင် ခု ရုပ်ရှင်က မဟန်လို့ ထုတ်ဝေရေး လုပ်မလို့၊ မမစာအုပ် ညီမလေး ထုတ်ပေးရမလား'

'မမက စာအုပ်ထုတ်လို့ရတဲ့ အဆင့် မဟုတ်သေးပါဘူးကွယ်'

'ဟာ မမကလဲ အဲဒါတွေ ခက်တာပဲ၊ ညီမလေးတောင် ထုတ်မလို့၊ နာမည်လှလှ တစ်ခု ရွေးပြီး ထုတ်ရုံပဲ၊ ကိုယ်တိုင်လဲ ရေးဖို့ မလိုပါဘူး၊ ဟုတ်တယ် မဟုတ်လားဟင် ကိုကို'

သူ့ခင်ပွန်းဘက် လှည့်ပြောတော့ ရယ်ပြီး ခေါင်းညိတ်သည်။

'သူ့ဇာက ဘာမဆို သူ လုပ်ရင် ဖြစ်မယ် ထင်နေတာခင်ဗျ'

သူက မျက်နှာပျက်သော ကျွန်မကို ကြည့်ပြီး ဖြေ၍ ပြောပါသည်။

'အို ဖြစ်ရမှာပေါ့၊ ခုချိန်ထိ သူ့ဇာ လုပ်တာ မဖြစ်တာ ဘာရှိသေးလဲ၊ ကြည့်နော်၊ စာရေးဆရာလဲဖြစ်အောင် လုပ်ဦးမယ်၊ ဒါပဲနော် မမ၊ လုံးချင်းဝတ္ထုရေးသိလား၊ ဆယ်အုပ်လောက် ရေးထားသိလား၊ တော်ကြာ ညီမလေးက မမအရင် စာရေးဆရာ ဖြစ်သွားဦးမယ် ဟင်းဟင်း'

ချစ်လှစွာသော ညီမလေး ပြန်သွားတော့ ကျွန်မ တွေဝေ ငြိမ်သက်၍ ကျန်ရစ်သည်။ အမြဲတမ်း ညီမလေးကို အထင်ကြီး အားကျခဲ့သော ကျွန်မ။ ယနေ့အဖို့တော့ ဘဝင်မကျနိုင်ပါ။ ဝတ္ထုတိုလေးတွေ ပါသော မဂ္ဂဇင်းလေး သုံးလေးအုပ်ကို ထားစရာ မရှိအောင် ဖြစ်နေသော ကျွန်မ။ ပန်းချီသရုပ်ဖော်လေးကို ကြည့်လိုက်၊ ဖတ်ပြီးသား ပုံနှိပ်စာလုံးလေးတွေကို ပြန်ဖတ်လိုက်နှင့် အသက်သုံးဆယ်ကျော်မှ ကလေးတစ်ယောက်လို ရူးနေသော ကျွန်မ။ ညီမလေးအတွက် ပြက်ရယ်ပြုစရာ ဖြစ်နေပြီလား။ ညီမလေးက ကျွန်မရဲ့ ကလောင်နာမည်လေးကိုမှ မေးသွားဖော် မရပေ။

* * *

မနေ့က သားဦးလေးရဲ့ မွေးနေ့။ ကျွန်မတို့အိမ်မှာ မုန့်ဟင်းခါးချက်ပြီး ရင်းနှီးသော မိတ်ဆွေတွေကို ကျွေးသည်။ ညီမလေးတို့ မိသားစုလည်း လာသည်။ အဲ မိသားစု ဆိုပေမယ့် သူတို့ ဇနီးမောင်နှံ နှစ်ယောက်တည်းပါ။

ညီမလေးက တန်ဖိုးကြီး မွေးနေ့လက်ဆောင်တွေ ဝယ်လာသည်။ လွန်ခဲ့သော တစ်နှစ်က ပြောခဲ့သည့်အတိုင်း ညီမလေးသည် တကယ့်ကို စာရေးဆရာမကြီး ဖြစ်၍နေပြီ။ သူဘာတွေ ရေးသလဲ ကျွန်မ မဖတ်။ ကျွန်မကတော့ ဝတ္ထုတိုလေးတွေဖြင့် နာမည်ရစပြုပြီဟု ဆိုရမည်။ လုံးချင်းထုတ်ဖို့တော့ စိတ်မကူးရဲသေး။ သို့သော် မဂ္ဂဇင်းကြီး တစ်အုပ်မှာ ဝေဖန်ရေးဆရာကြီး တစ်ဦးက အားပေး ချီးကျူးခြင်း ခံရသဖြင့် ထိုနေ့က ကျွန်မ အပျော်ဆုံးနေ့ ဖြစ်ခဲ့ရသည်။ ညီမလေးကလည်း ကျွန်မဝတ္ထု တစ်ပုဒ်တလေကိုသော်မှ စိတ်ဝင်တစား ဖတ်ရှုဟန် မတူပါ။

မုန့်ဟင်းခါးဝိုင်းမှာ ကျွန်မကျောင်းမှ မိတ်ဆွေများက ကျွန်မ ဝတ္ထုလေး တစ်ပုဒ်အကြောင်း စကားရောက်ပြီး ပြောစဉ် ညီမလေးက မုန့်ဟင်းခါးစားရင်း

မျက်စိစွေကြည့်သည်။ ကျွန်မက ညီမလေး စာရေးသည့်အကြောင်း သည်နေရာမှာ မပြောချင်။ ညီမလေး ကိုယ်တိုင်ကကော ပြောစေချင်ရဲ့လား ကျွန်မ မသိ။ ဝတ္ထုအကြောင်း ပြောပြီးတော့ မုန့်ဟင်းခါးဘက် ရောက်သွားသည်။

'စားလို့ ကောင်းတယ်ဗျာ၊ မုန့်ဟင်းခါးက တော်တော် ကောင်းတယ်၊ စားဖူးသမျှထဲမှာ အကောင်းဆုံးပဲ၊ မြှောက်ပြောတာ မဟုတ်ပါဘူး၊ တကယ်ပြောတာ၊ သိက္ခာရှိရှိနဲ့ ကောင်းတဲ့ မုန့်ဟင်းခါး'

'ပြောတော့မယ်၊ ကျောင်းဆရာပီပီ စကားတတ်တယ်၊ မုန့်ဟင်းခါးပဲ သိက္ခာရှိရတယ်လို့'

ညီမလေးက စောင်းငဲ့၍ နားထောင်နေသည်။

'ဟာ ရှိတာပေါ့ဗျာ၊ ဘယ်အရာမဆို သိက္ခာဆိုတာ ရှိတာပဲ၊ မုန့်ဟင်းခါးဆိုပေမယ့် အချိုမှုန့်တွေ အများကြီး ကူပြီး ချက်တာ၊ တချို့ဆေးသကြားတွေ ထည့်တာ၊ အဲသလို ချိုတာ ကောင်းတာ မဟုတ်ဘူး၊ စနစ်တကျ ချက်ထားမှန်း စားတာနဲ့ သိတယ်၊ အဲဒါကြောင့် သိက္ခာရှိတဲ့ မုန့်ဟင်းခါးလို့ ပြောရတာ'

ကျွန်မတို့အားလုံး ရယ်ကြရသည်။ ညီမလေးက သူ့ဝိုင်းက ထသွားသည်။

ထိုနေ့က ညီမလေး စောစော ပြန်သွားပါသည်။ နောက်တော့ ညီမလေး စာအုပ်မထုတ်တော့။ တခြား ကန်ထရိုက်အလုပ်တစ်ခု ပြောင်းလုပ်နေသည်ဟု သိရသည်။

* * *

အသက် သုံးဆယ်ကျော်မှ စာ စရေးခဲ့သော ကျွန်မသည် ယခု အသက် ငါးဆယ်ကျော်မှာ မဂ္ဂဇင်း တစ်စောင်ကို ဦးစီး၍ လုပ်ကိုင် နေရပါသည်။

ကျွန်မသည် ညီမလေးလို စီးပွားရေးမှာ အောင်မြင်သူ မဟုတ်။ သို့သော် ကျွန်မ၏ ရည်မှန်းချက်များ အောင်မြင်ခဲ့သည်ဟု ဆိုရမည်။

ကျွန်မလုပ်နေသော မဂ္ဂဇင်းလေးကို အောင်လည်း အောင်မြင်စေချင်ပါသည်။

ပြီးတော့ သိက္ခာလည်း ရှိစေချင်ပါသည်။

**(စံပယ်ဖြူ။ ။မတ်လ၊ ၁၉၉၀)**

လွှမ်းစာခွေ


## “မိုးမိုး(အင်းလျား) မွေးနေ့နှစ်ပတ်လည် အမှတ်တရ” ခင်ဆွေဦး

အောက်တိုဘာ ၂၄ရက်နေ့. . .

ကုလသမဂ္ဂ ဖြစ်ပေါ်တည်ရှိလာတဲ့နေ့နဲ့ မိုးမိုး(အင်းလျား)မွေးနေ့ တစ်နေ့တည်း တိုက်ဆိုင်လာမှုဟာ အင်မတန်ထူးခြားပါတယ်။ လူသားတွေ အတွက် စစ်မက်မပေါ်ပေါက်ရေးနဲ့ ငြိမ်းချမ်းရေးကို ဆောင်ရွက်ခဲ့တဲ့ ကုလသမဂ္ဂလို မိုးမိုး(အင်းလျား)ဟာလဲ မြန်မာပြည်သူတွေရဲ့ ကောင်းကျိုးချမ်းသာကို နောက်ဆုံးထွက်သက်အထိ ဆောက်ရွက်ခဲ့ပါတယ်။ သူ. . . ကျွန်မတို့ စာဖတ်သူတွေအတွက် စာပေဖန်တီးမှုတွေ ထားခဲ့တယ်။ စာဖတ်သူတွေရဲ့ ရင်ထဲမှာ မိုးမိုးစာတွေ ရှိနေတယ်။ မိုးမိုး(အင်းလျား)လဲ ရှိတယ်။ သူစာတွေနဲ့အတူ သူ့ကို အမြဲတမ်း သတိရနေကြမှာပါ။ မညှိုးပန်းတစ်ပွင့်လို သူရဲ့စိတ်ဝိညာဉ်ဟာ ထာဝရ ရှင်သန်နေဆဲပါပဲ။

မိုးမိုးကချစ်ပြီး မိုးမိုးကိုချစ်တဲ့

(မမဦး)



စံပယ်ဖြူ
အမျိုးသမီးမဂ္ဂဇင်း
ဝိုးဝိုးခင်လေးလှ
(၁၉၄၄-၁၉၉၈)

## ဝမ်းနည်းမှတ်တမ်း

မိုးမိုး(အင်းလျား)

**(၁၉၄၄-၁၉၉၀)**

သူမကို ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်တွင် အဖ ဦးထွန်း၊ အမိ ဒေါ်မြရှင်တို့မှ ၁၉၄၄ခုနှစ်၊ အောက်တိုဘာလ (၂၄)ရက် အင်္ဂါနေ့၌ ဖွားမြင်ခဲ့သည်။ အမည်ရင်းမှာ ဒေါ်စန်းစန်း ဖြစ်သည်။

ဒိုက်ဦးမြို့ အစိုးရ အထက်တန်းကျောင်းတွင် (၇)တန်း ကျောင်းသူဘဝမှ စတင်၍ ကဗျာကို မွေ့လျော်ခဲ့သည်။ ၁၉၆၅ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်တွင် ပညာသင်ကြားရင်း သူမနေထိုင်ရာ အဆောင်အမည်ကို အစွဲပြု၍ မိုးမိုး(အင်းလျား)ဟူသော ကလောင်အမည်ဖြင့် ကဗျာ၊ ဝတ္ထုနှင့် ဆောင်းပါးများကို စတင်ရေးသားခဲ့သည်။

သူမ၏ ပထမဆုံး ပုံနှိပ်ခဲ့သော ဝတ္ထုတိုမှာ ၁၉၇၂ခု၊ စက်တင်ဘာလထုတ် ငွေတာရီ မဂ္ဂဇင်းပါ **"အိမ်နီးချင်း"**ဖြစ်ပြီး မကွယ်လွန်မီ အထိ နောက်ဆုံးရေးသား ဖော်ပြခဲ့သော ဝတ္ထုတိုမှာ ၁၉၉၀ပြည့်နှစ် မတ်လထုတ် စံပယ်ဖြူမဂ္ဂဇင်းပါ **"သိက္ခာရှိတဲ့ မုန့်ဟင်းခါး"** ဖြစ်ပါသည်။

သူမ၏ ပထမဆုံးသော လုံးချင်းဝတ္ထုရှည်မှာ ၁၉၇၄ခုနှစ်တွင် အမျိုးသားစာပေဆု ရရှိခဲ့သည့် **"ပျောက်သောလမ်းမှာ စမ်းတဝါး"** ဖြစ်ပြီး နောက်ဆုံးထုတ်ဝေခဲ့သည့် လုံးချင်း ဝတ္ထုရှည်မှာ ၁၉၈၇ခုနှစ် ဧပြီလ၌ ထုတ်ဝေသည့် **"ခံတက်နုလေးတွေ ညှိုးချိန်တန်တော့"** စာအုပ် ဖြစ်ပါသည်။

သူမသည် ၁၉၇၄ခုနှစ်မှ ၁၉၈၇ခုနှစ်အထိ လုံးချင်း၊ ဝတ္ထု အတို၊ အရှည်ပေါင်း (၂၉)အုပ်တိတိ ရေးသားထုတ်ဝေခဲ့ပြီး အမျိုးသားစာပေဆုကို (၄)ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့ပါသည်။

ခေတ်ပြိုင်ခံစားမှု ဘဝသရုပ်ကို ဖွဲ့ဆိုခဲ့သည့် သူမ၏ အနုပညာလက်ရာများမှာ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများဖြစ်သော ရုရှားနှင့်ဂျပန်တို့ အထိ စိမ့်ဝင်ထိုးဖောက် နိုင်ခဲ့ပါသည်။

သူမသည် စာဖတ်ပရိသတ်နှင့် မြန်မာစာပေလောကကို ဝတ္ထုဟူသော အနုပညာဖြင့် အလုပ်အကျွေးပြုရုံမျှ အားမရသေးဘဲ စနစ်ရှိသော၊ တိကျသေချာသော၊ လမ်းညွှန်မှုဖြောင့်မှန်သော တာဝန်ခံစာတည်းဘဝဖြင့် စံပယ်ဖြူမဂ္ဂဇင်းကို သံယောဇဉ်ငြိတွယ်စွာ စိတ်အင်အားထက်သန်စွာဖြင့် ၁၉၈၉ခုနှစ်၊ ဩဂုတ်လမှ မကွယ်လွန်မီ နောက်ဆုံးနေ့ (၁၂-၃-၉၀)အထိ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိုကျေးဇူးတရားများကို အောက်မေ့တသစွာဖြင့် (၁၃-၃-၉၀)နေ့ နံနက် ၇း၀၀နာရီတွင် ကွယ်လွန် အနိစ္စရောက်ခဲ့သော. . .

စာရေးဆရာ. . .

တာဝန်ခံစာတည်း. . .

မိုးမိုး(အင်းလျား)အား စံပယ်ဖြူမဂ္ဂဇင်း စာတည်းအဖွဲ့မှ အစားထိုး မရသော ဆုံးရှုံးမှုမျိုးဖြင့် ဝမ်းနည်းကြေကွဲမိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မိုးမိုး(အင်းလျား). . .

ကောင်းရာ သုဂတိဘုံသို့ လားပါစေသတည်း။

စာတည်းအဖွဲ့

စံပယ်ဖြူ မဂ္ဂဇင်း

မိုးမိုးဟာ စာရေးသက် ၁၈ နှစ်အတွင်းမှ ဝတ္ထုတို ဝတ္ထုရှည် အပုဒ် ၁၀၀ကျော် လုံးချင်းဝတ္ထု ၂၂ ပုဒ်နဲ့ ဆောင်းပါးပုဒ်ရေ ၆၀ နီးပါး ရေးသွားခဲ့တယ်။

အမျိုးသားစာပေဆုကို လေးကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့တယ်။

သူ့စာကလေးတွေကို အမြဲတမ်း စောင့်ဖတ်လာကြတဲ့ စာဖတ်ပရိသတ်အဖို့ ကလောင်ကလေးက ရေးသက်ရလာတာနဲ့အမျှ အတွေ့အကြုံတွေ ရလာတာနဲ့အမျှ အသက်ကလေးက စကားပြောလာတာနဲ့အမျှ ရင့်ကျက်လာတယ်ဆိုတာကို သတိထားမိကြတာချည်းပါပဲ။

ဒါကြောင့် ကျွန်မသမီးကြီးနဲ့မှ ရွယ်တူလောက်ရှိသေးတဲ့ မိန်းကလေးကို 'မိုးမိုးရယ် အကြွေစောလို့ အမေနှမျောလှတယ်။ ငါ့သမီးဟာ တို့ခေတ်မြန်မာစာပေသရဖူရဲ့ စိန်တစ်ပွင့်ပါကွယ်'လို့ သူဆုံးတဲ့နေ့က ရေးမိတဲ့ စာတိုကလေးထဲမှာ ထည့်ရေးမိတယ်။

မိုးမိုးရေ. . . ခေတ်တစ်ခေတ်ကို ထင်ဟပ်ပြနေမယ့် မင့်စာကလေးတွေ အဓွန့်ရှည်လို့ တည်နေမှာပါကွယ်။

ငါ့သမီး ဖြစ်လေရာဘဝမှာ ကိုယ်စိတ်ချမ်းသာမြဲပြီး သတ္တဝါတွေ အကျိုးကို ဆထက်ထမ်းပိုး သယ်ပိုးနိုင်ပါစေ။

**လူထုဒေါ်အမာ**

သူမကို ခမ်းနားကြီးကျယ်စွာ ကောက်ချက် ဆွဲကြည့်ရလျှင် အမျိုးသားစာပေ၏ သမိုင်းပေးတာဝန်ကို သူ့အရွယ်၊ သူ့အသိ၊ သူ့အဘိဓမ္မာဖြင့် တက်ကြွထက်သန်စွာ သယ်ယူထမ်းဆောင်နေခြင်းဖြစ်သည်ဟု ဆိုကြရပါမည်။

သူမ၏တစ်သက်တာ ဘဝခရီးမှ အနုပညာတန်ဖိုးကို မည်သည့် "စံ"၊ မည်သည့် မှတ်ကျောက်နှင့် အကဲဖြတ်သင့်ပါသနည်း။

ကောက်ကာငင်ကာ စဉ်းစား၍ရသည်မှာ. . .

ပြည်သူချစ်သော စာရေးဆရာ၊ အယ်ဒီတာ၊ အဘိဓမ္မာပညာရှင် ဆရာဗန်းမော်တင်အောင် ကွယ်လွန်ခဲ့စဉ်က သူ၏အုတ်ဂူတွင် ရေးထိုးထားသောအဆိုအမိန့်တစ်ရပ်ကို အမှတ်ထင်ထင်ဖြစ်မိပါသည်။ ထိုအဆိုအမိန့်မှာ. . .

**"လူတစ်ယောက်ရဲ့ တန်ဖိုးဟာ သူဖြတ်သန်း ကျော်လွှားနေတဲ့ ခေတ်ကြီးက သူ့ပခုံးပေါ် တင်ပေးလိုက်တဲ့ သမိုင်းတာဝန်ကို သူဘယ်လောက် သယ်ပိုး ထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်နဲ့ တိုင်းတာရမှာပဲ. . . "**

ဟူ၍ ဖြစ်ပါသည်။

ထိုမှတ်ကျောက်ဖြင့် မိုးမိုး(အင်းလျား)၏ အနုပညာ ဘဝတန်ဖိုးကို ချိန်ထိုးလေ့လာ ကြည့်ပါလျှင်. . .

သူမသည်. . .

**လေ့လာသူတစ်ဦး**

မိုးမိုး(အင်းလျား)ရဲ့ စာပေအယူအဆက ဒီလိုပါ. . .

စာ စရေးတုန်းကတော့ ကိုယ့်အနီးပတ်ဝန်းကျင်ဆိုရရင် ကိုယ့်အကြောင်း၊ ကိုယ့်ဆွေမျိုးတွေအကြောင်းကိုပဲ ရေးဖြစ်ခဲ့တယ်ဆိုပါတော့။

ဒါပေမယ့် စာရေးခြင်းနဲ့ အရှည်သဖြင့် ရပ်တည်တော့မယ်လို့ ဆုံးဖြတ်လိုက်တဲ့အခါကျတော့ ဒီလိုကျဉ်းမြောင်းတဲ့ မိမိပတ်ဝန်းကျင် ကွက်ကွက်ကလေးကိုပဲ ရေးနေလို့မဖြစ်တော့ဘူး။ နာမည်လေးမှန်မှန်ပါရုံ၊ ငွေစလေးရရုံကလွဲလို့ အခြား ဘာအဓိပ္ပာယ်များ ရှိပါသလဲ။

ဒီလို အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို လက်ညောင်းခံပြီး လုပ်မလား၊ ဒါမှမဟုတ် အဓိပ္ပာယ်ရှိရှိ၊ အကျိုးရှိရှိ ရပ်တည်ဖို့ ဘယ်လိုလုပ်မလဲ စဉ်းစားလာမိတယ်။

စာဆက်ရေးရမယ်၊ ကြိုးစားပြီးရေးရမယ်၊ ကျဉ်းမြောင်းသေးသိမ်တဲ့ အကြောင်းတွေကို ဖယ်ထုတ်ပစ်ရမယ်။ ပုဂ္ဂလိက ခံစားချက်တွေ မေ့ပစ်ရမယ်။

ကိုယ်နဲ့အတူ ရပ်တည်နေတဲ့ သာမန်ပြည်သူများရာစုရဲ့ ခံစားချက်တွေ၊ အဖြစ်အပျက်တွေ၊ နာကျင်မှုတွေကို လေ့လာဖော်ထုတ်ရမယ်၊ ရေးဖွဲ့တင်ပြရမယ်။

ဒီလိုပဲ ဆုံးဖြတ်လိုက်မိပါတယ်။

【မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုများ ၁၊ အမှာစာ (ကျောဖုံး)မှ】

မောင်သွေးသစ်ဟာ မိုးမိုး(အင်းလျား) ကွယ်လွန်တဲ့နေ့မှာ အမှတ်တရ ကဗျာတစ်ပုဒ် ရေးပါတယ်။ အဲ့ဒီအထဲမှာ 'အနိုင်နဲ့ပိုင်း'သွားတယ်လို့ ပါရှိပါတယ်။

'ရသမျှလေးနဲ့
ဈေးမဆစ်စတမ်း
အနိုင်ပိုင်းသွားတဲ့ သူမရယ်
ဘယ်သူအစားထိုးပါမလဲကွယ်'
လို့ ဖွဲ့ပါတယ်။

'အနိုင်နဲ့ပိုင်း'သွားတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် သူ ဆက်ရှင်နေသေးရင်လဲ 'အရှုံး' တွေ့ရမယ်လို့ မှန်းဆနိုင်ဖွယ် မရှိပါဘူး။ သူပြောသလို သာမန်ပြည်သူများရာစုရဲ့ ဘဝတွေကို ပိုမိုပြီး ကြိုးပမ်းအားထုတ် လေ့လာသွားမယ်၊ ကမ္ဘာ့စာပေများကိုလဲ ဒါထက် ပိုမိုထိတွေ့သွားမယ်ဆိုရင် ဒီထက်အောင်မြင်ဦးမှာပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် သူဟာ မြန်မာစာပေလောကမှာဖြင့် တောက်ပတဲ့ ကြယ်တစ်ပွင့် ဖြစ်ခဲ့တယ်ဆိုတာကိုတော့ အသိအမှတ်ပြုပြီး မော်ကွန်းထိုးရမှာကတော့ အသေအချာပါပဲ။

**ဝေဖန်ရေးဆရာတစ်ဦး**

ဒီလို မြို့နဲ့တောကို ခြားနားနိုင်းယှဉ်မှုမျိုးဟာ စာရေးဆရာမ မိုးမိုး (အင်းလျား)ရဲ့ ဒီ့ပြင်စာအုပ်ထဲမှာလည်း ခဏခဏ တွေ့ရပါတယ်။ စာရေးဆရာရဲ့ ရှုထောင့်က ဆန်းစစ်ကြည့်ယင် ဆရာမအနေနဲ့ အရေးကြီးတဲ့ ဇာတ်လမ်းဇာတ်ကွက်ရယ်၊ ဦးတည်ချက်ရယ် ဖြစ်နေတာကို တွေ့ရပါတယ်။ ခြုံပြီးပြောရယင် ဆရာမဝတ္ထုထဲမှာ မြို့ကိုရေးယင်းနဲ့ တချို့လူကတောကို သတိရတဲ့အကြောင်းပါတတ်ပါတယ်။ ဒါပေမဲ့ အဲဒီတောမှာ နေရတဲ့အခါ တွေ့နိုင်တဲ့ အခက်အခဲ၊ ဆင်းရဲမှုတွေကို ရေးထားတာ မဟုတ်ပါဘူး၊ တောကို Ideal place လိုလိုရေးထားပါတယ်။ တောကိုရေးယင်းနဲ့ မြို့မှာနေရတဲ့ ဆင်းရဲဒုက္ခကို ပိုမို ထင်ထင်ရှားရှား ပေါ်ထွက်လာတဲ့အတွက် စာရေးဆရာမအနေနဲ့ မြို့ဘဝကိုပိုပြီး သရုပ်ဖော်ထားတယ်လို့ ပြောလို့ရပါတယ်။ ဒီမှာတင် ပြထားတာက ဝတ္ထုထဲမှာ တွေ့ရတဲ့ မြို့ပြအာရုံခံစားမှု ဖြစ်ပါတယ်။

မြို့ဘဝရဲ့ တောက်ပပျော်ရွှင်မှု၊ ခေတ်ရေစီးကြောင်းကိုလိုက်ပြီးသွားတဲ့အကြောင်း၊ အဆန်းအသစ်ကို လိုက်ရှာတဲ့အကြောင်း၊ လူအချင်းချင်း ဂုဏ်ပြိုင်ကြတဲ့အကြောင်း၊ လောကဟာ အရင်တုန်းကလို၊ သို့မဟုတ်ယင် တောမှာနေသလို ရိုးရိုးသားသားမရှိတော့ပဲနဲ့ ရှုပ်ရှက်ခတ်သွားတဲ့အကြောင်း။

ကောင်းတာရော မကောင်းတာပါ မြို့မှာနေလို့ ခံစားရတဲ့ ခံစားချက်ကို သရုပ်ဖော်ထားတာကို တွေ့ရပါတယ်။

ဒီပြင်နိုင်ငံမှာရှိတဲ့ မြို့ပြဝတ္ထုထဲမှာလည်း ဒီလိုခံစားချက်ကို တွေ့ရပါတယ်။ မြို့မှာရှိတဲ့ ပြောင်းလဲခြင်း၊ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်ပြိုင်ခြင်း၊ အသစ်က တစ်ခုစီတစ်ခုစီ ပေါ်လာခြင်း၊ အဆောင်အယောင် ခမ်းနားခြင်း၊ တမင်လုပ်ယူရတဲ့ ပျော်ရွှင်မှု (Artificial Pleasure) (အပိုဇိမ်ခံ ပျော်ရွှင်မှု)များ ရှိခြင်း စသည်ကိုလည်း တွေ့ရပါတယ်။

ဒါမျိုးကိုပိုပြီးတော့ တိတိကျကျသုတေသနလုပ်မယ်ဆိုယင် အရင်ဆုံး လုပ်ရတာက ဒီဝတ္ထုထဲမှာ ဖော်သွားတဲ့ မြို့ရဲ့လက္ခဏာဟာ တကယ်ရှိတဲ့မြို့နဲ့ ဘယ်လိုဆက်စပ်သလဲဆိုတာမျိုး ဖြစ်ပါတယ်။ အမှန်ကတော့ ဒီမြို့ဆိုတဲ့

Concept ဟာစာပေဘက်မှာဝင်သလို လူမှုရေးသိပ္ပံ၊ မနုဿဗေဒ စသည်ဖြင့် ပညာရပ်တွေထဲမှာ ယနေ့အရေးကြီးလာတဲ့ Concept တစ်ခုဖြစ်ပါတယ်။ သူတို့ဟာ တကယ့်လောကကို ဒီပညာနဲ့ လေ့လာနေတယ်လို့ ပြောလို့ရပါတယ်။ ဒါကြောင့် ဝတ္ထုထဲမှာတွေ့တဲ့ လက္ခဏာများကို လူမှုရေးသိပ္ပံ၊ မနုဿဗေဒနဲ့ သမိုင်း (Sociology, Anthropology, History) ဘက်က စာတမ်းများနဲ့ နှိုင်းယှဉ်ကြည့်ယင် ပိုမို ကျယ်ပြန့်လာနိုင်စရာ အကြောင်းရှိတယ်လို့ ထင်မိပါတယ်။

**မစန္ဒာဝင်း**

မိုးမိုးရဲ့ ဖြတ်သန်းလာတဲ့ ခရောင်းတောမှာ သူ့ဘဝကို အောင်နိုင်သူအဖြစ် တို့များ အသိအမှတ်ပြုကြတယ်။ ဘဝတိုက်ပွဲ အောင်ပွဲရဖို့အတွက် နှလုံးသားမှာ ဒဏ်ရာ အထပ်ထပ်ရရှိပြီး ပေးဆပ်ခဲ့ရတာကိုတော့ သတိပြုမိချင်မှ ပြုမိကြမယ်။

ခရောင်းတောရဲ့ အတွေ့အကြုံတွေဟာ သူ့နှလုံးသားကို ထိခိုက်ဒဏ်ရာရစေတာနှင့်အမျှ သူ့ဘဝကိုလဲ ပိုမိုရင့်ကျက်စေတယ်။ သူ့နှလုံးသားက ပွင့်အန်လာတဲ့ စာပေမှာ ဖြတ်သန်းလာခဲ့ရတဲ့ ခရောင်းတောအကြောင်းလဲ ပါတယ်။

တို့များ အမျိုးသမီးတွေရဲ့ မိခင်မေတ္တာနဲ့ တို့များ ယူထားရတဲ့နေရာတွေ အကြောင်းကိုလဲ သူဟာ ကိုယ်တွေ့တိုက်ပွဲဝင်သူအနေနဲ့ မွမ်းမံရေးခြယ်ခဲ့တာပါပဲ။

ဒါပေမဲ့လဲလေ နှလုံးသားဒဏ်ရာဆိုတာ အမျိုးမျိုး ကုသလို့ကျက်ခဲ့တယ်ဆိုပေမယ့် အပေါ်ယံကကျက်ခဲ့သော်လည်း အတွင်းကို လှိုက်စားခဲ့တယ်ထင်ပါရဲ့။

'နှလုံးကွဲ၍ သေပွဲဝင်ရလေသတည်း'လို့ ဆိုရမယ်။ သူဟာ တာဝန်ထမ်းဆောင်ရင်း တိုက်ပွဲမှာ ကျဆုံးရှာတဲ့ သူတစ်ယောက်။ ဒီတော့လဲ ခင်ဆွေဦးကို ပြောချင်တာက မစုရဲ့ ချစ်သူ အစ်ကိုကြီး ပြောသလိုပဲ။

'တို့တပ်မတော်မှာ တစ်ယောက်ကျဆုံးသွားလို့ အလုပ်မဖြစ်ဘူး၊ မရှိရဘူး တိုက်ပွဲမှာ တွေ့ကြုံရတဲ့ အခြေအနေနဲ့ ကိုက်ညီ ဝင်ဆန့်အောင် တို့ရဲ့ စစ်ဆင်ရေးကို ပြောင်းဆိုသင့် ပြောင်းလဲနိုင်အောင် အဆင်သင့် ဖြစ်ရတယ်။ Mobile ဖြစ်ရမယ့် Flexible ဖြစ်ရမယ်ဆိုတဲ့ သူ့စကားအတိုင်းပဲ။

အခုလဲ မိုးမိုးမရှိတော့ဘူး။ ဒါပေမဲ့ သူ့လုပ်အားကို ရိုသေသောအားဖြင့် သူ့ကို သစ္စာစောင့်သိပြီး ပေးလာတဲ့ အခြေအနေကို လေ့လာသုံးသပ်ရင်း တို့များ စာပေတာဝန်ကို ဆက်လက် ကြိုးပမ်းဆောင်ရွက်ရမှာပေါ့။

ဒုတိယကတော့ သေမင်းဆိုတဲ့ ဘုံရန်သူကို တို့များ စည်းစည်းလုံးလုံးနဲ့ တိုက်ဖို့လိုတယ်။ သူ့မှာက အရွယ်မရွေး၊ အချိန်မရွေး သတ္တဝါတွေကို ခေါ်ယူနိုင်တဲ့ အာဏာ ရှိပေတာကိုး။ မခိုးမခန့် ရယ်ကြဲကြဲလုပ်နေတဲ့ သူ့ပါးစပ်ထဲကသွားတွေမှာ သတ္တဝါတွေရဲ့ သွေးဟာပေကျံနေတာပါပဲ။ သိသိကြီးနဲ့ ခံနေရတာကိုက မခံချိမခံသာပါဘဲ။

သံသရာလမ်းမှာ တို့များသွားနေရသ၍ကတော့ သူ့စက်ကွင်းက မလွတ်နိုင်ဘူးလေ။ ရဲရဲဝံ့ဝံ့ သူ့ကို ရင်ဆိုင်နိုင်ဖို့ကတော့ အချိန်ရသ၍ ဝိပဿနာတရားကို အားထုတ်ဖို့ လိုတယ်။

ညီမလေးတွေအနေနဲ့ ခင်ဆွေဦးကို တရားအားထုတ်ဖို့ မစု တိုက်တွန်းခဲ့ပေမယ့် မိုးမိုးအပေါ်မှာတော့ အချိန်တွေရှိပါသေးတယ်လို့ ဖြည်းဖြည်းတော့ တိုက်တွန်းမယ်လို့ မစု အချိန်ဆွဲခဲ့မိတာ မစု၏အမှားပဲ။

မစုလည်း လားရှိုးက ရန်အောင်မြင်ဘုရားမှာ တရားထိုင်ပြီး မိုးမိုးကို အမျှဝေပါတယ်။ ခင်ဆွေဦးလည်း ဘုရားဖူးခဲ့တဲ့ ကုသိုလ်နဲ့တရားအားထုတ်တဲ့ ကုသိုလ်ကို မိုးမိုးကို အမျှဝေပေတော့။

သံသရာခရီးလမ်းမှာ သူ ဖြတ်သန်းသွားရင်း နှလုံးသားဒဏ်ရာကို ကုသနိုင်တဲ့ သစ္စာလေးပါးတရားကို သူ ရှာဖွေတွေ့ရှိမှာပါ။

အဲဒီအခါမှာတော့ မိုးမိုးတစ်ယောက် အမြဲစိမ်းလန်းတဲ့ တောအုပ်ညိုမှာ အေးမြစွာ ခိုလှုံနိုင်မယ်ဆိုတာ မစု ယုံကြည်တယ်။

ချမ်းမြေ့ရွှင်လန်းပါစေ. . .

**ခင်နှင်းယု**
**၁-၄-၉၀**
**ခေတ္တလားရှိုး**

သို့သော် မမိုးဝတ္ထုထဲကလိုပင် မမိုးသည် ကွယ်လွယ်ချိန်အထိ မတော်မတရား စီးပွားရှာသူ မဟုတ်ခဲ့။ ရေစုံမျှောလိုက်သူ မဟုတ်ခဲ့။ ဘဝတူချင်း ဖိနှိပ်ခဲ့သူ မဟုတ်ခဲ့။ သစ္စာမဲ့သူမဟုတ်ခဲ့။ သူတစ်ပါး၏ ချွေးနည်းစာဖြင့် ကြီးပွား ချမ်းသာသူမဟုတ်ခဲ့။ ထို့အတွက် ကျွန်တော်တို့သည် ကျေနပ်နှစ်သိမ့်ခြင်း ဖြစ်ရပါသည်။

**ဟိန်းလတ်**